www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကိုဗိုက်

## ဓားမိုးထောင် ငါးမိုးထောင်
## သူငယ်ချင်းတော် မြစ်ဆိုက်သေး

(ပထမအကြိမ်)

စီစဉ်သူ - အတီး

ဖြန့်ချိရေး - နဂါးပျံစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကိုပိုက် ရ၉၅ . ၈၃

မာဖိုးထောင် ငါးမိုးထောင် သူငယ်ချင်းတောင်ဖြစ်လိုက်သေး /

ကိုပိုက် ။ – ရန်ကုန်။

လာဘ်မိုးရွှေစာပေ ၊ ၂၀၁၀ ။

စာမျက်နှာ ၁ မှ ၂၀၇ အထိ ၊ ၁၂ . ၅ X ၁၈ . ၂ စင်တီ။

(၁) မာဖိုးထောင် ငါးမိုးထောင် သူငယ်ချင်းတောင်ဖြစ်လိုက်သေး

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆ ၂၈၀၇၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၆၆၀၆၁၀

ပထမအကြိမ်

၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ

အုပ်ရေ - ၅၀၀ - တန်ဖိုး - ၂၀၀ ကျပ်

မျက်နှာဖုံးယန်းဆို - ရန်နိုင်ဦး

မျက်နှာဖုံးဂရပ်ဖစ် - ယမုံမိုး

ကွန်ပျူတာစာစီ - Five Star II

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး (မြ-၀၄၁၀)

(လာဘ်မိုးရွှေစာပေ)

အမှတ်(၂၀၅-က)၊ ပီတောက်(၅)လမ်း၊

မြို့သစ် (ဂ)၊ ဘုရင့်နောင်ရိပ်သာ

အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဦးဝင်းဌေး

ဝင်းထွန်းပုံနှိပ်တိုက်(မြ-၀၄၈၃၉)


အမှတ် (၃၇)၊ ရေကျော်လမ်းမကြီး၊

ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ် - ဦးကျော်ရင် (၀၅၄၁၇)(ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ အလုံမြို့နယ်၊

ရန်ကုန်မြို့။



မွေးမေ၊ မွေးဖေ၊

ဦးရသေ့၊

ကြီးတော့.....

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား

ဤစာအုပ်ဖြင့် ဂါရဝပြုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# မြီးဖိုးထောင်၊ ငါးဖိုးထောင်

## သူငယ်ချင်းတော် ဖြစ်လိုက်သေး

ညနေစောင်းလေပြီ၊ "သူ" သည်လိုချည်း လျှောက်ပြေးနေလို့ မဖြစ်ချေပြီ၊ တစ်နေကုန် မည်သည့်အစာမျှလည်း သူ့ဝမ်းဗိုက်တွင်း ရောက်သေးသည် မရှိချေ။ သူ့တွက် ဆာလောင်မှုကို ဖြေသိမ့်ဖို့ထက် အသက်ရှင် ဆက်လက်ရပ်တည်နိုင်ရေးက အဓိက ကျနေလေပြီ မဟုတ်ပါကလား။

သူ့အသက်ကို နှုတ်ယူမည့်သူ သူ့နောက်ပါးတွင် ကပ်လျက်ပါလာချေပြီ ဖြစ်၏။ သို့ကြောင့် အတတ်နိုင်ဆုံး မျက်ခြည်ပြတ်ခဲ့ရ၏။ သူ တောင်ကုန်းစောင်းလေးပေါ် အားယူတက်လိုက်၏။ နောက်ဘက် တောင်ကြောလေးသို့ သူမျှင်လည်ပြန် ငဲ့ကြည့်လိုက်၏။

ချုံပုတ်နွယ်သစ်ပင်တို့ ငြိမ်သက်လျက် ရှိချေ၏။ သူ့ရန်သူ မျက်ခြည်ပြတ်သွားလေပြီပဲ။ သို့ဆိုတော့ သူနားရပေဦးမည်။ သို့ဖြစ်ကြာကြာနား၍တော့ ရလိမ့်မည်မထင်၊ ပြေးရင်းလွှားရင်း ရလိုက်သည့် တောင်လိပ်ကောင်ကိုပင် အသားဖျက်၍ မီးကင်စားရပေမည်။ ပြီးလျှင်



အခြေအနေကြည့်ကာ သူ့တွက် လုံခြုံမှုရှိမည့် ညအိပ်နေရာကို ရှာရမည်။ ဝေးဝေးလံလံတော့ဖြင့် မဟုတ်၊ သည့်တောင်ကြောလေး ပေါ် စတက်လာကတည်းက သူမြင်လိုက် သတိမှတ်ပြီး ဖြစ်ချေတော့၏။ ခပ်လှမ်းလှမ်းတွင် အမျိုးအမည်မသိသော သစ်ပင်ကြီးတစ်ပင် ရှိချေ၏၊ အကိုင်းအခက်တို့ ဝေဝေဖြာဖြာ ထွက်နေလေ၏။ သူ ထို အကိုင်းအခက်အလက်တို့ပေါ်တွင် ယာယီလင့်စင်ထိုး၍ အိပ်ရပေတော့မည်။

သို့လည်း မမှောင်ခင်လုပ်လေမှ၊ မမှောင်ခင်ဆိုတော့ကာ အာဟာရ အရင်ဖြည့်လေမှ၊ သို့ဖြစ်၍ သူသည် တောင်လိပ်ကောင်ကို ဆောင်ဓားဖြင့် ခုတ်ဖြတ် ဖောက်ခွဲထုတ်လိုက်၏။ ပြီး တံစို့ထိုးလိုက်ပြီးလျှင် နံဘေးတွင် ထားလိုက်၏။ အနီးရှိ ထင်းခြောက်ကိုင်းတို့ကို စုစည်း၍ ဂက်စ်မီးခြစ်ဖြင့် မီးရှို့လိုက်သည်နှင့် မကြာမီ မီးနီးများ အူလိုက်ကာ မီးတောက်ဖြစ်လာသည်နှင့် တံစို့ထိုးပြီး လိပ်ကောင် သားကို ထင်းမီးပုံ တစ်ဖက်တစ်ချက်တွင် ငွဆောက်ထောင်၍ ကန့်လန့်ဖြတ်တင် မီးအပူပေး ကြပ်တိုက်မီးကင်လိုက်ချေတော့၏။

သူ ထိုနေရာလေးတွင်ထိုင်၍ အဝေးသို့ လှမ်းကဲကြည့်နေလေ၏။ ထူးခြားမှု တစ်စုံတစ်ရာကိုတော့ဖြင့် မတွေ့မိပါသေးချေ။

သူသည် မီးကင်သားကို တစ်ဖက်လှန် တစ်ဖက်လှည့် လုပ်ပေးနေ၏။

"ဂွီးလ်"

သူဆာလေပြီ ဝမ်းဗိုက်တွင်းက အစာလိုအပ်လေပြီ၊ အသံပြု လာချေ၏။ မြိန်မြိန်အသားကျက်ရန် ထင်းမီး ထပ်ထိုးထည့်လိုက်ပြန်၏။ အတန်ကြာတွင် ရနံ့မွှေး၍ ထွက်လာချေ၏။

www.burmeseclassic.com

www.burmeseclassic.com



အစာ စားရပေတော့မည်။ ရေကတော့ ခါးချိတ်ဘူးထဲ အနည်းငယ်တော့ ရှိပေသေးသည်။ သေချာရန် အဖုံးကို ဖွင့်လှပ်ခါ ကြည့်လိုက်၏။

အင်း…ရှိသေးသည်။ နှစ်ငုံစာလောက်တော့ ရှိသေးတယ် ဆိုတော့ မနက် သွားရင်းလာရင်း ရေကန်၊ ရေအိုင် တွေ့လျှင် ထည့်ရပေဦးမည်။

သို့ရှိစဉ်…

"ဝုစ်"

"ရှပ်"

"ဟာ"

မျှော်လင့်မထားသော မြားတံတစ်ချောင်းက သူ့လက်မောင်းကို လာစိုက်ဝင်ချေတော့၏။

ဘုရားရေ၊ သူ့ရန်သူ ရောက်လာပြီပဲ။

သို့ဆိုတော့ သူ ကမန်းကတန်း ထပြေးခဲ့ရချေ၏။ သစ်ခက် သစ်ကိုင်းတို့ကို ဖယ်ကာ တောတိုးပြေးခဲ့ရခြင်း ဖြစ်၏။

သူ့နောက်ထက်ကြပ်မကွာ လိုက်လာပြန်လေပြီပဲ။ သူ့တွင် လက်နက်ဆိုလို့ အရိုးအသွား (၇) လက်မခန့်သာ ရှိသည့် ဓားမြှောင် တစ်ချောင်းသာ ရှိချေ၏။ ရန်သူက အဝေးက ချောင်းမြောင်းလုပ်ကြံ လေခြင်းကြောင့် သူ့ရှောင်ပုန်းပြေးနေရခြင်းသာ ဖြစ်ပေ၏။ နီးနီး ကပ်ကပ် တွေ့လို့ကတော့ ဘယ်ရပါ့မလဲ၊ သူသေကိုယ်သေ လုပ်ရ တော့မပေါ့။

သူပြေးလို့ အတော်လှမ်းလှမ်းအရောက်တွင် ဒူးလေးကိုင် လူနှစ်ယောက် သိုမီးပုံလေးနားသို့ ရောက်လာကြချေ၏။



"တောက်"

"နာတယ်ကွာ"

"သည်ကောင့်ကို အလွတ်ပေးလို့ မဖြစ်ဘူး"

သို့ဆိုသလို နှစ်ယောက်သား ပြောဆိုနေကြ၏။ ထိုသူ၏ ခြေရာကို ရှာကြည့်နေကြ၏။ ပြီးနောက် မီးပုံနား ပြန်လာကြကာ မီးဖိုတွင် ကင်ထားသည့် ထိပ်ကောင်မီးကင်ကို ကျေနပ်ပြုံးကြည့်ကာ သူလိုက်ချေ၏။

"ငါတို့ သည်မယ် ညအိပ် စခန်းချမယ်ကွာ၊ သည်မယ် စားစရာလည်း ရှိတယ် အတော်ပဲ"

သို့ တစ်ယောက်သောသူက ပြောလေ၏။

"ငါတော့ သည်ကောင်နောက် ထက်ကြပ်မကွာ လိုက်ချင် တယ်"

တစ်ယောက်က ပြောလာပြန်၏။

"မောင်ပြီလေကွာ၊ ငါတို့ သူ့ကို မရှာဘဲ ငါတို့ပဲ သားရဲ ကောင်နဲ့ ထိပ်တိုက်တိုးမှာကွ"

သို့ဆိုတော့ တစ်ယောက် ငြိမ်ကျသွား၏။

"လာပါကွာ၊ မနက်စောစော ထသွားလည်း နောက်မကျ သေးပါဘူး"

သို့ဖြင့် သူတို့နှစ်ယောက်သည် ထိုသူကျန်ရစ်ခဲ့သော ထိပ်ကောင်မီးကင်သားကို ပူပူလောင်လောင်ပင် အငမ်းမရ စားလေကြ တော့၏။

သို့အချိန်မှာပင် ပြေးသွားလေသူသည် ချောင်းကွေး ရေအိုင် လေးတစ်ခုသို့ ရောက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အစာ ကျန်ရစ်ခဲ့လေခြင်းကြောင့် သူ့အဖို့ ရေသောက်ရုံသာ ရှိတော့၏။ ပြီး ဗိုက်မှောက် အိပ်ရပေရော့မည်။ သူတွက်ကံကောင်းသည်က ရေအိုင်သည် ရေကြည်ဖြစ်နေသောကြောင့်ပင်။

သူလက်ခုပ်ဖြင့် ခပ်ယူသောက်လိုက်၏။ တစ်ဝသောက်ပြီးသည်နှင့် မျက်နှာကို ရေပက်ဖျန်းလိုက်၏။ ကုပ်ပိုးကို ရေစွတ်ဖျန်းတဖတ်ဖတ် ရိုက်လိုက်သည်တွင် တိတ်ဆိတ်နေသည့် ဇနရာဖြစ်သည်ကြောင့် ချောင်းကမ်းပေါ်မှ သားကောင်ငယ်တစ်ကောင် ပြေးလွှားသွားသံကို ကြားလိုက်ရ၏။

သူဝမ်းပန်းတသာဖြင့် ချောင်းကမ်းပေါ် ပြေးတက်လိုက်၏။ သူ မျက်စိလျှင်လျှင်ထားကြည့်လိုက်၏။

အလိုလေးဗျာ သူ ကံကောင်းလိုက်တာ၊ မြွေတစ်ကောင် လူးလွန့်သွားနေလေခြင်း ဖြစ်၏။ ဘာမြွေရယ်လို့တော့ မသိ၊ မှောင်စပြုနေပြီကော၊ သို့ပေမင့် သူ ထိုမြွေကောင်နောက် ပြေးလိုက်သွား၏။ သည်တွင် မြွေကောင်သည် ရန်သူရောက်လာပြီ ဖြစ်သည်ကြောင့် နောက်သို့ ပြန်လှည့်လိုက်၏။ ပြီး ရုတ်ခြည်းဆိုသလို ဦးခေါင်းကို မတ်ထောင်လိုက်၏။ ပါးပျဉ်းခွက်လိုက်၏။ လာစမ်းဆိုသည့်သဘောဖြင့် သူ့ရန်သူကို စောင့်ဆိုင်းနေလိုက်၏။ "ဖူး" "ဖူး" လို့လည်း ဒေါသတကြီးဖြင့် နှာမှုတ်လိုက်ချေ၏။

သို့ပေမင့် ထိုမြွေကောင်၏ ပါးပျဉ်းခွက်တည့်တည့်သို့ ဓားမြှောင်က စူးနစ်ဝင်လာချေတော့၏။ သည်တော့ မြွေကောင် ပုံလျက် ခွေကျသွားတော့၏။

"ဟား…ဟား…ငါကို စားဘုရင်လို့ လူတွေပြောကြတာ အသားလွတ် မြှောက်ပင့်ပြောတာ မဟုတ်ဘူးဆိုတာ မင်း မသိပေဘူး



ပဲကိုးကွ"

သို့ဆိုသလို သူသည် လူစကား နားလည်သည့်တိုင် ကြားနိုင်စွမ်းမရှိတော့သည့် မြွေသေကောင်ကို ကောက်ယူလိုက်၏။ ဦးခေါင်းတွင် ထုတ်ချင်းဖောက် စူးဝင်နေသည့် သူ့ဓားမြှောင်ကို နုတ်ယူ၍ မြွေကောင်၏လည်တိုင်ကို ခုတ်ဖြတ်လိုက်ချေတော့၏။

သွားပြီ။ သည်ကောင် ဘယ်လောက်အဆိပ်ရှိရှိ ဦးခေါင်းပိုင်းဘက် အဆိပ်အိတ် ပါသွားပြီဆိုတော့ သူ ထိုမြွေကောင်ကို ဘာဖြစ်ဖြစ် စားလို့ရပြီပေါ့။

သို့ဆိုတော့ သူ မီးမှိုမီးဖုတ် မီးကင်စားလို့တော့ မဖြစ်၊ ဘယ့်တွက်မှု သူ့နောက် ရန်သူတွေ ထက်ကြပ်မကွာ လိုက်နေလေသည်ပဲ။ စောစောက သူ အေးအေးလူလူ လွတ်မြောက်လေပြီထင်ကာ လိပ်သား မီးကင်စားဖို့လုပ်နေစဉ်မှ သူ့ဆီ ရန်သူရောက်လာလေသည်ပဲ၊ သူလက်မောင်းတွင် မြှားတံတစ်ချောင်းပင် စိုက်ဝင်နေ၏။ ထိုမြှားတံကို နုတ်ရပေဦးမည်။ ပြေးရလွှားရသည်နှင့် နုနှာကျင်ကျင်နှင့်ပင် ပြေးခဲ့ရသည်ပဲ။ လတ်တလော ရေသောက်လိုက်၏။ ကံကောင်းထောက်မစွာ မြွေကောင်ကို ရလိုက်၏။ သို့ပြီး ထိုမြွေကောင်ကို သူ အရေခွံခွာ၍ အသားကို အစိမ်းသာ စားဖို့ရှိလာချေတော့၏။ ဘယ်တတ်နိုင်ပါ့မလဲလေ၊ အာဟာရအလို့ငှာ မစားမဖြစ် စားရတော့ည်။ ဆာလောင်မှုကို ပြေပျောက်ဖို့ အရေးကြီးသည် မဟုတ်ပါလား။ ဆာလောင်မှု မရှိလျှင် သူ့အိပ်လို့ ရပေမည်။ သူတွက် တစ်ညတာ တစ်ရေးအိပ်လိုက်ရခြင်းသည် တစ်အားဖြစ်နိုင်သည် မဟုတ်ပါကလား။

သူသည် မြွေကောင်ကို အရေခွာလိုက်၏။ ပြီးမြွေမွေမွှေး

www.burmeseclassic.com



ပေါ်မှ သွေးသံရဲရဲတို့ကို ဖယ်ရှားဖို့ရာ ရေအိုင်သို့သွား ရေဆေးလိုက်၏။

ပြီး မြွေကောင်သားကို အားပါးတရ ကိုက်စားလိုက်၏။

ချိုတော့ အချိုသားကလား။ သို့ပေမင့် အမျှင်တော့ဖြင့် မပြတ်ပါချေ။ အသားမျှင်တို့ တွေးပစ်လိုက်၏။ နောက်တစ်ကိုက် ကိုက်လိုက်ပြန်၏။ မြုံ့ဝါးနေလိုက်ပြန်၏။ သို့နည်းဖြင့် သူ ဝလေပြီ ဖြစ်သည်ကြောင့် လက်မောင်းတွင် စိုက်ဝင်နေသည့် မြားတံကို ဆွဲနုတ်သင့် မနုတ်သင့် စဉ်းစားလိုက်၏။

တစ်ချက်ကလေး အနာခံဆွဲနုတ်တော့ ပြဿနာမရှိလောက် ဆိုကြား သွေးထွက်လွန်လေလျှင် သူ ဒုက္ခရောက်ချေမည်။ သွေးတိတ်အောင် လုပ်ဖို့က ပတ်တီးမရှိ ဆေးမရှိ။ သည်တော့ သူ ဆုံးဖြတ်ချက်တစ်ခုချလိုက်၏။ စူးဝင်နေသော မြားတံကို ရုပ်ရှင်တွေ ထဲကလို လက်ဖြင့်ကိုင်၍ ဇက်ပိုင်းချိုး၍တော့ ရလိမ့်မည် မထင်၊ သို့ကြောင့် သစ်ပင်နား သွားလိုက်၏။ မြားတံကို သစ်ပင်နှင့် ထိကပ် လိုက်ပြီး ဓားဖြင့်ခုတ်ဖြတ်လိုက်၏။

"အား"

စူးဝင်နေသည့် မြားတံကို လှုပ်ခါသလို ဖြစ်သွားခြင်းကြောင့် လွန်မင်းစွာ နာကြင်မှုကို ခံစားလိုက်ရ၏။

သို့ပေမင့် မြားတံထက်ပိုင်းမက ပြတ်ထွက်သွား၏။

သို့ဆိုတော့ အဟုတ်သားကလား။ လတ်တလော သူသို့သာ လုပ်ရပေရော့မည်။ သူ သစ်ပင်ပေါ် ဖက်တွယ်တက်ဖို့တော့ မဖြစ်နိုင် လက်တစ်ဖက်က နာနေသည်ကိုး။ သို့ဆိုတော့ သူ ထိုသစ်ပင် အောက်တွင်သာ ကျောမှီနားနေလိုက်၏။ ဘုရားမလို့ သားရဲကောင် တွေ မတိုးပါစေနဲ့ သို့သာ သူ ဆုတောင်းရချေ၏။ သူ စိုးရိမ်ကြောက်



လန့်နေသည့်ကြားမှ အိပ်ပျော်သွားလေ၏။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည် မသိ၊ သူ အိပ်ရာမှ နိုးသည်တွင် နာကျင်မှုကို ပိုခံစားလိုက်ရ၏။ သူ မြားစူးဒဏ်ရာကြောင့် ဖြစ်ချေ၏။ သူ တစ်ခုခုလုပ်မှ ရပေရော့မည်။

"ကွစ် . . . ကွစ် . . . ကွစ် . .

ကွစ် . . . ကွစ် . . . ကွစ် . . "

သို့ရှိစဉ် ခပ်လှမ်းလှမ်း သစ်ပင်ပေါ်မှ မျောက်တစ်အုပ်သည် ဆူဆူညံညံဖြင့် ပြေးလွှားနေကြချေ၏။ သို့ဆိုတော့ ထိုနေရာတွင် မျောက်တို့ကို ဒုက္ခပေးမည့် လူသားတစ်ယောက်ယောက် ရောက်လာ၍ ဖြစ်ချိမ့်မည်။

သို့ဆိုတော့ သူ့နောက် ထက်ကြပ်မကွာ လိုက်ပါကြသည့် သူများသာ ဖြစ်ဖို့များ၏။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ သူ ထိုနေရာမှ ခွာမှဖြစ်ချေတော့မည်။

သူ ရုတ်ခြည်းထပြေးခဲ့လေ၏။ တောတိုးပြေးလွှားရလေခြင်း ဖြစ်၏။ သို့မှသည် သူ အတော်ဝေးဝေး ခရီးပေါက်ခဲ့ဟန် တူချေ၏။ သူ တောင်ကတုံးတစ်ခုပေါ်သို့ ရောက်လာ၏။

ထိုတောင်ကတုံးပေါ်မှ သူအဝေးသို့ စီးကြည့်လိုက်၏။

"ဟာ"

သူ အံ့သြသွားသလို ဝမ်းသာသွား၏။ မြေပြန့်နေရာတွင် တဲအိမ်လေးများ လေးငါးဆယ်လုံးခန့်ရှိ တဲစုလေး ဖြစ်၏။

ရွာနေပုဒ်လေး ဖြစ်ချိမ့်မည်။ သို့ဆိုတော့ သူသွားရောက် အကူအညီတောင်းရကောင်းရနိုင်၏။

သူ လာလမ်းနေရာသို့လည်း တစ်ချက်ပြန်မျှော်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ထူးခြားမှုမရှိ တိတ်ဆိတ်လို့နေ၏။

သူ့ရန်သူ သူနှင့်အတော်ကလေး မျက်ခြည်ပြတ်ခဲ့ဟန်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ သူရွာငနုပ်ဖလေးသို့ သွားရပေမည်။ အကူအညီ ရကောင်းရပေလိမ့်မည်။ လူတွေပဲလေ၊ လူသားဆန်တဲ့သူတွေ ဆို လို့က သူ အစာလည်း စားရမည်။ လက်အနာကိုလည်း ဆေးဝါးထည့် ကောင်း ထည့်ရမည်။

သို့ဆိုတော့ သူအားရဝမ်းသာဖြင့် ထိုတဲစုလေးသို့ ခပ်သွက် သွက် လျှောက်သွားလေတော့၏။

တောင်ကတုံးပေါ်မှ ကြောစွယ်လေးအတိုင်း ဆင်းသွားရာမှ မြောင်ထဲရောက် သို့မှ ချောင်းသို့ရောက်ခဲ့၏။ ချောင်းလေးအတိုင်း စုန်ဆင်းခဲ့၏။

အတန်ကြာကြာလျှောက်ပြီးသည်တွင် သူ တောင်ကတုံးပေါ် မှ မြင်လိုက်ရသော တဲစုလေးကို လှမ်းမြင်လိုက်၏။

တဲစုလေး၏ အစွန်တဲနံဘေးမှ မီးခိုးတလူလူ ထွက်နေလေ ၏။ တဲအတွင်းတွင် ယောက်ျားသံ၊ မိန်းမ၊ ကလေးသံပင်သာလျှင် မဟုတ် ခွေးဟောင်သံပင် ကြားရလေ၏။

သူ ရွာငနုပ်ဖလေးသို့ လှမ်းဝင်လိုက်သည်နှင့် အစွန်တဲတွင်ရှိ ထင်းပုံနံဘေးမှ တစ်ကိုယ်လုံး စောင်ပတ်ခြုံထားသည့် လူတစ်ဦးက စူးစမ်းလေ့လာကြည့်နေလေ၏။ ထိုသူလက်ထဲတွင်မတော့ ဓားမရှည် တစ်ချောင်း ရှိချေ၏။

သူ့ကို စိမ်းစိမ်းကြည့်နေရင်းမှ ဓားနှောင့်ကို တင်းတင်းဆုပ် ကိုင်ထားသည်ကို သူ သတိပြုမိလိုက်သည်ကြောင့်· ·

"ကျွန်တော် မျက်စိလည် လမ်းမှားလာတာပါ"



လို့ ပြောလိုက်၏။

သို့တောင်မှ ထိုသူက သင်္ကာမကင်းဟန် ကြည့်နေသေး၏။

"မှဆိုးတစ်ယောက်နဲ့ အဖော်လိုက်လာရင်း လူစုကွဲ လမ်း မှားလာတာပါ၊ သည်ရွာ လှမ်းတွေ့လိုက်တော့ အားရဝမ်းသာ ရောက် လာတာပါ"

သို့ ထပ်ပြောလိုက်ပြန်၏။

သည်တော့မှ ထိုသူသည် ခေါင်းညိတ်ပြလာ၏။ သို့ဆိုတော့ သူ ထိုသူ့အနား တိုးကပ်သွားလိုက်၏။

"အဖန်ရည် သောက်ချေဗျာ"

မီးပုံနံဘေးမှ မြေကရားအိုးမည်းမည်းကို ကြည့်ပြောလာလေ ၏၊ သူ အားရဝမ်းသာဖြင့် မြေကရားအိုးတွင်းမှ ရေနွေးကြမ်းတို့ကို မည်းတူးညစ်ပေနေပြီဖြစ်သည့် ဝါးခွက်လေးအတွင်းသို့ လောင်းထည့် လိုက်၏။

ညိုမည်းမည်းအဖန်ရည်တို့ ဝါးခွက်အတွင်း ကျဆင်းသွား၏။ ပူပူလောင်လောင်ကြီးမှုပင် မှုတ်သောက်လိုက်၏။

"ဖွတ်မီးကင်လေးလည်း စားပါဦး"

အလိုလေးဗျာ · · · တယ်ဟုတ်ပါကလား။ ထိုသူသည် ဖွတ်ကောင်ကို မီးကင်ရင်း မီးလှုံနေဟန် ဖြစ်ချေ၏။

"ဆာနေပြီဆိုတော့ မငြင်းတော့ဘူးနော်"

သို့ဆိုလျက် သူသည် ဖွတ်ကောင်လုံး မီးကင်နီရဲရဲကို ယူ၍ အားပါးတရ ကိုက်ဝါးစားလေတော့၏။

အရသာရှိလိုက်တာ၊ ဆာနေလို့ ဖြစ်ချိမ့်မည်။

သူ ဖွတ်သားကို အငမ်းမရ စားနေသည်ကိုကြည့်ပြီး ထိုအား

www.burmeseclassic.com

www.burmeseclassic.com



ရှည်ကိုင်လူက…

"ခင်ဗျားလက် ဘာဖြစ်လာတာလဲ"

လို့ မေးလာချေ၏။

သည်တွင် သူက မျက်လုံးမျက်ဆန်ပြူးသွားကာ ဘယ်လို ဖြေရမည် အပြောအလွှား စဉ်းစားလိုက်၏။

အထာရနှင့် ရောက်လာသော လူစိမ်းတစ်ယောက်ကို ထိုလူ သဘောကောင်း မြင်နိုင်သောကြောင့်…

"ကျုပ် တောတိုးလျှောက်သွားရင်း ဘယ်က သားကောင်ကို ထိလိုက်မှန်းမသိတဲ့ မြားတံတစ်ချောင်းက ချော်ထွက်စိုက်ဝင်တာ ဖြစ်မယ်ဗျ၊ အဲဒီမြားတံပိုင်ရှင်က ကြောက်လန့်ထွက်ပြေးသွားတော့ တာပဲ"

"ဒါမျိုးက ဖြစ်တတ်ပါတယ်လေ"

"ကျုပ်တောင်မှ တစ်ခေါက တားကောင်ကို ပစ်လိုက်တာ မှာ လွဲချော်ပြီး ပဒတ်တူးနေတဲ့လူကို သွားမှန်သေးတယ်၊ ကံကောင်း တာက ခြေသလုံးကိုသာ မှန်လို့ပေါ့၊ ဟင်း… ဟင်း… ဟင်း"

သို့ဆိုတော့ သူ စိတ်အေးသွားရတော့၏။

"သည်အတိုင်းထားလို့ ဘယ်ဖြစ်ပါ့မလဲ"

သို့ ထိုလူက ပြောလာပြန်သဖြင့်…

"တောတောင်ထဲ ဘာမှလုပ်လို့မရတာနဲ့ မြားကိုချိုးပြီး သည်အတိုင်း လာရတာလေ ဖြစ်နိုင်ရင် ဆေးဆရာများ မရှိပေ ဘူးလား"

"ဟား…ဟား…ဟား…ဟား…ဟား…ဟား…ဟား ..ခက်ရချည်ရဲ့ကွာ မင်းနဲ့ယ်…ကျုပ်က သည်ရွာရဲ့ ဆေးဆရာပဲ"



"ဟင်… နို့ဖြင့် အတော်ပဲပေါ့၊ ကျုပ်ကို ကုပေးပါလားဗျာ"

သို့ သူပြောလိုက်သည်တွင် ထိုသူက လက်ညှိုးနှင့် လက်မ ကို ထိခတ်၍ ဝိုင်းပြ၏။

"ငွေလိုသည်ပေါ့"

သူ့အိပ်ကပ်ထဲတွင်ရှိ ထောင်တန်ငါးရွက်ကို သတိရလိုက်၏။

"များများတော့ မရှိဘူး"

သို့ဆိုလျက် ထောင်တန် သုံးရွက် ထုတ်ပေးလိုက်၏။

"ရတယ်"

"ကဲ လာခဲ့ချေ…"

သူ တဲသို့ ခေါ်လို့သွားလေတော့၏။

သို့အချိန်ကလေးမှာပင် သူနောက်သို့ လိုက်ခဲ့ကြသည့် နားလေးကိုင် လူနှစ်ယောက်သည် သူ ရေသောက်ခဲ့သည့်အိုင်၊ မြွေ ဟောင်သွေးတို့ကို နှစ်ဆေးခဲ့သည့် ရေအိုင်သို့ ရောက်လာကြတော့၏။

သို့မှ သူတို့သည် သူ၏ခြေရာကို ခံလိုက်နိုင်ကြပြန်၏။

"သည်ကောင် ဒဏ်ရာရသွားတယ်၊ ဝေးဝေးမပြေးနိုင်ပါဘူး"

တစ်ယောက်သော နားလေးကိုင်သူက ပြောလေ၏။

ထိုသူ့ခြေရာခံလိုက်ခဲ့ကြပြန်၏။ သို့ပြား သူတို့သည် တောင် ကတုံးပေါ်သို့ တက်လာလေခြင်းတော့ဖြင့် မရှိသေးပါချေ။ မြေပြန့် တောအုပ်တွင်း၌သာ တဝဲလည်လည် ရှိနေကြပြန်၏။

စိတ်လောနေကြ၍ အမှားမှားအယွင်းယွင်း ဖြစ်နေကြဟန် တူချေ၏။

သို့အချိန်ကလေးမှာပင်…

"အား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းနယ်ကူ အသည်းငယ်ရန်ကော၊ ယောက်ျားဖြစ်ပြီး အော်ရတယ်လို့ သည်မယ်ကြည့် မင်းလက်မောင်းမယ် စူးနစ်ဝင်နေ တဲ့ မြားတံ"

ဆေးဆရာသည် သို့လည်းပြော၊ လက်မောင်းမှ စီးကျလာ သည့် သွေးတို့ကိုလည်း သုတ်ပေး၏။ ဖိကပ်ထား၏။ ပြီးနောက် သူ့နံဘေး အင်တုံအတွင်းရှိ ထုထောင်းပြီး ဆေးမြစ်ဆေးဥတို့ကို အနာပေါ်သို့ အုံပေး၏။ ပတ်တီးစည်းပေးလေ၏။

"ယောက်ျားလည်း သွေးနဲ့သားနဲ့ ကိုယ်ဗျ၊ မနာရတော့ဘူး တဲ့လား..."

သို့ ဓားဘုရင်က ပြန်ပြောလေသည်တွင်...

"ခစ်... ခစ်... ခစ်..."

"အစ်... ဟစ်... ခစ်..."

ခပ်လှမ်းလှမ်းတွင်ရှိ ကလေးငယ်က ဘာကိုသဘောကျ သွားလေသည် မသိ၊ သို့နှယ် ခိုးခိုးခစ်ခစ် ရယ်လေ၏။

သည်တော့ ဓားဘုရင်သည် ထိုလူငယ်ကို မကျေမနပ် ကြည့် လိုက်၏။

"မင်း ငါ့နား လာဦး"

သို့ဆိုတော့ ထိုလူငယ်သည် မကြောက်မရွံ့ ဓားဘုရင်နား သွားလိုက်၏။ ကလေးငယ်သည် အသက်အားဖြင့် ဆယ့်သုံးနှ ဝန်းကျင်ခန့်သာ ရှိချိမ့်မည်။

"ဘာလုပ်မလို့လဲ..."

သို့ သူ့ကို စိမ်းစိမ်းကြည့် မေးလေ၏။

"ငါ့ကို မကြောက်ဘူးလား"



"ဟား... ဟား... ဟား..."

ဓားဘုရင်က ရှုတည်တည်ဖြင့် ကြည့်မေးလိုက်ပေမြား ထိုသူငယ်က သို့နှယ် ရယ်လိုက်ပြန်လေပြီး...

"ခင်ဗျားက လူပဲ...သရဲတစ္ဆေမှ မဟုတ်တာချည်း၊ သရဲ တစ္ဆေ ဖြစ်ချေဦးတော့ ကျွန်တော် မကြောက်ဘူး"

ပြောလာပြန်၏။

"အလဲ့ တယ်ဟုတ်ပါလား။ မင်းတော့ လူမဟုတ်ဘူးလား"

"လူပေါ့ဗျာ.."

"နာတတ် ကျင်တတ်မှာပေါ့"

"လူပဲဗျ"

"နို့ဖြင့် မင်းအဘိုးက ငါ့ကို အသည်းကြောင်တယ် ပြောရ တာလဲ.."

"ခင်ဗျားဟာ ကြောက်လန့်တကြား ထအော်တာကိုးဗျ၊ ဟင် ဟင်း..ယောက်ျားဆိုရင် အောင့်အည်းခံနိုင်ရမပေါ့"

"ဟော"

"နို့ဖြင့် လာစမ်းပါဦးကွ"

ဓားဘုရင်က သို့လည်းပြော သူ့နားကပ်လာသည် သူငယ်၏ ဆံပင်ရင်းကြောကို ရုတ်ခြည်းထိုးဆိတ်လိုက်၏။

လူငယ်လေး တစ်ချက်တွန့်သွားသော်လည်း နာကျင်၍ အော်ဟစ်ခြင်းတော့ဖြင့် မရှိပါချေ။ ထူးဆန်းလိုက်တာ သူအော်လိုက် မည်ကိုပင် ရှက်သွားရချေတော့၏။

"ဟား..ဟား... ဟား... ဟား..မင်းကို ဖိုးထောင် က သင်ခန်းစာပေးတာလေ"

www.burmeseclassic.com



ဆေးဆရာက မာ ဘုရင်ကို ကြည့်ပြောလိုက်၏။

သည်တွင် မာဘုရင်က ရက်ကိုးရက်ကန်းဖြင့်…

“ကျုပ် ကြိုးစားရတော့မပေါ့…”

လို့ ဘာကို ရည်ရွယ်ပြောလေသည် မသိချေ။ သို့ပြော လူငယ်လေးက ရုတ်ခြည်းဆိုသလို မာဘုရင်၏လက်မောင်းကို လက် ဝါးစောင်းဖြင့် တစ်ချက်ခုတ် ပြေးထွက်သွားလေတော့၏။

“ဘုရားရေ…မာဘုရင် မျက်ရည်ထွက်မတတ် နာကျ ခံစားလိုက်ရ၏။ သို့ပေမင့် သူ မအော်မိအောင် ကြိတ်မှိတ်ခံစာ နေလိုက်၏။

“ခင်ဗျားကြီးလည်း မဆိုးပါဘူး”

လူငယ်လေးက ခပ်လှမ်းလှမ်းမှနေ၍ သူ့ကိုပြောက ထိုနေရာလေးမှ ထွက်သွားပြန်တော့၏။

“မင်း သွားလို့ရပြီ”

ဆေးဆရာက သို့ သူ့ကို ပြောလေသဖြင့် မာဘုရင်သည် တအံ့တသြဖြင့် ဆေးဆရာကို ကြည့်နေလေတော့၏။

“မင်း သည်မှာ နေလို့မဖြစ်ဘူး”

“ဘာလို့လဲ…”

“မင်းနောက်ကို သူတို့ လိုက်လာကြတော့မှာလေ”

“ဖြစ်နိုင်ပါ့မလား…”

“ပြောလို့တော့ မရဘူးပေါ့၊ နို့ပေမင့် မင်း သည်မှာ မရှိတာ အကောင်းဆုံးပဲ၊ အဲ ငါကူညီနိုင်တာ ကူညီပြီးပြီ အေး တစ်ခုတော ရှိတယ်…ဆေးဖိုးဝါးခတော့ ပေးခဲ့ချေ”

“ဟာ…ဒါကတော့ ဖြစ်ရမှာပေါ့၊ စောစောက သုံးရွ



ပေးပြီးပြီလေ”

“ဒါက ငါ မင်းကို ဆေးကုသပေးဖို့ သဘောတူလိုက်လို့ ယူလိုက်တဲ့ငွေ…ခု မင်း ပေးရမှာ ဆေးမြစ် ဆေးဥဖိုးငွေပဲ”

“ဗျာ”

“မဗျာနဲ့ မပေးချင်လည်း ရတယ်၊ ငါ့ဆေးတွေ ပြန်ထားခဲ့၊ ပြီးတော့ မင်းမြားတံ မင်းပြန်ယူသွား”

သို့ပြောလည်းပြော မာဘုရင်၏ လက်မောင်းမှ ပတ်တီးကို လည်း ပြန်ခွာနေမည် လုပ်လေသည်ကြောင့်…

“ဟာ…ဟာ မလုပ်ပါနဲ့ဗျာ ကျုပ်မှာ နစ်ရွက် ကျန်သေး တယ်၊ ယူလိုက်ပါဗျာ”

သို့ဆိုလျက် အိတ်ကပ်တွင်းမှ ထောင်တန် နစ်ရွက်ကို ထုတ်ပေးလိုက်ပြန်လေမှ ဆေးဆရာ ငြိမ်သွားချေတော့၏။

“ကဲ မင်းသွားလို့ရပြီ”

“ကျုပ် ဆာတယ်ဗျာ”

“အေး…ငါ ကျွေးလိုက်မယ်၊ စားပြီးရင် သွားတော့”

သို့ဆိုတော့လည်း ဘယ်ဆိုးလို့တုံး၊ ဆေးဆရာက သူ့ကို ခင်းနှုးခပ်ကျွေးလေ၏။

“တောတောင်ထဲ ငါးဟင်း စားရတယ်လို့”

“ဟကောင်ရ တောတောင်ထဲ ငါးမရှိရတော့ဘူးတဲ့လားကွ၊ ချောင်းတွေထဲက အိုင်တွေမှာ နစ်ချိုင်းတွေ ရှိတယ်ကွ”

“အဲ့လိုလား”

သို့ဖြင့် မာဘုရင်က ထမင်းကို ပလုပ်ပလောင်း စားလိုက် သည်။ သူစားနေသည်ကို ဆေးဆရာနှင့် မြေးဖြစ်သူက အဝေးမှာနေ၍

www.burmeseclassic.com

www.burmeseclassic.com



သဘောကျကြည့်နေလေ၏။

သို့ရှိစဉ်···

"ဝုတ်··ဝုတ်··ဝုတ်···ဝုတ်···"

ဆေးဆရာ အိမ်ခြံဝမှ ခွေးဟောင်သံကြောင့် လှမ်းကဲကြည့်လိုက်၏။

ဘုရားရေ··သူတို့ ရောက်လာကြပါကလား။ ဒူးလေးကိုင် လူနှစ်ယောက် ဖြစ်ချေ၏။ မဖြစ်ချေပြီ။

"သွား···သွား···မြန်မြန်သွား···ဟိတ်ကောင် ဖိုးထောင် သူကို ရွာနောက်လမ်းကနေ ခေါ်ထုတ်သွားချေ···"

ဆေးဆရာက သို့လည်းပြော သူကိုယ်တိုင်ကလည်း တဲပြင် သို့ ထွက်သွားလေ၏။

ဖိုးထောင်ဆိုသော ကောင်လေးသည် မားဘုရင်ကို လက်တွဲ ၍ တဲနောက်ဘက် တောင်ကြောလေးသို့ ဆင်းသွားလေတော့၏။

မားဘုရင်တစ်ယောက် ကောင်လေးဖိုးထောင်နောက် လိုက် သွားရချေတော့၏။

"ဖင်းနှယ်ကွာ ဖြည်းဖြည်းလုပ်စမ်းပါ"

ထမင်းစားပြီးစ ဗိုက်အင့်နေခြင်း၊ လက်မောင်းမှ နာကျင်နေ ခြင်းကြောင့် သို့ မားဘုရင်က ပြောလိုက်၏။

"သည်လောက်တော့ သည်းညည်းခံနိုင်ရမှာပေါ့ဗျာ၊ ခင်ဗျား အသက်ထက်ပဲ ပိုဂရုစိုက်စရာ ဘာရှိလို့တုံး"

"အလိုလေးဗျာ···အလောချည်းပါကလား···"

"ဟုတ်ပါတယ်···ဟုတ်ပါတယ်···တခြားလမ်း မရှိဘူးလား ကွာ၊ သစ်ပင် ချုံပုတ်နွယ်တွေကြား တိုးဝှေ့သွားရတယ်လို့"



"အဲဒါပေါ့ဗျာ၊ ခင်ဗျားက ခပ်ညံ့ညံ့ပဲ ပြောသူဆိုတာ ထင်ထင် ပေါ်ပေါ် မဖြစ်ရဘူးဗျ၊ ပုန်းလျှိုးကွယ်လျှိုး လုပ်ရတာလေ၊ လိုက်သူက သာ ထင်ထင်ပေါ်ပေါ် လိုက်ရတာလေ၊ ကဲဗျာ နို့ဖြင့်လည်း ခင်ဗျား ဘာသာ သွားချေ၊ ဟိုမယ် လမ်းဖြူးနေတာပဲ၊ သွား ကျွန်တော် နေ ခဲ့မယ်···"

ဟုတ်ပါရဲ့ နံဘေးခပ်လှမ်းလှမ်းတွင် လမ်းဖြူးဖြူး ရှိချေ၏။ သို့ပေမင့် သည်လမ်းအတိုင်း သွားပါလျှင် နောက်လိုက်လာသူများ သူကို ကွက်ကွက်ကွင်းကွင်း တွေ့နိုင်လောက်၏။

ပြီးတော့ သူတို့က တောင်ကြောပေါ်မှာ ဖြစ်နေသည်ကြောင့် တောင်ခြေသို့ စီး၍ မြင်ရလေသည်ပဲ။

"မင်း မှန်ပါတယ်ကွာ၊ ငါ တောင်းပန်ပါတယ်"

သို့ မားဘုရင်က လေချိုသွေး ပြောလိုက်ရချေတော့၏။

သို့မှ ကောင်လေးသည် သူ့အား သရော်ပြုံးပြ ရှေ့မှလမ်းပြ ခေါ်သွားပြန်လေ၏။

"နို့ နေပါဦး ခင်ဗျားနာမည် ဘာလို့ မပြောသေးတာလဲ"

အလိုလေးဗျာ··အလောချည်းပါကလား၊ သူ့အဘိုး ဆေးဆ ရာကတောင် သူ့နာမည်မမေးဘဲ ဆေးကုပေးသေးတာ သည်ကောင် လေးရာ သူကို လမ်းပြပေးရုံနဲ့ နာမည်ပြောခိုင်းနေပါကောလား၊ အင်း လေ့လာတွက်လို့မရသည့် ကလေးတစ်ယောက်ပါကလား။ သို့ ကျိတ်အား ထိုက်မိပြော···

"ငါ့နာမည် မားဖိုးထောင်"

"ဗျာ··ခင်ဗျား မနောက်ပါနဲ့"

"ဟ··ဘာနောက်လို့လဲ——မင်း မေးလို့လည်း ငါ့နာမည်

www.burmeseclassic.com

www.burmeseclassic.com



ပြောရသေးတယ်…မယုံဘူးလား”

“ဘယ်လို ယုံရမှာလဲဗျ၊ ကျွန်တော့်နာမည် ဖိုးထောင်ဆိုလို့ လိုက်ဖိုးထောင်တာ မဟုတ်လား”

“အလိုလေးဗျာ…ဟုတ်ပါ့…ခုမှ သတိထားမိ၏။ သူ့နာမည်လည်း ဖိုးထောင်ပဲ၊ ဆေးဆရာ စောစောက ပြောလေသည်ပဲ သူ့ အမှတ်တမဲ့ ဖြစ်သွားသည်ကိုး…”

“ဟုတ်ပါပြီ…ဟုတ်ပါပြီ…ငါ့နာမည်ကလည်း ဖိုးထောင်ပဲကွ၊ နို့ပေမင့် ငါ့ကို လူတွေက စားဖိုးထောင်လို့ ခေါ်ကြတယ်၊

“ဘာလို့လဲ”

“ငါ စားပစ်ကျွမ်းလို့”

“ဒီဖြင့် ကျွန်တော်ကလည်း ဖိုးထောင် ဆိုပေမင့် ငါးဖိုးထောင်လို့ ခေါ်သင့်တယ်…”

“အလိုလေးဗျာ…ဘာလို့လဲကွ ရှင်းပါဦး”

“စောစောက ခင်ဗျား စားရတဲ့ ငါးတွေက ကျွန်တော် ဖမ်းလာတာလေ ကျွန်တော်က ငါးရှာကျွမ်းတယ်၊ ငါးဖမ်းကျွမ်းတယ်၊ နို့ကြောင့် ကျွန်တော့်ကိုလည်း ငါးဖိုးထောင်လို့ ခေါ်သင့်တယ်”

“ဟား…ဟား…ဟား…ဟား…ဟား…ဟား…ဟား မင်းက အလာကြီးပါလား ဟုတ်ပြီလေ…မင်းနဲ့ငါ အသက်အရွယ်ချင်း ကွာပေမင့် မင်းနဲ့ငါ သူငယ်ချင်း လုပ်ကြမယ်၊ ဘယ်လိုလဲ…”

“ဟဲ…ဟဲ…ဟဲ…ကောင်းတာပေါ့၊ သူငယ်ချင်း စားဖိုးထောင်ရယ်…”

သို့ဖြင့် စားဖိုးထောင်နှင့် ငါးဖိုးထောင်တို့သည် တောင်ကြော လေးအဆင်းမှ မြောင်၊ သို့မှတစ်ဖန် ချောင်းသို့ ရောက်လေသည်တွင်



“ကဲ…စားဖိုးထောင် သူငယ်ချင်း သည်ချောင်းလေးအတိုင်း စုန်ဆင်းသွားချေ၊ ဝက်စွယ်ချောင်းဝကို ရောက်လိမ့်မယ်၊ ဝက်စွယ်ချောင်းထဲ ဝင်သွားမယ်ဆိုလျှင်ဖြင့် သူငယ်ချင်းတွက် စိတ်ချရတဲ့ ဒိုးခါးကုန်းတဲ ရောက်လိမ့်မယ်၊ အဘိုးရဲ့ညီပဲ၊ အဘိုးက မှာလိုက်တယ်၊ သူငယ်ချင်းကို အဲဒီ ပို့ထားတဲ့…”

“ဟင်…ဘာလို့လဲ…ငါ ဘာလို့ သူ့ဆီ သွားရမှာတုံး”

ဟင်း…ဟင်း…ဟင်း…သူငယ်ချင်း မသိချင်ပါနဲ့၊ သူငယ်ချင်းမယ် သွားစရာနေရာ မရှိဘူး ပုန်းခိုစရာနေရာ မရှိဘူးမဟုတ်လား၊ အဘိုးက သိနေတယ်လေ၊ သူငယ်ချင်းနောက် လိုက်နေကြတဲ့သူတွေ ဘယ်သူတွေလဲ အဘိုး သိသွားပြီလေ…”

“ဟေ…ဟုတ်လား ပြောပါဦး”

“တော်ပြီ…သည်လောက်ပဲ ပြောမယ်၊ သူငယ်ချင်း ကျုပ်သမ်းပြသလိုသာ သွားချေတော့”

“သွားပြီးဟေ့” ဆိုလျက် လူငယ်လေးသည် နောက်လှည့် ပြေးသွားချေတော့၏။

“ကျေးဇူးတင်တယ် သူငယ်ချင်း”

သို့အချိန်ကလေးမှာပင် ဆေးဆရာတဲတွင်…

“မင်းတို့ ငါ့တဲ ဘာလာလုပ်ကြတာလဲ ”

ဆေးဆရာက ဒူးလေးကိုင် လူနှစ်ယောက်ကို မေးလိုက်၏။

“မြားဒဏ်ရာနဲ့ ပြေးသွားတဲ့လူ ခင်ဗျားတဲ ရောက်လာတယ် မဟုတ်လား”

“ကြံကြီးစည်ရာကွာ၊ ဘယ်သူမှ မရောက်ဘူး”

သို့ဆေးဆရာက ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူး··· နို့ဖြင့် ဟိုစားခွက်တွေက ဘယ်သူစားသွားတာလဲ"

"ငါ့မြေး စားတာ"

"နို့ဖြင့် ခင်ဗျားမြေး ဘယ်မလဲ ဘာလို့စားရင်းတန်းလန်း ထွက်သွားရတာလဲ"

"ဒါ သူ့ကိစ္စနဲ့သူ ဖြစ်မှာပေါ့"

"ရှင်းအောင် ပြောကြည့်စမ်းပါ"

"သူ့ငါးပုံးတွေ ထောင်ထားတာ သတိရလို့ သွားယူတာ ဖြစ်မပေါ့"

သို့ဆေးဆရာ ပြောပေမင့် ဒူးလေးကိုင်နှစ်ယောက်က ယုံဟန် မတူချေဘဲ သတ်ဝန်းကျင် ဟိုဘက် သည်ဘက် လျှောက်ကြည့်နေလေ၏။

"ဟာ···အဘိုးကြီး လိမ်တယ်"

သို့ဆိုလျက် တစ်ယောက်သော ဒူးလေးကိုင်သူက ထမင်းစားပွဲနားသို့သွားကာ တစ်စုံတစ်ရာကို ကောက်ယူလိုက်၏။ ပြီး ဆေးဆရာ အဘိုးအိုကို ထောင်ပြလိုက်ကာ···

"သည်ပိုက်ဆံတွေ ဘယ်က ရောက်လာတာလဲ"

သို့ဆိုတော့ အဘိုးအို မျက်စိမျက်နှာ ပျက်သွားတော့၏။

"စောစောက ဝါးခုတ်သမားတစ်ယောက် ဝါးထိုးမိလို့ ဆေးလာကုတာ"

"မဖြစ်နိုင်ဘူး၊ သည်မှာရှိတဲ့သူတွေက ဘယ်သူက သည်လို ထောင်တန် ကိုင်နိုင်လို့တုံး၊ အဘိုးကြီး မှန်မှန်ပြောစမ်း၊ ငါးမိုးထောင် ဘယ်မှာလဲ"



ဒူးလေးကိုင်တစ်ယောက်က သို့ပြောလည်းပြော ဆေးဆရာ အနီးသို့လည်းကပ်ကာ အဘိုးအို၏ မေးဖျားကို လက်ကြမ်းကြီးဖြင့် ညှစ်ကိုင်၍ အံကြိတ်မေးလေ၏။

"ငါ မသိပါဘူးဆို"

"ဘာမသိရမှာလဲ"

"ဖြန်း"

သို့ ပြောလည်းပြော လက်ဝါးဖြင့်လည်း လှမ်းရိုက်လိုက်ချေ၏။

"ထပ်မေးမယ် ပြောစမ်း"

"ငါ မသိဘူး"

"ဖြန်း"

သည်သို့ဖြင့် ဒူးလေးကိုင်နှစ်ယောက်လည်း ဆေးဆရာအဘိုးအိုကို ရိုက်နှက်မေးပေငြား အဘိုးအိုသည် လုံးဝ မပြောလေသဖြင့်-

"အတော်နှုတ်လုံတာပဲ၊ နောက်ဘဝလည်း လုံစေရမယ်"

သို့ဆိုလျက် ဒူးလေးကိုင်တစ်ယောက်သည် အဘိုးအို၏ နောက်စေ့သို့ သူ၏ ဒူးလေးအနှောင့်ဖြင့် လွှဲရိုက်လိုက်လေတော့၏။

"ခွပ်"

"အား"

ဆေးဆရာအဘိုးအို ဦးစက်ပွင့် လဲကျသွားလေတော့၏။

"မင်း လက်လွန်သွားတယ်"

တစ်ယောက်က ပြော၏။

"မထူးတော့ဘူးလေကွာ၊ လာကွာ သည်ကောင့်ကို အလွတ် ပေးလို့ မဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျက် နှစ်ယောက်သား အဘိုးအို ဆေးဆရာတဲမှ ထွက်သွားကြလေတော့၏။

သူတို့ ထွက်သွားပြီး မကြာလောက်သောအချိန်တွင် ငါးဖိုး ထောင် ပြန်ရောက်လာ၏။

"ဟာ"

မြင်လိုက်ရသော မြင်ကွင်းကြောင့် ငါးဖိုးထောင်တစ်ယောက် စိုးရိမ်ထိတ်လန့်တကြား ဖြစ်သွားသည့်ကြားမှ ဆေးဆရာ အဘိုးအိုကို ပွေ့ထူလိုက်၏။

အဘိုးအို အသက်ငွေ့ငွေ့ ရှိသေးသလို စကားယဲ့ယဲ့ ပြော နိုင်သေးသည်ကြောင့်...

"သိပါပြီ အဘိုး..."

သို့သာ ငါးဖိုးထောင် ပြောလိုက်သည်နှင့် ဆေးဆရာအဘိုးအို အသက်ထွက်သွားလေတော့၏။

"တွေ့ကြသေးတာပေါ့ ပြောင်ကြီး ပြောင်ငယ်ရယ်"

သို့ကောင်လေးက အံကြိတ်ပြောလိုက်လေသည်။ သို့မှသည် ငါးဖိုးထောင်သည် ဘိုးအေဖြစ်သူအား ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးသည် နှင့် ထိုတဲမှ စွန့်ခွာထွက်ခဲ့လေတော့သည်။

သူ ဦးတည်လေသည်ကား "ဖိုးလေးခါးကုန်း" တဲဆီသို့ ဖြစ်ချေတော့သည်။

"ဂီးလ်"

ကျွန်းပင်ထက်မှ သိန်းငှက်ကောင်၏အသံကြောင့် ဓားဖိုး ထောင်သည် လှမ်းမော်ကြည့်လိုက်၏။

တကယ်တော့ သိန်းငှက်ကောင်က ဓားဖိုးထောင် လာနေ



သည်ကို တွေ့၍ စူးစိုက်ကြည့် အော်လိုက်လေခြင်း ဖြစ်၏။

"အောင်မာ မင်းကများ ငါ့ကို ရန်ထောင်ရတယ်လို့"

သို့ သူက တစ်ကိုယ်တည်း ပြောလိုက်လေခြင်း ဖြစ်၏။

"ဖလပ် ဖလပ် ဖလပ်"

သိန်းငှက်ကောင်သည် သို့ဆိုသလို ကိုင်းထက်မှ ခုန်လွှား ဆင်းကာ တောင်ပံ တဖျတ်ဖျတ်ခတ်လျက် သူ့ထံ ပျံသန်းလာ လေ၏။

"သည်ကောင် ငါ့ကို တိုက်ခိုက်ဖို့များလေလား"

သို့ ဓားဖိုးထောင် တွက်လိုက်သလိုပင် တကယ်ဖြစ်ချေ လေ၏။

"ဟာ"

"ဝှစ်"

"ဖျတ် ဖလပ် ဖလပ် ဖလပ်"

သိန်းငှက်ကောင်က သူ့ကို ဝင်တိုးတိုက်ခိုက်လာ၏။ ဓားဖိုး ထောင်ပေပဲ၊ ဘယ်ရပါ့မလဲ၊ ဓားနှောင့်ဖြင့် သိန်းငှက်ကောင်ကို တွက်လိုက်၏။ သူ၏ ဓားတွက်ချက် လွဲသွားသည် ဆိုပေမင့် သိန်းငှက်ကောင်၏ အတောင်တစ်ချောင်း လွင့်ထွက်သွား၏။

သိန်းငှက်ကောင်သည်လည်း အလျှော့မပေး ဓားဖိုးထောင် ကို အလစ်ချောင်း လေမှာပျံဝဲလျက် တိုက်ခိုက်လာပြန်၏။

ဓားဖိုးထောင်ကလည်း ဓားပြောင်ဖြင့် တွက်လေ၏။ သိန်း ငှက်ကောင်က ဓားဖိုးထောင်ကို ထိထိရောက်ရောက် မတိုက်ခိုက်နိုင် သလို ဓားဖိုးထောင်၏ ဓားတွက်ချက်သည်လည်း သိန်းငှက်ကောင်ကို ထိခိုက်စေခြင်း မရှိပါချေ။ သည်သို့ဖြင့် လူတစ်ပြန် ငှက်တစ်ပြန်ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောရချိမ့်မည်။ လက်ရည်တူဟု ပြောရှလည်း ရပေလိမ့်မည်။

သို့ သိန်းငှက်ကောင်နှင့် ဓားဖိုးထောင် တိုက်ခိုက်နေစဉ်—

"ရှူးလ်"

ကျယ်လောင်စွာ ပေါ်ထွက်လာသည့် လက်ခေါက်မှုတ်သံနှင့် အတူ သိန်းငှက်ကောင်သည် တိုက်ပွဲမှ ရှောင်လွှားပျံထွက်သွားလေတော့၏။

ဓားဖိုးထောင်သည်လည်း လက်ခေါက်မှုတ်သံ လာရာသို့ လှမ်းကဲကြည့်လိုက်၏။ သူနှင့် ခပ်လှမ်းလှမ်းတွင် လူတစ်ယောက် ရှိနေလေ၏။ ခါးကုန်းနေပုံရ၏။ ဂျင်းဘောင်းဘီဝတ် လက်စက စွပ်ကြယ်ဖြူ ဆံပင်ရှည်ရှည်နှင့် ဖြစ်ချေ၏။ သူ့အား တိုက်ခိုက်နေရာမှ ပြေးထွက်သွားသော သိန်းငှက်ကောင်သည် ထိုသူ၏ဘေးသို့ ဆန့်တန်းထားသော ညာလက်ဖျံပေါ်သို့ နားလိုက်လေ၏။

"မင်းဘယ်သူလဲ"

သို့ ခါးကုန်းကြီးက မေးလေ၏။ ပြီး သူထံ တစ်လှမ်းချင်း လျှောက်လာ၏။ ဓားဖိုးထောင် ထိုသူကို စေ့စေ့ကြည့်နေလေပြီး··

"ငါးဖိုးထောင်တို့ရဲ့ မိုးလေ ါးကုန်း ဆိုတာလား"

"သြော် သိပြီ···အစ်ကို လွှတ်လိုက်တာလား"

"ဟုတ်တယ်"

"နို့ဖြင့် လာ···နို့ပေမင့်လို့ ငါ မင်းကို ဆက်ဆံရတာ ငါ့ အစ်ကို ဆေးဆရာကြောင့်မို့သာ၊ နို့မဟုတ်လျှင်ဖြင့် မင်းလို ခပ်ညံ့ညံ့ ကောင်ကို ငါ ဆက်ဆံစရာအကြောင်းမရှိဘူး"

"ဗျာ···ဘယ်လို ကျွန်တော်က ဘာလို့ ခပ်ညံ့ညံ့လူ ဖြစ် ရတာလဲ၊ ကျွန်တော့်အကြောင်း ဘယ်လောက်များ သိလို့လဲ၊ ကျွန်



တော် ခပ်ညံ့ညံ့အစားထဲမှာ မပါဘူး၊ သည်မယ် ဓားပစ်ကျွမ်းတယ် နို့ကြောင့် ဓားဖိုးထောင်ဆိုတဲ့ဘွဲ့ ရထားတာလေ၊ ဟဲ··ဟဲ"

သို့ဆိုသလို ဓားဖိုးထောင်ကလည်း ကြွားကြွားဝါဝါ ပြော လိုက်၏။ သို့ပေမင့်···

"မင်းက ဓားဖိုးထောင်ဆိုတော့ ငါက သိန်းခါးကုန်းပေါ့ကွာ၊ ဟင်း···ဟင်း···ဟင်း···မင်း ဓားပစ်ကျွမ်းသလို ငါကလည်း ဘယ်သိန်းငှက်ကောင်မဆို လက်နက်တစ်ခုလို ကျွမ်းကျွမ်းကျင်ကျင် အသုံးချတတ်တာပဲကွ၊ တဲ··ဟဲ··ကြည့်လေ မင်း ငါ့လက်နက် ကိုတောင် နိုင်အောင်မတိုက်ခိုက်နိုင်ဘူး၊ နို့ဖြင့် ဘာလဲကွ ဓားဖိုးထောင် ဆိုတာ"

သို့ပြောခံနေရလေခြင်းကြောင့် ဓားဖိုးထောင် ကျွမ်းတိုသွား သကဲ့သို့ ဖြစ်သွားတော့၏။

"ကဲပါလေ···ဒါတွေထားတော့ ခု မင်းဟာ ငါ့အစ်ကို မိတ်ဆွေ ငါ့ညီ့သည်ဆိုတော့ ကဲ ပြော ဘာကိစ္စလဲ"

"ခင်ဗျားမြေးက မှာလိုက်တာပဲ ခင်ဗျားနဲ့တွေ့ရင် သုံးရက် တည်းလို့ပဲပြောဆိုလို့ အဲဒါလာပြောတာ၊ ဘာလဲတော့ မသိဘူး"

"ဟား···ဟား···ဟား၊ ဟား···ဟား···ဟား မင်းတော့ ငါ့မြေးရဲ့ ပညာပြခြင်းကို ခံရပြီပဲကွ၊ ဟင်း··ဟင်း··သုံးရက်တည်း ဆိုတာ သိလား"

"သိဘူးလေဗျာ···ခင်ဗျားမြေးက ပြောနိုင်းလို့သာ ပြောရ တာ··အေး···မှတ်ထား···သုံးရက်တည်းဆိုတာ ငါတို့ ညီအစ်ကို မြေးအဘိုးတွေပဲ သိကြတာ၊ ဘာလဲဆိုတော့ ငါ့ဆီမယ် သုံးရက် လောက် တည်းခိုခွင့်တောင်းတာလေ၊ ငါက ဘယ်ရှမ်းမှ ငါ့ဆီ

www.burmeseclassic.com



ငါ့တဲ လာတည်းခိုင်းလေတယ် မရှိဘူး၊ အေး ငါ့အစ်ကိုနဲ့ မြေးလေးတို့နဲ့ ပတ်သက်တဲ့လူဆိုရင်တော့ လက်ခံတယ်၊ အဲ သူတို့နဲ့ တကယ် ပတ်သက်တာ သိရအောင် အဲ့လို လျှို့ဝှက်စကား သုံးကြတာ။ နို့မ ဟုတ် ငါ့အစ်ကိုက ငါ့မြေးကဆိုပြီး လိမ်ညာလာတည်းကြမှာ ကြောက် လို့ကွ…"

"အလိုလေးဗျာ…ဘယ်သူပဲဖြစ်ဖြစ် ဗမာလူမျိုးတွေပဲ၊ တည်းခိုခွင့်တောင်းတာ ပေးသင့်တာပေါ့"

"နို့တော့ နို့ပေါ့ကွာ၊ နို့ပေမင့်လို့ ငါ့ဆီမှာ ဆည့်သည် မက်စရာ လေးတွေ ရှိလို့ပေါ့"

"အလိုလေးဗျာ…မသိရပေဘူးလား…"

"ဘာလဲ မင်းလည်း အဲလိုသိလိုက်တော့ ငါ့ဆီမှာ ရှိတာတွေ ကို မက်ပြန်ပြီလား"

"အဲလိုမဟုတ်ပါဘူး၊ ခင်ဗျားက မက်စရာဆိုလို့ ဘယ် လောက်များ မက်လောက်စရာရှိတဲ့ ပစ္စည်းရှိနေလို့လဲ သိချင်တာ လောက်လေးပါ"

"ဟား…ဟား…ဟား…ဟုတ်ပြီ…ဟုတ်ပြီ၊ မင်း ငါ့တဲ လိုက်ခဲ့ရင် တွေ့ရမပေါ့"

သို့ဖြင့် သိန်းခါးကုန်းဆိုသူသည် ဓားဖိုးထောင်အား ထိုနေရာ လေးမှ ခေါ်သွားလေတော့၏။

တောင်ကြောလေးတစ်ခုကို ထိုးဆင်းခဲ့ရ၏။ မြောင်လေးကို ကျော်လိုက်၏။ မြေပြန့်ဝါးတောလေးကို ဖြတ်လိုက်ရ၏။ ပြီးလေမှ သိန်းခါးကုန်း ဆိုသူ၏တဲသို့ ရောက်သွားချေတော့၏။

တဲလေးက တောင်ကြောစွယ်လေးတစ်ခုထိပ်တွင် ရှိချေ၏။



တဲပတ်ဝန်းကျင် ရှင်းလင်းလို့နေ၏။ တောင်ကြောစွယ်ထိပ်တွင် ချောင်းလေးတစ်ချောင်း ရှိချေ၏။

ထူးခြားမှုတော့ သိပ်မရှိ ဆိုပေမင့် တဲခေါင်တိုင်ပေါ်တွင် သိန်းငှက်တစ်ကောင် နားနေ၏။ တဲရှေ့ဝါးတိုင်ထိပ်တွင် တစ်ကောင် နားနေ၏။

"ဂီးလ်"

"ဂီးလ်"

"ဂီးလ်"

အဘိုးအို၏ လက်ဖျစ်ပေါ်မှ သိန်းငှက်ကောင်က တဲနားရောက် လုခင်တွင် အော်ဟစ်လိုက်၏။ သည်တွင် တဲခေါင်ပေါ်ရှိ သိန်းငှက် ကောင်နှင့် ဝါးကိုင်းပေါ်ရှိ သိန်းငှက်ကောင်တို့သည် ပြိုင်တူဆိုသလို အသံပြုအော်ဟစ် တောင်ပံဖြန့်ခတ်နေကြချေတော့၏။

"သူတို့တွေ နှုတ်ဆက်ကြတာ"

သို့ သိန်းခါးကုန်းက ပြောလေ၏။

"ဘာဆန်းလို့လဲ"

ဓားဖိုးထောင်က ပြောလိုက်၏။

"ဟင်း…ဟင်း…ဟင်း…"

သိန်းခါးကုန်းက ခပ်ညှင်ညှင်းလေးရယ်၍ ဓားဖိုးထောင်ကို ကြည့်လိုက်လေပြီး…

"မင်း ငါနဲ့နေဖို့ဆိုတာ တကယ်တော့ လုံးဝမဖြစ်နိုင်ဘူးကွ၊ နို့ပေမင့် ငါ့အစ်ကိုမျက်နှာကြောင့် မင်းနဲ့အတူတူ နေခွင့်ကြုံရတာပါကွာ"

"ထားပါလေ"

ဓားဖိုးထောင်က သို့နှုတ်ပြောပြီး သိန်းခါးကုန်းနောက် လိုက်

www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့၏။

"ဟာ အပါး ပြန်လာပြီ"

အလိုလေးဗျာ...သိန်းခါးကုန်းတဲ၀နား ရောက်သည်နှင့် တဲအတွင်းမှ အပျိုဖျန်းလေးတစ်ယောက် ပြေးလွှားထွက်လာချေ၏။

ဘုရားရေ ခါးကုန်းကြီးနဲ့ သည်သူငယ်မ ဘယ်လိုများ ပတ်သက်နေရတာပါလိမ့်။

အပျိုဖျန်းမလေးသည် ရိုးရိုးယဉ်ယဉ်လေး ဖြစ်ချေ၏။ လှန်းစွာမျှ ကြည့်ကောင်းသော ရုပ်ရည်ရူပကာသာလျှင်မက ခန္ဓာကိုယ်အချိုးအစားလည်း ရှိချေ၏။ မိန်းမတို့ဘုန်း ဆံထုံး ဆိုသလို သူမ၏ ဆံပင်သည် နက်မှောင်ရှည်လျားကာ ကျောမှ ပြန့်ကားကျနေလေ၏။

"ခင်ဗျားပြောတဲ့...စွဲမက်စရာဆိုတာများလား"

"ဖလပ် ဖလပ် ဖလပ်"

"ရှလပ်"

"အား"

လုံး၀ထင်မှတ်မထား၊ သိန်းခါးကုန်းလက်ဖျံပေါ်မှ သိန်းငှက်ကောင်သည် ရုတ်တရက် သူ့အား ၀င်ရောက် တိုက်ခိုက်လာ၏။

'အရှောင်မြန်ပေလို့... မျက်နှာလွတ်သွားပေပြား လက်ဖျံတွင်မကော့ သွေးသံရဲရဲ ဖြစ်သွားရချေတော့၏။ သိန်းငှက်ကောင်၏ ခြေသဲချွန်ချွန်ဖြင့် တိုက်ခိုက်ခြင်းခံလိုက်ရသည်ကို။

"တောက် သည်ငှက်ကောင်တော့ကွာ"

ဓားဖိုးထောင် ဒေါသထွက်သွား၏။ သို့ ကြိမ်းဝါးလိုက်၏ သိန်းငှက်ကောင်သည် သူမဟုတ်သလို သူ့အား တိုက်ခိုက်နေရာ တဲဆီသို့ ပျံသန်းထွက်သွားလေတော့၏။



ပြီး မိန်းမပျိုလေး၏ ပခုံးထက် နားခိုလိုက်ချေ၏။ စူးစူးရဲရဲ မျက်ဝန်းဖြင့်လည်း ဓားဖိုးထောင်ကို ကြည့်နေလေတော့၏။

အပျိုဖျန်းမလေးက ဓားဖိုးထောင်ကို တအံ့တဩ ကြည့်နေလေပြီး...

"အဖေ...ဧည့်သည် ပါလာပြန်ပြီလား"

သို့ပြောလည်းပြော တဲတွင်းသို့လည်း ပြေး၀င်သွားလေ၏။ သိန်းငှက်ကောင်သည်လည်း သူမနှင့် ပါသွားလေ၏။

"မင်းကို ငါ သတိပေးထားရဦးမယ်"

"ဘာလို့လဲ"

"အဲဒါ ငါ့သမီး"

"ယုံလိုက်မယ်"

"ဘာကွ...မင်း ဘာပြောတာလဲ"

"ဧည့်...ကျွန်တော် ပွင့်ပွင့်လင်းလင်းပြောမယ်...ခင်ဗျားနဲ့ ဘယ်လိုမှ မပတ်သက်သလိုဘဲ"

"ခွေးကောင်"

"မဟုတ်လို့လား"

"မဟုတ်လို့ပေါ့ကွ"

"နို့ဖြင့် သည်လိုလေ အင်းလေ အမေတူလို့ ဖြစ်မပေါ့၊ သူ့အမေက ခင်ဗျားနဲ့ မလိုက်အောင် ချောနေ လှနေလို့ ဖြစ်မယ်"

သို့ပြောလေသည့် ဓားဖိုးထောင်ကို သိန်းခါးကုန်းက စူးစူးရဲရဲ စိုက်ကြည့်နေရာမှ ဘာရယ်ကြောင့်မသိ ပြုံးသွားချေပြီး...

"အေး မင်းကို ငါ ကြိုက်သွားပြီ"

"ဗျာ...ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် မင်းက ပွင့်ပွင့်လင်းလင်း ပြောတတ်တယ်ပါ၊ ငါ့ဆီ ရောက်လာတတ်ကြတဲ့ လူငယ်တွေ အတော်များများက ငါ့သမီးနဲ့ မတွေ့ခင်က ငါ့ကို ဆက်ဆံကြတဲ့ ပုံစံတစ်မျိုးပဲကွ၊ မတူသလို မတန်သလို ဖြီးတော့ ရှုံ့ရှာနေတဲ့ ပုံတွေပဲကွ၊ ပြီးတော့ ငါ့သမီးကိုလည်း တွေ့ရော ဆက်ဆံရေးတွေ ပြောင်းသွားတယ် မောင်ရေ၊ သိလား ငါ့ကို မိုးကျရွှေကိုယ်လို့ မှန်းလို့မှန်း ငါနိုင်းလျှင်ပဲ သေဆိုသေကြတော့ မယ့်သူတွေ ဖြစ်သွားကြတာပဲ၊ ငါ သိတာပေါ့ကွာ ငါ့သမီးကြောင့် နဲ့ကြောင့် ငါ အဲလိုလူမျိုးတွေဆို လုံးဝမျက်နှာသာမပေးဘူး၊ ငါ့တဲ ပေါ်မှာလည်း လုံးဝအတက်မခံဘူးဟေ့၊ မင်းကျတော့ သူတို့နဲ့ ဆန့်ကျင်ဘက်ပဲကွ၊ ငါ့ကို မင်းအမြင်အတိုင်း ပြောတယ်၊ ဒါ ရိုးသားမှု လို့ ငါ သတ်မှတ်တယ်၊ ဟင်း...ဟင်း...ဟင်း..."

သို့ဆိုတော့ ဓားမိုးတောင်သည်လည်း ပြုံးလို့သွားချေတော့၏။

"ဟင်း...ဟင်း...ဟန်ဆောင်နေတာတော့ မဟုတ်ပါ ဘူးနော်"

"ဘာကိုလဲဗျ"

"ဩော် မင်းက ငါ့ကို ပုံစံတစ်မျိုးနဲ့တွက်ပြီး ဆက်ဆံနေတာ လားလို့"

"သွားစမ်းပါဗျာ...ကျွန်တော်က ဟန်ဆောင်တာ မကြိုက် ဘူး...အေး ပြောထားရဦးမယ်...ခင်ဗျားသမီး ဘယ်လောက်ပဲ ချော မက်စရာကောင်းကောင်း ကျွန်တော်တော့ လုံးဝ စိတ်မဝင်စားဘူး ကျွန်တော့်ကို သည်မယ် ခေတ္တနားနေခွင့်ပေးရင် ပြီးပြီ..."

"ကြိုက်သွားပြီ...ကဲ...မင်း ငါ့အစ်ကိုနဲ့ ဘယ်လို ပတ် သက်ခဲ့သလဲ ဘာကိစ္စလဲဆိုတာတော့ ငါ မသိရသေးဘူး ပြောချေ"



သို့ဆိုတော့ ဓားမိုးတောင်သည် သူမြားစူးဒဏ်ရာရပုံ၊ သူ့ နောက် နူးလေးကိုင် လူနှစ်ယောက် လိုက်လံဒုက္ခပေးပုံ၊ ပြီး ထိုလူ နှစ်ယောက် ခေါ်ဆဲရာတဲ့သို့ ရောက်လာကြသည်တွင် မြေးဖြစ်သူ ဖိုးတောင်ကို သူ့အတွက် လမ်းညွှန်လိုက်ပြနိုင်းပုံ၊ သူရောက်လာပုံကို ပြောပြလိုက်ချေတော့၏။

"နို့ နေပါဦး မင်းကို ဘာလို့ သူတို့က လိုက်ဒုက္ခပေးရတာတုံး"

သို့ မေးလာလေသည့် သိန်းခါးကုန်းကိုကြည့်၍ ရှဲပြုံးပြုံးလိုက် ချေပြီး...

"ခင်ဗျား သိချင်တာ သိသင့်တာ ခင်ဗျားအစ်ကို ဆေးဆရာနဲ့ ကျွန်တော် ပတ်သက်ပုံလေဗျာ၊ သည်ရှုပ်ထွေးကိစ္စက ကျွန်တော့်ကိစ္စ ကျွန်တော် ပြောသင့်တဲ့အချိန်ကျ ပြောမှာပေါ့ ခုတော့ မသိချင်သေး ပါနဲ့"

သို့ဆိုတော့ သိန်းခါးကုန်းသည် ပါးစပ်ကို ရွဲ့လိုက်ချေပြီး...

"ကောင်းပြီလေ မပြောနဲ့ ငါ မသိချင်ဘူး ခု ငါသိလိုက်တာ မင်းက ငါ့ကို အားကိုးဖို့ရောက်လာတာ..."

"ဘယ်သူပြောလဲ ဝေးသေးတယ်၊ ကျွန်တော့်ကို သည်သွား ပါလို့ ဖိုးတောင် လမ်းပြလို့ သူနဲ့ ကျွန်တော့် သူငယ်ချင်းဆိုတော့ သူ့စကားအရ လာရတာဗျ..."

"ခစ်...ခစ်...ခစ်..."

သူ့စကားဆုံးသည်နှင့် တဲအတွင်းမှ မိန်းမပျိုလေး၏ ခိုးခိုး ခစ်ခစ်ရယ်သံ ထွက်ပေါ်လာချေတော့၏။

ဘာကိစ္စ သဘောကျသွားတာပါလိမ့်။

သို့ကြောင့် ဓားမိုးတောင်သည် တဲအတွင်းခန်းသို့ လှမ်းကဲ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ချေပြီး…

"ဘာရယ်တာတုံး…"

လို့ မေးလိုက်လေ၏။

"ရယ်စရာစကား ကြားလိုက်လို့လေ"

အလိုလေးဗျာ… ချိုလွင်သော အသံပိုင်ရှင်ပါကလား။

ခါးကုန်းကြီး၏ သမီးဆိုတာ ဟုတ်ကော ဟုတ်ရဲ့လား။ နတ်သမီးတစ်ပါး လူယောင်ဖန်ဆင်း ရောက်နေသည်များလား။

"ကျွန်တော် ပြောတာမှာ ရယ်စရာပါလို့လား"

သို့လည်း လှမ်းမေးလိုက်၏။

"ရှင်ပဲ ပြောတာလေ ကျပ်တူလေးနဲ့ သူငယ်ချင်းဆိုတော့ နို့ ဖြစ်နိုင်ပါမလား။ တူအိုးရီး သားအဖအရွယ်တွေက သူငယ်ချင်း ဖြစ်နိုင်ပါ့မလား ဟင်း…ဟင်း…ဟင်း"

"ဖြစ်နိုင်လို့ ဖြစ်ခဲ့လို့ ပြောလိုက်တာပေါ့ဗျာ"

သို့ပြောပြီး ဓားမိုးထောင်သည် သူနှင့် မိုးထောင် စတင်တွေ့ခဲ့ပုံ မိုးထောင်လေး၊ စကားကြွယ်ပုံ ကူညီတတ်ပုံတို့ကို ပြန်ပြောပြလိုက်ချေတော့၏။

"ဟဲ့ အဲဒါ ညည်းတူလေးလေ၊ ညည်းတူအကြောင်း ညည်းလည်း သိလျက်နဲ့ သည်ကောင်က လူလည် လူတတ်၊ ကိုတတ်ပလေ"

သို့ သိန်းခါးကုန်းက သမီးဖြစ်သူအား ပြောလိုက်ချေတော့၏။

"ဟုတ်ပြီ ငါ မင်းအကြောင်း သည်လောက်ပဲ သိသင့်တယ်၊ ကောင်းပြီ မင်း ခရီးပန်းလာမပေါ့ နားချင်နား နို့ပေမင့် မင်းအခန်းထဲတော့ မဝင်ရဘူး၊ သည်အပြင်ခန်းမှာပဲ နားနေလို့ရတယ်၊ သမီးက



သည်း အပြင်ထွက်လာခွင့် မရှိဘူး၊ ဟုတ်လား သမီး"

သို့လည်း အခန်းတွင်း လှည့်ကြည့်ပြောလိုက်၏။

"ဟုတ်ပါပြီ အဖေကြီးရယ်၊ သည်လို မလောက်လေးမလောက်စားလေးကို သူငယ်ချင်းလုပ်တဲ့သူနဲ့ သမီး ဘယ်လိုဆက်ဆံလို့ ဖြစ်မလဲ အဖေကြီးရဲ့ အင်း တူလေးရောက်လာရင် ကောင်းမယ်၊ သူနဲ့ ကစားဖော်ရတာပေါ့…"

"ဟင်"

ဓားမိုးထောင်တစ်ယောက် သို့စကားကြားလိုက်သည်တွင် မကျေမနပ် ဖြစ်သွားလေတော့၏။

"သမီးရဲ့ဆန္ဒ ဖြစ်လာပြီကွ"

အလိုလေးဗျာ…ဖအေဖြစ်သူကလည်း သို့ပြောလာလေသဖြင့် ဓားမိုးထောင်သည် သိန်းခါးကုန်းကို အံ့သြတကြီး ကြည့်လိုက်လေပြီး သူ ကြည့်နေသည့်အရပ်ဆီသို့ လှမ်းကြည့်လိုက်ပြန်၏။

"ဟင်"

သူငယ်ချင်း သတ်မှတ်ခဲ့သူ ငါးမိုးထောင်ပါလား။ ခပ်လှမ်းလှမ်းတွင် တွေ့လိုက်ရ၏။ ခြေကုန်သုတ်လာပုံ ဖြစ်၏။

"ဘာလို့များ ရောက်လာရတာပါလိမ့်"

ဓားမိုးထောင်ကိုယ်နှိုက်ကပင် အံ့သြမိသေးတော့၏။

"ရှင် သည်မှာနေတဲ့အတောအတွင်း မပျင်းရတော့ဘူး၊ ဟိုမယ် ရှင့်သူငယ်ချင်း လာပြီလေ၊ ဟင်း…ဟင်း…ဟင်း…"

သို့လည်း မိန်းမပျိုလေးက တဲအတွင်းမှ လှမ်းပြောလေတော့၏။

"သည်ကောင်လေးလာတာ ကောင်းတယ်၊ သူနဲ့ ဟိုရောက

www.burmeseclassic.com



တဲ့မယ် သွားအိပ်လို့ရတယ်"

သို့လည်း သိန်းခါးကုန်းက ပြောလေ၏။

သို့ဆိုတော့ ဓားဖိုးထောင်သည်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရချေ၏။ သို့မှ သူသည်လည်း လွတ်လွတ်လပ်လပ် နေရမည် မဟုတ်ပါကလား၊ သည်တဲတွင်သာ နေလိုကတော့ မိန်းမပျိုနှင့် သူ နှစ်ဦးစလုံး အနေကြံ့ပေလိမ့်မည်။

"ဖိုးလေး...ဖိုးလေး..."

ဖိုးထောင်သည် အဝေးမှ လှမ်းအော်ခေါ်လေ၏။

"ဘာတုံး လာလေကွာ"

"ကျွန်တော့် သူငယ်ချင်း ရောက်လာပြီလား"

"ဟင်း...ဟင်း...ဟင်း...ဟင်း..."

သို့ဆိုတော့ မိန်းမပျို ရယ်မောလိုက်ပြန်၏။

"အေးပါကွာ သည်မှာရောက်နေပါပြီ မင်း ဘာလာလုပ်တာလဲ"

"နောက်တော့ ပြောပြမယ် ရေတစ်ခွက်ပေးစမ်းပါ ဒေါ်လေး"

သူတို့နှား ရောက်လာသည်နှင့် ဖိုးထောင်က သို့ ပြောလေသဖြင့် မိန်းမပျိုသည် အခန်းအတွင်းမှ ထသွားပုံရချေ၏။ အတန်ကြာတွင်...

"အဖေ ရော့ တူလေးကို ပေးလိုက်ချေ၊ သူ ရေတော်လာပုံပဲ"

အခန်းတွင်းမှ ထွက်လာ၏။ ရေတစ်ခွက် ပါလာ၏။

သည်တွင် ထိုသူငယ်နှင့် အနီးဆုံးရှိသည့် ဓားဖိုးထောင်က ရေခွက်ကို လှမ်းယူလိုက်၏။

အလိုလေးဗျာ...သူ့လက်နှင့် မိန်းမပျိုလက် မတော်တဆ



ထိမိ၏။ နူးညံ့လိုက်တာ လူမလေးမှ ဟုတ်ပါလေစ။

"ရော့...သူငယ်ချင်း"

ရေခွက်အား ငါးဖိုးထောင်သို့ လှမ်းပေးလိုက်၏။ ငါးဖိုးထောင်က ကပျာကယာ ယူလိုက်ကာ အမောတကြီး မော့လိုက်ချေတော့၏။

ပြီးလေမှ...

"အဘိုး သူ ဘယ်မှ မသွားစေနဲ့တော့"

"ဗျာ...ဟင်...ဘယ်လိုပါလိမ့်"

သို့ ပြောလာသည့် ငါးဖိုးထောင်ကို ဓားဖိုးထောင်က နားမလည်နိုင်စွာ ကြည့်လိုက်မိသလို သိန်းခါးကုန်းသည် ငါးဖိုးထောင်လေးကို တအံ့တသြဖြင့် ကြည့်နေလေပြီး...

"မင်း ဘာတွေပြောနေတာလဲ"

သို့ဆိုတော့ ငါးဖိုးထောင်သည် ဓားဖိုးထောင်ကို စေ့စေ့ကြည့်လေပြီး အံကြိတ်လိုက်ကာ...

"သူငယ်ချင်းကြောင့် ကျုပ်အဘိုး သေပြီ"

"ဟာ"

"ဟင်"

"အလို"

သိန်းခါးကုန်း၊ ဓားဖိုးထောင်နှင့် မိန်းမပျိုတို့ထံမှ သို့နှယ် အာမေဍိတ်သံများ ထွက်လာလေတော့၏။

"ဘုရားရေ..."

သိန်းခါးကုန်းတစ်ယောက် ဓားဖိုးထောင်ကို စူးစူးရဲရဲ ကြည့်လာချေတော့၏။

အခန်းတွင်းရှိ မိန်းမပျိုသည်လည်း အခန်းဝြင်သို့ ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



ကာ ခါးဖိုးတောင်ကို သံသယမျက်လုံးဖြင့်ကြည့်ကာ နေချေတော့၏။

"ဘယ်လိုပြောလိုက်တာလဲ သူငယ်ချင်းရာ"

ခါးဖိုးတောင်သည်လည်း ဘာမှန်းမသိသဖြင့် သို့နှယ့် ငါးဖိုးတောင်ကို မေးလိုက်လေ၏။

သည်တော့မှ ငါးဖိုးတောင်သည် သူ့အဘိုး သေရသည့်ကိစ္စကို ပြောပြလေတော့၏။

"အလိုလေး ပြောင်ကြီး ပြောင်ငယ်က တယ်မိုက်ရိုင်းပါကလား"

"တွေ့ကြသေးတာပေါ့ကွာ"

သို့ဆိုသလို သိန်းခါးကုန်းနှင့် ခါးဖိုးတောင်တို့သည် ပြောင်ကြီး ပြောင်ငယ်တို့အပေါ် မကြေမနပ် ဖြစ်မိချေတော့၏။

"တကယ်တော့ ဦးကြီး သေရတာ ရှင့်ကြောင့်"

အလိုလေးဗျာ မိန်းမပျို ဘယ်လို ပြောလိုက်တာပါလိမ့်။ ခါးဖိုးတောင်တစ်ယောက် မိန်းမပျိုကို ကြည့်ကာ အံ့သြမှင်သက်မိသွားချေတော့၏။ မိန်းမပျိုသည် ခါးဖိုးတောင်ကို စူးစူးရဲရဲ ကြည့်နေလေပြီး ငါးဖိုးတောင်ကို မေ့ဖက်ထားလေ၏။

"မင်းနှယ် ဘာလို့များ ကိုယ့်အဘိုးကို ဒုက္ခပေးခဲ့သူနဲ့ သူငယ်ချင်း ဖွဲ့ရတာလဲကွယ်"

"ဟာ . . . ဒေါ်လေးကလည်း ဘာဆိုင်လို့တုံး၊ အဘိုးက ဆေးဆရာလေ . . . လူနာမှန်သမျှ သူတတ်တဲ့ ဆေးပညာနဲ့ ကုသပေးရမှာချည်းပေါ့ဗျ၊ လူဆိုး လူကောင်း ဘာခွဲခြားစရာလိုလဲဗျ၊ အဘိုးတို့လို ဆေးဆရာတွေက လူ့အသက်ကယ်ဖို့ပဲ မဟုတ်လား၊ သည်တစ်ခါတော့ ဒေါ်လေး အတွေးအခေါ် အယူအဆတွေ မှားနေပြီ



ကျွန်တော်က ခါးဖိုးတောင်ကို လူကောင်းလို့ ပြောတာမဟုတ်ဘူးနော်၊ ကောင်းချင် ကောင်းမယ်၊ ဆိုးချင် ဆိုးမယ်၊ အဘိုးအတွက်ကတော့ သူ့အသက်ကယ်ရမယ့် လူနာလေ"

"အောင်မယ် . . အောင်မယ် . . သည်ကောင်လေး အတော့်ကို စကားတွေ တတ်နေပါလား . . ."

"စကားတတ်တိုင်း ပြောနေတာမဟုတ်ဘူး ဒေါ်လေး"

"အေးပါ . . . အေးပါ . . "

"နို့ဆိုလျှင်ဖြင့် ဒေါ်လေး ကျွန်တော့်သူငယ်ချင်းကို တောင်းပန်လိုက်ပေါ့"

"ဘာရယ် . . . ဘာအတွက်လဲ"

"ဒေါ်လေး စော်ကားမော်ကား ပြောမိခဲ့တဲ့အတွက်ပဲပေါ့"

"ဟော"

"ဟင်"

သို့ဆိုသလို သိန်းခါးကုန်းနှင့် မိန်းမပျိုတို့ အံ့သြတကြီးဖြင့် ငါးဖိုးတောင်ကို ကြည့်နေကြချေတော့၏။

"ကဲပါ သူငယ်ချင်းရာ မင်း ငါ့အပေါ် နားလည်တာပဲ၊ သည်လောက်ဆို ငါ ကျေနပ်ပါတယ်ကွ"

"သို့လည်း ခါးဖိုးတောင်က မိန်းမပျိုကို ကြည့်တစ်လှည့် ငါးဖိုးတောင်ကို ကြည့်တစ်လှည့်ဖြင့် ပြောလိုက်ချေတော့၏။

"ဂစ်"

"ဂိလ်"

သို့ရှိစဉ် သိန်းခါးကုန်းလက်ဖျံပေါ်သို့ သိန်းငှက်ကောင် တစ်ကောင် လာရောက်နားရင်း အော်ဟစ်နေလေသဖြင့် . . .

www.burmeseclassic.com



"သည်ကောင် လူစိမ်းနံ့ရလို့ သတိပေးတာ"

သို့ပြောလာသည့် သိန်းခါးကုန်းကို ဓားဖိုးထောင် စေ့စေ့ကြည့်လိုက်မိပြန်၏။

"ကဲ မှင်း ကြိုသွားနှင့်ကွာ"

"အလိုလေးဗျာ··နားလည်ပါးနပ်သော သိန်းငှက်ကောင်ပါကလား" သို့ သိန်းခါးကုန်းက ပြောလိုက်သည်နှင့် သိန်းငှက်ကောင်သည် ထပျံသန်းသွားလေတော့၏။

သို့ ပျံသန်းသွားသည် ဆိုရာတွင် သိန်းငှက်ကောင်ကို ကောင်းကင်ယံ၌ ပျံဝဲနေခြင်းသာလျှင် တွေ့ရ၏။ ထိုသိန်းငှက်ကောင်ရှိနေသည့် တစ်နေရာ အောက်ခြေကိုတော့ဖြင့် မြင်ရခြင်း မရှိပါချေ။ ဘယ်တွက်မူ ချုံပုတ်သစ်ပင်တို့ပေါ် ရောက်လျှက်ရှိနေခြင်းကြောင့်ဖြစ်ချေတော့၏။

အားလုံး၏ အာရုံတို့သည် သိန်းငှက်ကောင်ထံတွင် ရှိနေကြ၏။ မည်သူမျှ စကားပြောကြခြင်းတော့ဖြင့် မရှိပါချေ။

သို့ရှိစဉ်···

"ဟာ"

"ဟင်"

"အာ"

"အို"

လေထဲတွင် ပျံဝဲနေသည့် သိန်းငှက်ကောင်သည် ရုတ်ခြည်းဆိုသလို မြေပြင်သို့ အရုပ်ကြိုးပြတ် ပြုတ်ကျသွားသည်ကို တွေ့လိုက်ကြတော့၏။

"ဘုရားရေ··ငါ့ကောင်တော့ သွားပြီထင်ပါရဲ့"



"သိန်းခါးကုန်းက သို့ပြောလည်းပြော ထိုနေရာသို့လည်း ရုတ်ခြည်းဆိုသလို ပြေးသွားချေတော့၏။

သို့ဆိုရာ၌ မိန်းမပျိုလေးသည်လည်း သူ့အဖေဖြစ်သူ သိန်းခါးကုန်းနောက် ပြေးလွှားသွားလိုက်ချေတော့၏။

"သူငယ်ချင်း အရေးပေါ်ပြီလေဗျာ"

ငါးဖိုးထောင်က ဓားဖိုးထောင်ကို ကြည့်၍ပြောလိုက်၏။ သည်တော့ ဓားဖိုးထောင်သည်လည်း ငါးဖိုးထောင်နှင့်အတူ ပြေးလိုက်သွားတော့၏။ သိန်းငှက်ကောင် ကျသွားသည့် ချုံပုတ်ပင်နား ရောက်သည်တွင် ချုံသားဘက်မှ တောတိုးပြေးလွှားသံများ ကြားလိုက်ကြရ၏။

"လူ··· လူ···လူ···"

သိန်းခါးကုန်းက သို့ ပြောလည်းပြော ချုံပုတ်ပင်နောက်သို့လည်း ကွေ့ပတ်ဝင်လိုက်၏။

"ဟင်"

သူ့အား လူစိမ်းတွေ ရောက်လာလေပြီဟု သတိပေးခဲ့သော သိန်းငှက်ကောင်သည် မြေပြင်တွင် ပက်လက်အနေအထားဖြင့် ရှိနေသေး၏။ သူ့ကိုယ်တွင် ထုတ်ချင်းပေါက် မြားတစ်ချောင်း ရှိနေလေ၏။

"ရက်စက်လိုက်ကြတာ"

"ဘယ်သူထင်လဲ"

မိန်းမပျိုလေးက မေးလိုက်၏။

"အထင်နဲ့ ပြောရလျှင်ဖြင့် ခုံးတော့မှာ မဟုတ်ဘူး၊ မြင်လိုက်တာလို့ပဲ ပြောရမှာပေါ့ သမီးရဲ့"

သို့လည်း အဟုတ်သားကလား။

သိန်းခါးကုန်းက သို့သည်းပြော ဆံလှမ်းလှမ်းနေရာလောက်

www.burmeseclassic.com

www.burmeseclassic.com



ဆီမှ သစ်ရွက်ခြောက်တို့ကို နင်းလျှောက်ပြေးလွှားသွားသံတို့နှင့် ပြေးသွားပြန်လေ၏။

သို့ဆိုသော် အားလုံးက လိုက်ပါခြင်းမရှိ နောက်မှနေ၍ လှမ်းကဲကြည့်နေကြတော့၏။

"သူငယ်ချင်း လာပါဗျာ၊ ဘာလုပ်နေတာလဲ"

ငါးမိုးထောင်က သို့ပြောလည်းပြော ဓားမိုးထောင်ကိုလည်း မျက်ရိပ်ပြခေါ်ကာ သိန်းခါးကုန်းနောက် ပြေးလိုက်သွားကြရပြန်၏။

"မင်းဘိုးလေးက အပြေးသန်လှချည်လား၊ ငါတို့တောင် မျက်ခြည်ပြတ်သွားပြီ"

"ဟား…ဟား…ဟား…ခါးကုန်းအဘိုးလေးက တစ်ချိန်က အပြေးချန်ပီယံလေဗျာ"

"ဟော"

သို့ ဓားနှင့် ငါးတို့ တောတိုးပြေးလွှားခဲ့ရာမှ ရှေ့တွင်လည်း လူရိပ်မမြင်သလို နောက်ပါးမှလည်း ပြေးလိုက်လာကြသည့် မိန်းမပျို ကိုလည်း မတွေ့တော့ပါချေ။

"နေဦး သူငယ်ချင်းရ…ငါတို့တွေ လှကွဲနေပြီ ထင်တယ်"

သို့ ဓားမိုးထောင်က ပြောလိုက်လေမှ ငါးမိုးထောင်သည် ပြေးလွှားနေခြင်းကို ရပ်လိုက်တော့၏။

သူတို့ ဘယ်ရောက်နေကြပါလိမ့်၊ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ တောထူထူတွင် သူတို့ရောက်နေကြပါကောလား။

ပတ်ဝန်းကျင်ကို လေ့လာကြည့်နေမိ၏။ မည်သည့် လှုပ်ရှားမှု မရှိပါချေ၊ မည်သည့်အသံမှု မကြားပါချေ၊ တိတ်ဆိတ် ငြိမ်သက်လို့ ရှိချေတော့၏။



သို့ရှိစဉ် နောက်တကက်ချုံပုတ်နွယ်ပင်နောက်မှ ထွက်ပေါ်သော သော အသံကြောင့် ရုတ်ခြည်း လှည့်ကြည့်လိုက်ကြ၏။

ဓားမိုးထောင်၏ လက်ထဲတွင် အရှိသင့် ပစ်ခတ်ရန် ဓား မြှောင် ကိုင်ထားပြီး ရှိချေ၏။

"ဟာ…ဒါလေးကလဲ"

မိန်းမပျို သူတို့ထံ အပြေးကလေး ရောက်လာ၏။

"ဖေဖေ့ကို တွေ့လား"

"မောင့်အင်း…မျက်ခြည်ပြတ်သွားတယ်"

"နို့ဖြင့်လည်း လုပ်ကြပါဦး၊ ဖေဖေ တစ်ယောက်တည်း တောထဲ မျက်စိလည် လမ်းမှားနေတော့ကော့ပြီ"

"ဒါ ကျွန်တော်တို့ စိုးရိမ်စရာ မလိုပါဘူး၊ တကယ်စိုးရိမ် ရမှာ သူ ပြေးလိုက်သွားတဲ့လူတွေနဲ့ ထိပ်တိုက်မတိုးမိဖို့ပဲ"

"အင်း…ဟုတ်သားကလား"

"ကဲ…သွားကြတာပေါ့"

ဓားမိုးထောင်က ရှေ့မှ ဦးဆောင်သွားလိုက်ပြန်၏။ သို့ရှိစဉ်

"ကီးလ်"

"ကီးလ်"

"ကီးလ်"

သိန်းငှက်ကောင်သည် သူတို့ ဦးခေါင်းထိပ်မှာ ဖြတ်၍ ရှေ့သို့ ပျံသန်းသွားလေ၏။

သို့တစ်နေရာမှ နောက်တစ်ကောင် ပါလာပြန်၏။

"သူတို့ သခင်ကို သူတို့ လိုက်ရှာနေကြပြီ"

သို့ မိန်းမပျိုက ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှစ်"

သို့ပြောလည်းပြော လေချွန်သံတစ်ခုကို ပြုလိုက်သည်တွင် သူတို့ဦးခေါင်းထက်မှ ပျံသန်းသွားသော သိန်းငှက်နှစ်ကောင်သည် ရတ်ခြည်းဆိုသလို သူတို့ထံ ပြန်ရောက်လာလေ၏။

"တယ်ဟုတ်ကြပါကလား"

နှစ်ကောင်သား မိန်းမပျိုလက်ဖျံနှင့် ပခုံးထက်တွင် လာနား နေကြသေး၏။

သို့ နားနေစဉ် စူးရဲသော မျက်လုံးအစုံဖြင့် ဓားမိုးတောင်ကို စူးစိုက်ကြည့်နေကြ၏။ ဦးခေါင်းကို ဟိုသည်လည်း လှုပ်ခတ်နေလေ၏။

"သေသွားတဲ့အကောင်က သူတို့အဖေလေ"

"ဟင်"

"ကဲ...ကဲ...မင်းတို့ သခင်ကြီးရှိရာ သွားလိုက်ကြဦး၊ ငါ တို့ တဖြည်းဖြည်း လိုက်ခဲ့မယ်၊ အကြောင်းထူးရင် ပြန်လာခဲ့ကြချေ"

သို့ပြောနေသည့် မိန်းမပျိုကို ဓားမိုးတောင်တစ်ယောက် သူ့ရူးတစ်ယောက်နှယ် မြင်မိကြည့်နေလေတော့၏။

"သူငယ်ချင်းကလည်း မယုံသလိုပါဘဲလား"

"ဟော"

သို့ ငါးမိုးတောင် ပြောလေသဖြင့် ဓားမိုးတောင်သည် အားတုံ့ အားနာ ဖြစ်သွားချေ၏။

"အဲလိုလည်း မဟုတ်ပါဘူးကွာ...အံ့သြလောက်အောင် ဖြစ်နေလို့ပါ"

"ရှေ့လည်း သူတို့ရဲ့ လိမ္မာရေးခြားရှိပုံ အံ့သြလောက်အောင် စွမ်းရည်ရှိကြပုံကို သိရပါလိမ့်မယ်"



သို့ မိန်းမပျိုက ပြောပြီး သိန်းငှက်နှစ်ကောင်၏ ဦးခေါင်းကို ထက်ဖဝါးနုနုဖြင့် ပွတ်သပ်လွှတ်လိုက်ချေတော့၏။

သို့ဆိုတော့လည်း သိန်းငှက်နှစ်ကောင်သည် ရတ်ခြည်းဆို သလို ပျံသန်းသွားကြချေတော့၏။

"ဂီးလ်"

"ဂီးလ်"

"ဂီးလ်"

မိန်းမပျိုက သိန်းငှက်နှစ်ကောင် ပျံသန်းသွားရာသို့ မေးမော ကြည့်နေရင်း ခေါင်းတဆတ်ဆတ် ညိတ်နေချေတော့၏။

"ဒေါ်လေး"

"ဟော"

"သား ဆာပြီ"

"ဟာကွာ မင်းကလည်း ဆာတာပဲ ငါ့ကို ပြောပေါ့ ဘယ့် နယ် မင်းဒေါ်လေးကို ပြောနေတာလဲ၊ ဝါက ရှာဖွေကျွေးရမှာပေါ့"

သို့ ဓားမိုးတောင်က ပြောလေသည်တွင် မိန်းမပျိုက ဘယ်ရို သဘောပေါက်သွားလေသည် မသိ၊ ဓားမိုးတောင်ကိုကြည့်၍ သရော် ပြုံး ပြုံးလိုက်ချေပြီး...

"ရှင့်မယ် ဘာလက်နက်ပါလို့လဲ၊ သားကောင်ကို ရှာကျွေး မှာလဲ"

သို့ မေးလာသဖြင့် ဓားမိုးတောင်က သူ့လက်တွင်းမှ ဓားမြှောင် ကို မြှောက်ပြကာ...

"သုံးယောက် စားလောက်တဲ့ သားကောင်ကို သည်ဓားမြှောင် လေးနဲ့တော့ ရနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်ရင်း သရော်ပြုံး ပြုံးပြလိုက်ချေ၏။

"ဟင်း‥ ဟင်း‥ ဟင်း‥"

ငါးဖိုးထောင်က ဘာကို သဘောကျသွားလေသည်မသိ။

"မင်း ဘာရယ်တာလဲ‥‥"

"ဒေါ်လေးက သူငယ်ချင်းကို သနားတယ်"

"ဘာကွ‥‥"

"ဟင်း‥ ဟင်း‥ ရှင် သွားရှာလေ၊ ဖြစ်နိုင်ပါ့မလား"

"ကျုပ် သဘောပေါက်ပြီ တူအရိုးနှစ်ယောက် ခဏနားနေခဲ့ကြချေ၊ ကျုပ် ခုပဲ သွားရှာခဲ့မယ်"

သို့ဆိုလျက် ဆေးဖိုးထောင်တစ်ယောက် သူတို့အပါးမှ ထွက်သွားလေတော့၏။

"ဟုတ်ပါပြီရှင်"

"သူငယ်ချင်း မြန်မြန်ပြန်လာခဲ့နော်‥‥ ဆာပြီကွ‥"

"အေးပါ သူငယ်ချင်းရာ‥‥ ငါလည်း ဆာနေပါပြီ"

သို့လည်း ပြောခဲ့တော့၏။

"တောတောင်ပဲ သားကောင်တစ်ကောင်တော့ တွေ့ရမှာပေါ့"

သို့ သူ တွက်ထားပေပြား အတန်လှမ်းလှမ်းသို့ ခရီးပေါက်ခဲ့ပေပြား သားကောင် မပြောလေနှင့် ငှက်တစ်ကောင်မှ သူ မတွေ့မိသေးပါချေ။ သို့ပေမင့် သူသည် မိန်းမပျို့ကို ရဲရဲဝံ့ဝံ့ဖြင့် ကြွားဝါပြောခဲ့လေသည်ကြောင့် မဖြစ်မနေ သားကောင်တစ်ကောင် ရှာဖွေသွားရပေမည်အသိဖြင့် တောတိုးခဲ့ပြန်ချေတော့၏။

ကံအားလျော်စွာပင် သစ်ပင်နွယ်တစ်ခုထက်တွင် မြွေတစ်ကောင် တွေ့လိုက်ချေ၏။



လင်းမြွေပါကလား။

သို့ကြောင့် ဆေးဖိုးထောင်သည် ထိုလင်းမြွေကောင် ရှိရာသို့ သူ့လက်တွင်းမှ ဓားမြှောင်ဖြင့် လှမ်းပစ်လိုက်ချေတော့၏။

"ဂွစ်"

"ဖွရော"

"ဘုတ်"

ဘုရားရေ‥ သူ ပစ်ချက် လွဲချော်သွား၏။ လွဲချော်သည်ဆိုရာ၌ ရှုပ်ယှက်ခတ်နေသော နွယ်တို့ ပိတ်ဆို့တားဆီးနေလေခြင်းကြောင့် ဖြစ်ချေ၏။

မြွေကောင်သည် ရှောခနဲ ထွက်သွားချေတော့၏။

"တောက်"

လက်လွှတ်လိုက်ရချေပြီ ဖြစ်၏။

ထပ်တောတိုးရှာရပေဦးမည်၊ သို့ဆိုတော့ ခရီးဆန့်ခဲ့ပြန်၏။ သို့ဆိုတော့ သူ ခရီးလွန်ခဲ့တော့၏။ ခြေကုန်လက်ပန်းကျလာခဲ့တော့၏။

သားကောင်ရဖို့နေနေသာသာ သူသည်ပင် ငါးဖိုးထောင်တို့ရှိရာ ပြန်သွားဖို့ရာ အခက်တွေ့ရချေတော့၏။

ဘုရားရေ‥‥

မတတ်သာသည့်အဆုံး နီးရာသစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။

သူ ပင်ပန်းနေလေပြီဖြစ်သည်ကြောင့် ခေတ္တနားနေ အင်အားရရပေဦးမည်။ ပြီးတော့မှ ငါးဖိုးထောင်တို့ထံ လမ်းရှာပြန်သွားရပေမည်။

မိန်းမပျိုလေးနှင့် ကလေးငယ်တစ်ယောက်ကို တောထဲတောင်ထဲ ထားရစ်ခဲ့မိသည့် သူ့အဖြစ်ကိုလည်း စဉ်းစားမိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါ မှားသွားတယ်"

သို့ တွက်မိ သိလိုက်ပေပြား သူ မောပဟိုက်နှမ်းနယ်နေလေခြင်းကြောင့် သစ်ပင်ကို ကျောမှီ မှိန်းနေလိုက်၏။

သို့မှ သူ၏မျက်ခွံများ လေးလံလာကာ အိပ်ပျော်သွားတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည် မသိ၊ ပျော့စိစိအရာတစ်ခုက သူ့ကိုယ်ပေါ်သို့ ပြုတ်ကျလာသည်ကြောင့် လန့်ဖျပ်နိုးလာတော့၏။

ဘုရားရေ . . .

သူ လွန်မင်းစွာ အံ့ဩသွားတော့၏။

ဖွတ်ကျားကြီးတစ်ကောင်ပါလား။

သို့ကြောင့် သူသည် ရုတ်တရက် ရန်ထလိုက်ကာ လက်တွင်းရှိ ဓားမြှောင်ဖြင့် ဖွတ်ကျားကြီးကို ထိုးသတ်ရန် ကြိုးစားလိုက်၏။

"ဟင်"

ဖွတ်ကျားသည် သေနေသော အကောင်ပါလား၊ ဘယ်လိုက ဘယ်လို သူ့ကိုယ်ပေါ် ကျလာတာပါလိမ့်၊ သူကျောမှီအိပ်နေသော သစ်ပင်ပေါ်မှ သေ၍ ကျသောသည်ဆိုတော့ သစ်ပင်ပေါ်တွင် ဖွတ်ကျားကို သတ်လိုက်သည့် သားကောင် ရှိပေလိမ့်မည်။ သို့ကြောင့် သစ်ပင်ပေါ်သို့ မော်ကြည့်လိုက်၏။

မည်သည့်သတ္တဝါကောင်မျှ မတွေ့ပါချေ။ သို့ဆိုတော့ သူ စဉ်းစားမရ ဖြစ်ချေ၏။ ဖွတ်ကျား ဘယ်လိုဒဏ်ရာဖြင့် သေနေရတာပါလိမ့်၊ သို့အတွေးဖြင့် ဖွတ်ကျားကို စေ့စေ့လှန်လှော ကြည့်နေတော့၏။



ဘုရားရေ . . ဦးခေါင်းတွင် ကြွေမွဒဏ်ရာတော့ တွေ့ရ၏။ သို့ဆိုတော့ တစ်စုံတစ်ဦးက မာကျောသောအရာဖြင့် ပစ်လိုက်လေခြင်း ဖြစ်ချိမ့်မည်။ မည်သူ မည်သည့်လက်နက်ဖြင့် ပစ်လိုက်တာပါလိမ့်၊ ထိုသူ သူ့ထံ ရောက်အလာကို စောင့်ကြည့်နေလိုက်၏။

အတန်ကြာသည့်တိုင် မည်သူတစ်ဦးတစ်ယောက်မျှ ထွက်လာခြင်း မရှိသဖြင့် . . .

"အင်း . . သည်ဖွတ်ကောင် ဒဏ်ရာရပြီး ပြေးလွှားရင်း ငါ့နားကျမှ ပြုတ်ကျလာတာကြောင့် သူပစ်လိုက်တဲ့သူ သူ့နောက်မလိုက်နိုင်ဘဲ မျက်ခြည်ပြတ်သွားတာ ဖြစ်မယ်၊ သို့ဆိုတော့ သူ့ကံကောင်းသည် ပြောရချိမ့်မည်။ ထိုဖွတ်ကောင်ကိုယူ၍ ငါးဖိုးထောင်တို့ထံ ပြန်သွားရပေလိမ့်မည်။

ဘာမျှ မပြောတဲ့နေလျှင် သူ ပစ်ခတ်ဖမ်းလာတာဟု ထင်ပေလိမ့်မည်။ သို့ဆိုတော့ သူ့အသာလေး မှိန်းနေလိုက်ရုံဖြင့် မိန်းမပျိုလေးက သူ့ကို အထင်ကြီးသွားနိုင်လောက်၏။

သို့အတွေးဖြင့် သူသည် ကျေနပ်ပြုံးကာ ဖွတ်ကောင်ကို ဆွဲကိုင်ကာ ထိုနေရာမှ ထခဲ့ချေတော့သည်။

သို့ စခန်းနေရာသို့ ပြန်လာခဲ့သည်တွင် သူ့အနေဖြင့် စမ်းတဝါးဝါး ဖြစ်ပေမင့် အံ့ဖွယ်ကောင်းသည်မှာ တစ်စုံတစ်ဦးက သူ့နောက်မှသော်လည်းကောင်း ရှေ့မှသော်လည်းကောင်း ခြေသံပေး၍ လမ်းပြနေသလိုပင် သူ ထင်မိသေး၏။ ပထမတော့ သူ စိုးရိမ်စိတ်ရှိခဲ့ပေပြား လမ်းမှားနောက် လိုက်မိခဲ့လျှင်လည်း တောတောင်ထဲတွင် သူ တစ်ယောက်တည်း မျက်စိလည် လမ်းမှားနေသည်ထင်တာလျှင် ခြေသံရှင်ကို အမှီလိုက်၍ အကူအညီ တောင်းခံနိုင်လိမ့်မည်ဟုလည်း

www.burmeseclassic.com

www.burmeseclassic.com



တွက်ဆမိပြီ ဖြစ်၏။ သို့ကြား သူ လွန်မင်းစွာ ကံကောင်းပုံရလေ၏။

"ဟာ…သူငယ်ချင်း တယ်ဟုတ်ပါလား။ ဖွတ်ကောင် ရလာတယ် အဆင်ပြေတာပေါ့နော်"

သို့ဆိုသလို ငါးဖိုးထောင်က ပြောလေ၏။ သူသည်လည်း မိန်းမပျိုကိုကြည့်၍ ကြွားကြွားဝါးဝါးလုပ်ကာ ဖွတ်ကောင်ကို ပြလိုက်၏။

"ကျေးဇူးတင်ပါတယ်ရှင့်"

မိန်းမပျို သို့ ပြောလာ၏။ ပြီး ဖာသိဘာသာနေလိုက်၏။ ထိုသည်ကို သူ မကျေနပ်။ ဘယ့်တွက်မှ ဆာလောင်မှု ပြေပျောက်ရန်အတွက် သူ စားစရာ အားကြိုးမာန်တက် ရှာသွားခဲ့သည်ကို ဝမ်းသာစကား မပြောသည့်အပြင် သူ့ကိုလည်း အရေးလုပ်မေးမြန်းခြင်း မရှိသောကြောင့် ဖြစ်ပေ၏။ သို့သည်ပဲလည်း မဟုတ်၊ သူ့ကို ကြည့်၍ မခန့်လေးစား သရော်ပြုံး ပြုံးပြလာလေခြင်းကြောင့် ဖြစ်၏။

သို့ပေမင့် သူသည် ရလာသော ဖွတ်ကောင်ကို အရေခွာ၍ အသားဖျက် တံစို့ထိုး၍ မီးကင်လိုက်ချေ၏။

အင်း တစ်ခုတော့ ကောင်းသည်ပြောရချိမ့်မည်။

မိန်းမပျိုက အရံသင့် မီးဖိုထားခြင်းကြောင့် ဖြစ်ချေ၏။ သို့ကြောင့် ကျေးဇူးတင်တယ်လို့ အရင်းမရှိ အဖျားမရှိ ပြောလိုက်လေသဖြင့်…

"ရှင်…ဘာအတွက်လဲ"

သို့ မိန်းမပျိုက အံ့သြတကြီးဖြင့် မေးလာချေတော့၏။

သည်တွင် သူက မိန်းမပျိုကို ကျေနပ်ပြုံး ပြုံးပြလိုက်ချေပြီး

"ကျုပ် သားကောင်ရမယ်ဆိုတာ ကြိုသိထားပုံရလို့ မီးပုံလုပ်ထားတဲ့အတွက်ကြောင့်ပေါ့"



လို့ ခပ်ကြွားကြွား ပြောလိုက်လေတော့၏။

သည်တွင် မိန်းမပျိုက ဘာမျှတော့ဖြင့်မပြော သူ့ဘာသာ ပြုံးလိုက်ကာ တစ်ဖက်လှည့်သွားချေတော့၏။"

"နို့ နေပါဦး။ သည်ဖွတ်ကို ရှင် ဘာနဲ့ပစ်ဖမ်းတာလဲ"

သို့ ရုတ်တရက် အမေးစကားကြောင့် ငါးဖိုးထောင် တုန်လှုပ်သွားရတော့၏။ သူ့ဝမ်းနာ သူ့ဘာသာလျှင်အသိဆုံး မဟုတ်ပါကလား။ သို့ပေမင့်လို့ သူသည် မိန်းမပျိုကို ပြုံးစစမျက်နှာပေးဖြင့် ကြည့်လိုက်ချေပြီး…

"ဟင်း…ဟင်း…သည်ဖွတ်ကောင် သစ်ပင်ပေါ်အထက်မှာ ကျုပ် ခဲလုံးကြီးကြီးနဲ့ ပစ်ဖမ်းလိုက်တာပေါ့"

"ရှင် လက်မှန်းတည့်သားပဲ ဦးခေါင်းထိပြီး ကြေမွသွားမှာပေါ့နော်"

ဘုရားရေ…မိန်းမပျိုကို သံသယမကင်း ဖြစ်မိပေပြားသန်ကိုယ့်ဖို့အနေဖြင့်…

"ဟုတ်တယ်ဗျ…ပစ်လိုက်တုန်းကတော့ ဘယ်ထိထိပါ။ ပေမင့် ဦးခေါင်းကို ထိသွားတယ်ဗျာ"

"အင်း ခဲလုံးကြီးကြီးကြောင့် တစ်ခေါင်းလုံး ကြေမွသွားမှာပေါ့"

သို့ မေးလာပြန်သည်တွက် ငါးဖိုးထောင်သည် မိန်းမပျိုကို သေစေ့ကြည့်လိုက်ချေပြီး…

"နို့ပေါ့ဗျာ"

သို့သာ သူ ပြောရ၏။ ဖွတ်သေသူ့မြင်စကာ သေးငယ်မှုကျသည့် အရာတစ်ခုနဲ့ ပြင်းထန်စွာ ရိုက်ခတ်မိရာ ခေါင်းတင်စိတ်သာ်ဒေသ ကြေမွသွားခြင်းသာ ဖြစ်၏။ သူမ အမှတ်တမဲ့ ဖြစ်နေ၍

www.burmeseclassic.com

www.burmeseclassic.com



တော်သေးရဲ့ဟု တွက်လိုက်၏။ ဘယ့်တွက်မှ သူဖွတ်ကောင်
ပြလိုက်တုန်းက ဦးခေါင်းတစ်ခေါင်းလုံး ကြေမွနေခြင်းမှ မရှိ
ကလား။ အင်း တော်ပါသေးရဲ့။

"ဂစ်"

"ဂိုးလ်"

သို့ရှိစဉ် သိန်းငှက်နှစ်ကောင် ပြန်ရောက်လာ၏။ သူတို့
သခင်မဖြစ်သူ မိန်းမပျို၏ ပခုံးထက်တွင် တစ်ကောင် လက်ဖျံပေါ်တွ
တစ်ကောင် နားနေလေခြင်း ဖြစ်၏။

"သူတို့အတွက် အစာရှိတယ် မဟုတ်လား"

ဓားဖိုးထောင်က မိန်းမပျိုကို မေးလိုက်၏။

"သူတို့ဘာသာ ရှာစားတတ်ကြပါတယ်"

"နို့ပေမင့် ကျုပ် ဖွတ်ကောင် ဖျက်တုန်းက အတွင်းကလီစ
တွေ ထားထားတာရှိတယ်"

သို့ဆိုလျှင် ဓားဖိုးထောင်သည် ခပ်လှမ်းလှမ်း သစ်ပင်အခြေ
တွင်ရှိသည့် ဖွတ်အတွင်းကလီစာ အချို့ကိုယူ၍ သိန်းငှက်နှစ်ကောင်
ကို ခေါ်ကျွေးလိုက်ချေ၏။

"ငါ မင်းတို့ကို သတိရပါတယ်ကွာ"

သို့လည်း ပြောလိုက်ချေ၏။

သို့ဆိုတော့ မိန်းမပျိုက ဓားဖိုးထောင်ကို စေ့စေ့ကြည့်လာ
ချေတော့၏။

ဘယ်လိုသဘောနှင့် ကြည့်လေသည်တော့ မသိပါချေ။ သူမ
ကိုယ်နှိုက်သာလျှင် သိပေလိမ့်မည်။

"ကျုပ်တို့တွေ သည်မှာပဲ ညအိပ်စခန်းချရလိမ့်မယ် ထင်



တယ်"

"နို့ပေါ့ရှင်"

သို့ဆိုသလိုပင် သူတို့သည် ထိုနေရာလေးတွင် ညအိပ်စခန်း
ချရန် သတ်မှတ်လိုက်သည်နှင့်...

"နို့ဆိုတော့ ဟိုရှေ့က သစ်ပင်ကြီးမယ် ညအိပ်ဖို့ရင်
အကောင်းဆုံး။ အတော်ဆုံးဖြစ်လိမ့်မယ်၊ အဲ မီးပုံတော့ အဲဒီနား
ရွှေမှ ဖြစ်မယ်"

ခပ်လှမ်းလှမ်းရှိ သစ်ပုတ်ပင်ကြီးကို လှမ်းကြည့်ပြောလိုက်
သည့် ဓားဖိုးထောင်ကို မိန်းမပျိုက စေ့စေ့ကြည့်နေလေပြီး ဘာကို
သဘောကျ ပြုံးသွားလေသည် မသိပါချေ။ မည်သို့ပင်ဆိုစေ သစ်ပုတ်
ပင်ကြီး၏ အောက်ခြေပိုးပျဉ်ဆောင်ကြီးများသည် သူတို့သုံးယောက်ကို
လေဒဏ်မှ ကောင်းကောင်းကာကွယ်ပေးနိုင်ချေတော့၏။

သို့ဆိုတော့ ငါးဖိုးထောင်က အလယ်က ဖြစ်ချေ၏။

ဓားဖိုးထောင်တစ်ယောက် ထိုည အတော်နှင့် အိပ်မပျော်၊
သို့ကြောင့် ခပ်လှမ်းလှမ်းရှိ မီးပုံ ရှိရာသို့ သွားလိုက်၏။

မိန်းမပျိုနှင့် ငါးဖိုးထောင် အိပ်ပျော်နေပြီဟု ထင်လိုက်ပေမင့်
သူမီးပုံနား ရောက်လေသည်တွင် သူမနှင့် ငါးဖိုးထောင်သည်လည်း
သူထံသို့ ရောက်လာပြီ ဖြစ်တော့၏။

"ဘာလဲ အိပ်မပျော်ဘူးလား"

"အိပ်မပျော်လို့ ထလာတာပေါ့ သူငယ်ချင်းရာ"

သို့ ငါးဖိုးထောင်က ပြောလေ၏။

"ခင်ဗျားလည်း အဲလိုပဲပေါ့"

ဓားဖိုးထောင်က မိန်းမပျိုကို ကြည့်၍ ပြောလိုက်၏။

www.burmeseclassic.com



သူမက ဘာမှ ပြန်မပြော၊ ခပ်မဆိတ်သာ နေလေတော့သဖြင့် ဓားဖိုးထောင် မကျေမနပ် ဖြစ်သွားတော့၏။

သို့ကြောင့် ဓားဖိုးထောင်သည် မီးပုံနားမှ ပြန်ခွာကာ သစ်ပုတ်ပင်ကြီးအခြေဆီသို့ ပြန်လာလိုက်တော့၏။

သူနေရာတွင် ငြိမ်သက်စွာနေရင်း မီးပုံနားရှိ ငါးဖိုးထောင်တို့တူအရိုးကို ငေးကြည့်နေ လေတော့၏။

ဓားဖိုးထောင်နှင့် မိန်းမပျို ဘာတွေပြော သဘောကျနေရလေသည်မသိ၊ ကြည့်စမ်း သူအနားရှိစဉ်ကတော့ သူမက တေမိလိုလုပ်နေ၏၊ သူ့အား အဖက်မတန်သလို ဆက်ဆံနေသည်များလား။

ဓားဖိုးထောင်သည် သို့ကြည့်ရင်း၊ တွေးရင်းကြားမှ အိပ်ပျော်သွားတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည် မသိ၊ အေးစက်စက် အရိအခွဲတို့က သူ၏ပါးပြင်ပေါ်သို့ ကျလာသဖြင့် သူ အိပ်ရာမှ နိုးလာရ၏။

"ဘာဖြစ်တာလဲ"

သူ သစ်ပင်ပေါ်သို့ မော်ကြည့်လိုက်၏။

"ဂုစ်"

"ဂစ်"

"ဂစ် ဂီးလ်"

"တောက်"

သူ တောက်တစ်ချက် ခေါက်လိုက်၏၊ အနီးရှိ တစ်လုံးကို ကောက်ယူ၍ သစ်ပင်ထက်မှ သိန်းငှက်ကောင်ကို လှမ်းပစ်လိုက်၏။

"ဂီးလ်"



သူ ပစ်လိုက်သော ခဲတစ်လုံးသည် ထိုသိန်းငှက်ကောင်ထိဖို့ နေနေသာသာ နားနေရာသစ်ကိုင်းဆီသို့ပင် မရောက်ခဲ့ရှာချေ။

"ဟင်း . . . ဟင်း . . . ဟင်း . . . ဟင်း . . ."

"တကယ်တော့ ရှင်-လာဘ်ကောင်းတဲ့သဘောပါ"

"ဘာဗျ . . မျက်နှာပေါ်ကို ငှက်ချေးကျတာ လာဘ်ကောင်းမှာလားဗျ၊ သည်သိန်းငှက်ကောင် ကျုပ်ကို သက်သက်လုပ်တာ ဖြစ်မယ်"

ဓားဖိုးထောင် ရှက်လည်း ရှက်သွား၏။

သူနိုး လူမိုသလို ဖြစ်သွားလေခြင်း မဟုတ်ပါကလား၊

အရေးထဲ သိန်းငှက်ချေးပျော့ပျော့ကလည်း နံလိုက်တာ။

"ဟား . . . ဟား . . . ဟား . . . သူငယ်ချင်းရယ် ဒါ လာဘ်ကောင်းတာပေါ့ဗျ၊ မယုံ ကြည့်လေ သည်ကနေ ထွက်တာနဲ့ ခင်ဗျားအားကောင်တစ်ကောင် ပစ်ခတ်ရနိုင်လိမ့်မယ်၊ လောင်းမလား"

"မလောင်းဘူး"

သို့ ဓားဖိုးထောင် စိတ်ဆိုးဆိုးဖြင့် ပြောလိုက်၏။

"ကဲပါ အဖေ့ကို လိုက်ရှာရဦးမယ်"

သို့ဖြင့် သူတို့သည် ထိုနေရာမှ ထွက်ခဲ့ကြတော့၏။

နေမထွက်သေးသည့်ကြောင့် သစ်ပင်ကြီးများတောအတွင်း မှောင်နေခြင်းကြောင့် အေးစိမ့်လို့ ရှိချေတော့၏၊ သည့်ပြင် ချောင်းငယ်လေးကို စုန်လျှောက်ခဲ့လေခြင်းကြောင့် ပို၍ အေးခြင်းကို ခံစားကြရ၏။

သူတို့သည် ချောင်းရေအတွင်း ဖြတ်လျှောက်ခဲ့ကြရာမှ ချောင်းကွေ့နိမ့်နိမ့်လေးသို့ ရောက်လေသည့်တွင် . . .

"ကမ်းပေါ်တက်သွားကြမယ်"

www.burmeseclassic.com



အေးစိမ့်သည့်ဒဏ်ကို မခံနိုင်တော့သည်ဖြစ်၍ မိန်းမပျိုက
သို့ပြောလေခြင်း ဖြစ်ချိမ့်မည်။

သို့ဆိုတော့လည်း ငါးဖိုးထောင် နားလည်ပေးရလိမ့်မည်။

မိန်းမပျိုအနေဖြင့် အေးလွန်း၍ မဖြစ်သည်ကို၊ မတတ်သာ
တော့ သူသည် ချောင်းအတိုင်းသာ စုန်ဆင်းလိုသူ ဖြစ်၏။ ဘယ်
တွက်မှု ချောင်းတွင်း အိုင်လေးများတွေ့လျှင် ငါးရှာရန်အတွက် ဖြ
ချေ၏။

ချောင်းကမ်းပေါ်က လျှောက်သွားလိုက်တော့ စားစရာရှာရ
လွယ်လိမ့်မည်မထင်။

သူတို့တွင် မည်သည့်လက်နက်မျှ ပါလာကြသည် မဟုတ်

သူတွင်ရှိသည့် ငါးမြှောင်လေးကလည်း မလောက်လေ
မလောက်စား မဟုတ်ပါကလား။

သို့ပေမင့်လို့ မိန်းမပျိုသည် ချောင်းကမ်းပေါ် တက်လိုခြင်း
လိုက်လျှောက်လိုက်ခြင်းကြောင့် သွားရင်းလာရင်း မမျှော်လင့်ဘဲ စားစရာ
သတ္တဝါတစ်ကောင်ကို မျက်စိထင်ထင် မြင်လိုက်ချေတော့၏။

"ဟာ ဟိုမယ် ဖွတ်ကောင်"

မနေ့က ရလိုက်သော ဖွတ်ကောင်ထက် ကြီးပုံရ၏။ ဗိုက်
ဖောင်းကားကား အမြီးတုတ်တုတ် ဦးခေါင်းကသေးသေး။

သူတို့နှင့် သိပ်လှမ်းပုံမပေါ် ကျောက်ခဲဖြင့် လှမ်းပစ်လို့ ရနိုင်
သော အနေအထား ဖြစ်၏။

သို့ကြောင့်...

"ဖွတ် ဖွတ် တွေ့ပြီ ရှင် ပစ်လေ၊ ရှင်က လက်မှန်းတည်
တယ် မဟုတ်လား"



မိန်းမပျိုက သို့ သူ့ကို ပြောလာ၏။

သို့ကြောင့် သူသည် နီးရာမှ ကျောက်ခဲကြီးကြီးတစ်လုံးကို
ကောက်ယူ၍ ဖွတ်ကောင်ကို လှမ်းပစ်လိုက်ချေတော့၏။

"ဘုတ်"

"ဟာ"

"ဟင်"

"ပြေးပြီ...ပြေးပြီ...သူငယ်ချင်းကလည်း ထိအောင်ပစ်
သေးဗျာ"

ငါးဖိုးထောင် ရက်သွားမိ၏။ ဝေးလှသည် မဟုတ်။ သူ၏
ပစ်ချက် လွဲချော်သွားလေသည်ကို၊

"ရှင် အတော်ညံ့တာကလား"

"ဗျာ"

သို့ ရှုတ်ချပြောလာသည့် မိန်းမပျိုကို မကျေမနပ် ကြည့်
လိုက်၏။

"ကြည့်ပါဦး"

သို့ဆိုလျက် နောက်ထပ် ခဲတစ်လုံး ကောက်ကိုင်ကာ လှမ်း
ပစ်လိုက်ပြန်၏။ သည်တစ်ခါတွင် ဖွတ်ကောင် သစ်ပင်အရင်းမှ အပင်
ပေါ်သို့ ကပျာကသီ ပြေးတက်သွားပြန်တော့၏။

လွဲသွားပြန်သည်ကို၊

"ဟင်း...ဟင်း...ဟင်း...သည်ဖွတ်ကောင်ကို အလွတ်
ပေးလို့ မရတော့ဘူး ထင်တယ်"

သို့ပြောသံကို သူကြားလေသဖြင့် သူသည် ခဲတစ်လုံး
ကောက်ယူပစ်လိုက်ပြန်မည် လုပ်သည့်တွင်...

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပစ်မနေပါတော့နဲ့ ခဲလည်း ဖွတ်ကောင်ဆီ ရောက်မှ မဟုတ်တော့ဘူး"

သို့လည်း အဟုတ်သားကလား။ ဖွတ်ကောင် သစ်ပင်ပေါ်သို့ ရောက်သွားလေပြီပဲ။ သူ လှမ်းပစ်လည်း လက်တစ်ကမ်းမကသော အကွာအဝေး သစ်ကိုင်းထက် ရောက်သွားလေပြီ ဖြစ်သည်။

"နို့ဖြင့် အလွတ်ပေးလိုက်ရတော့မှာပေါ့"

"ဘယ်အလွတ်ပေးလို့ ဖြစ်ပါ့မလဲ"

"ဟင်...နို့ဖြင့် ဘာလဲ ခင်ဗျားက သစ်ပင်ပေါ်ထိ တက်လိုက်ဖမ်းမလို့လား"

သို့ ငါးဖိုးထောင်က မိန်းမပျိုကို ကြည့်၍ပြောလိုက်၏။

"ဟင်း...ဟင်း...အဲလိုတော့ ဘယ်ဟုတ်မလဲ၊ ဖိုးထောင် ... ဖိုးထောင်"

သို့ ဇာတ်ဆရာဖြစ်သူကို လှမ်းခေါ်လိုက်ချေ၏။

"ဘာလဲ...ဒေါ်လေး"

"မင်း...လောက်လေးခွ ပါတယ်လား"

"ပါတာပေါ့"

အလိုလေးဗျာ...ငါးဖိုးထောင်တွင် လောက်လေးခွ ရှိနေတာ သူ မသိပါကလား။

"ပေးစမ်း ဒေါ်လေးကို"

သို့ဆိုတော့ ငါးဖိုးထောင်က...

"ဒေါ်လေး သား ပစ်မယ်"

"သွားစမ်းပါ။ မင်းလက်အကြောင်း ငါ သိတယ်၊ မင်း ကျွမ်းကျင်တာ ရေထဲက ငါးတွေဖမ်းဖို့ပဲ မဟုတ်လား"



"အဲလိုဖြင့်လည်း ရော့ဗျာ"

သို့ဆိုသလို ငါးဖိုးထောင်သည် လောက်လေးခွကို မိန်းမပျိုအား ခေါင်းကြီးအောင့်ကြီး လှမ်းပေးလိုက်ချေ၏။

"ဘုရားရေ"

မိန်းမပျိုသည် လောက်လေးခွကို ကောက်ယူ၍ လောက်လုံးတည့်ကာ ဖွတ်ကောင်ရှိနေသည့် သစ်ကိုင်းထက်သို့ လှမ်းချိန်လိုက်ချေ၏။

"ဖြစ်နိုင်ပါ့မလား"

သို့ သူတွေးရင်း ငေးကြည့်နေမိတော့၏။

"ဝုတ်"

"ဖုတ်"

"ဘုတ်"

ဘုရားရေ...ငါးဖိုးထောင်တစ်ယောက် မိန်းမပျိုကို အံ့သြတကြီး လှမ်းကြည့်မိချေတော့၏။

"သား သွားကောက်မယ်"

သို့ဆိုလျက် ငါးဖိုးထောင်သည် ထိုသစ်ပင်အောက်သို့ ပြေးသွားချေတော့၏။

"ခင်ဗျား လောက်လေးခွပစ် ကျွမ်းကျင်သားကလား"

"ဟာ...ဒေါ်လေးက လက်မှန်းတည့်တုန်းပါလား၊ သားတောင် ဒေါ်လေး လောက်လေးခွ မကိုင်တာကြာလို့ အရင်ကလို လက်မှန်းတည့်မှ တည့်ပါ့မလားလို့..."

သို့ပြောရင်း ငါးဖိုးထောင်သည် ဖွတ်ကောင်ကို အမြီးမှ ဆွဲကိုင်ယူလာလေ၏။

www.burmeseclassic.com



"ရော့ သူငယ်ချင်း ဒေါ်လေး ပစ်လိုက်ရင် ခေါင်းကိုရှည်းပဲဗျ"

"ဘုရားရေ"

ငါးဖိုးထောင် ပြလာသည့် ဖွတ်ကောင်သည် ဦးခေါင်းကြေမွ ဒဏ်ရာဖြင့် သေဆုံးခဲ့ရလေခြင်း ဖြစ်တော့၏။

စားဖိုးထောင်တစ်ယောက် လွန်မင်းစွာ ထိတ်လန့်သွား၏။

ဘယ်တွက်မှု မနေ့က သူ ရခဲ့သော ဖွတ်ကောင်၏ဒဏ်ရာ နှင့် တစ်ထေရာတည်း တူနေသောကြောင့်ပင် ဖြစ်ချေ၏။

သို့ဆိုပါလျှင် စားဖိုးထောင်သည် မိန်းမပျိုကို မဝံ့မရဲ လှမ်း ကြည့်လိုက်၏။

သူမကာ သူ့အား သရော်ပြုံးပြလေသည်နှယ် ရယ်လျက် ရှိချေတော့၏။

ဘုရားရေ...

သူကိုယ်သူလည်း ပြန်ဆန်းစစ်မိတော့၏။ မနေ့က ဖွတ် ကောင်ကို သူမပင် ပစ်ခတ်လိုက်လေခြင်းများလား။ သို့ဆိုလျှင်...

သို့အတွေးဖြင့် လွန်မင်းစွာ တုန်လှုပ်သွားမိချေတော့၏။

သို့ကြောင့် မိန်းမပျိုကို ကြည့်နေသည့် အကြည့်ကို ရုတ်ခြည် လွှဲလိုက်၏။ ခေါင်းအောက်စိုက် ငုံ့နေလိုက်တော့၏။

"ရှင် မနေ့ကမိတဲ့ အကောင်ထက် ကြီးပါတယ်နော်၊ ဟဲ ဟဲ...ဟဲ"

သို့ဆိုသလို မိန်းမပျိုက ပြောလေ၏။ သူ လွန်မင်းစွာ ထိတ် လန့်နေရတော့၏။ မိန်းမပျို သူ့အား လှောင်ပြောင်နေသည့်အလား ထင်နေမိတော့သည်။

"ရှင် ဆက်တာဝန်ယူစမ်းပါ၊ ရေနွေးကျရင် ခဏနေးကြည့်



ဖွတ်ကောင် ကင်စားကြတော့ပေါ့"

သို့ဆိုလျက် မိန်းမပျိုသည် ငါးဖိုးထောင်ကို မျက်နှာရိပ် မျက်နှာကဲပြကာ ထင်းခြောက်တုံးများကို လိုက်လံကောက်နေချေ သော်၏။ သည်တော့ သူ ဖွတ်ကောင်ကို အသားဖျက် တံစို့ထိုးပေး ရတော့မပေါ့။

သို့လည်း ကောင်းတာကလား။ မိန်းမပျိုကို မျက်နှာမပူရ သော့အားပေါ့

သို့ဖြင့် သူသည် ဖွတ်ကောင်ကိုယူ၍ အရေခွံ ဆုတ်ခွာ လိုက်၏။ အသားဖွေးဖွေး သွေးသံရဲရဲတို့ကို တံစို့ထိုး မီးကင်ရန် ပ်လှိုလိုက်တော့၏။

ပြီးလျှင် အရံသင့် မီးရှိန်ကောင်းကောင်းရှိသည့် မီးပုံနံဘေး င် ထိုးစိုက်လိုက်ချေတော့သည်။

သို့ဖြင့် သူတို့သည် ဖွတ်သားကျက်သည်တွင် စကားတပြော ပြောနှင့် စားလိုက်ကြ၏။

"နို့ နေပါဦး...မင်းနာမည် မသိရပေဘူးလား"

ရုတ်တရက် စားဖိုးထောင်အမေးကြောင့် မိန်းမပျိုသည် အံ့သြတကြီး ဖြစ်သွားတော့၏။ ပြီးလေမှ...

"အလိုလေးရှင် နာမည်သိတော့ကော ဘာလုပ်ရမှာတုံး"

"လူဆိုတာ နာမည်ရှိရမှာပေါ့"

သို့ စားဖိုးထောင်က ပြောသည်တွင် ငါးဖိုးထောင်က ပြုံးစိစိ မျက်နှာလေးဖြင့် ကြည့်လာချေပြီး...

"ဒါ ကျွန်တော်ပြောတဲ့ စကားလေ"

သို့ ဝင်ပြောလာလေသည့်တွင် စားဖိုးထောင်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ငါးဖိုးထောင်ကိုကြည့်၍ ပြုံးလိုက်ကာ···

"အေးလေကွာ မင်းဒေါ်လေးကို ပြောပြလိုက်စမ်းပါ"

သို့ ပြော-ိုက်လေ၏။

သည်တွင် ငါးဖိုးထောင်က···

"ဒေါ်လေး သားသူငယ်ချင်းရဲ့ နာမည်ကိုလည်း အဲလို

မေးလိုက်တာလေ၊ နာမည်လည်းသိကော သူငယ်ချင်း ဖြစ်သွားတာ

ဒေါ်လေးလည်း ပြောလိုက်လေ ပြီးတော့ သူငယ်ချင်းလုပ်ကြတာပေ

သို့ ငါးဖိုးထောင်က ပြောလေသည်တွင် မိန်းမပျိုသည

ရက်ကိုးရက်ကန်း ဖြစ်သွားချေပြီး···

"သည်ကောင်လေးတော့ ပေါက်ကရတွေ ပြောလာပြန်

အံလေးကြိတ် ကြိမ်းဝါးလိုက်ချေပြီး···

"ဒေါ်လေး လူမှန်ရင် နာမည်ရှိရမယ်တဲ့၊ ဒေါ်လေးက

မဟုတ်လား။ မြန်မြန်ပြောလိုက်လေ···နို့မဟုတ် ဒေါ်လေးကို လူ

ထင်တော့မှာ မဟုတ်ဘူး"

"သေနာလေး···"

သို့ ငါးဖိုးထောင်ကို မျက်စောင်းထိုးကြည့်ပြောကာ ဓား

ထောင်ဘက် ပြန်လှည့်၍···

"မယ်မယ်"

လို့ ပြောလိုက်လေ၏။

"ဗျာ ဘာရယ် မယ်မယ် ဟုတ်လား"

"ဟုတ်တယ်"

"နာမည်က အဆန်းသားကလား"

"ဒေါ်လေးကလည်း အပြည့်အစုံ ပြောလိုက်လေ"



သို့ ငါးဖိုးထောင်က ဝင်ပြောလာပြန်သဖြင့် မိန်းမပျိုသည်

မျက်စောင်းထိုး အံခဲကြည့်လိုက်ချေပြီး···

"နို့ဖြင့် နင် ပြောလိုက်"

လို့ ပြန်ပြောလေတော့၏။ သို့ဆိုတော့ ဓားဖိုးထောင်သည်

···ဖိုးထောင်ကို စေ့စေ့ ကျေနပ်စွာ ကြည့်လိုက်ချေပြီး···

"သူငယ်ချင်း ပြောစမ်းကွာ···မြန်မြန်"

သို့ ဆိုလေတော့၏၊ သည်တွင် ငါးဖိုးထောင်က ရင်ကိုကော့

···လိုက်ကာ···

"ဒေါ်လေးနာမည် အပြည့်အစုံက···"

"ဟုတ်ပြီ··· ပြော··· ပြော···"

"လောက်လေးမယ်"

"ဘာ"

"လောက်လေးမယ်"

"ဘယ်လိုကြီးလဲဟ"

"ဘယ်လိုကြီး ဖြစ်ရမှာလဲရင့် လောက်လေးပစ် ကျွမ်းကျင်လို့

ဓား···များတွေက လောက်လေးမယ်လို့ ခေါ်ကြတာ"

သို့ဆိုတော့ ဓားဖိုးထောင်တစ်ယောက် ငြိမ်ကျသွားတော့၏။

···တို့တူအရီးကို မျက်နှာချင်း မဆိုင်ရဲ ဖြစ်သွားတော့၏။

ဘယ့်တွက်မှု လောက်လေးမယ်ဆိုသည်နှင့် လောက်လေး

···ကျွမ်းကျင်သည် သိရခြင်းအပြင် မနေ့က ဖွတ်ကောင်နှင့်ပတ်

···က်၍ သူ့ဘာသာ စိတ်မလုံလေခြင်းကြောင့် ဖြစ်ချေတော့၏။

"ဟင်း···ဟင်း···ဟင်း···ရှင်ပဲ သိပ်သိချင်တယ်ဆို၊

···နမက ပြောချင်လို့ပြောတာ မဟုတ်ဘူးနော်၊ ဝါကြွားချင်တဲ့စိတ်

www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိရိုး အမှန်ပါ။ သည်ကောင်လေးကြောင့် ဖြစ်ရတာ သူကလည်း ရှင့်သူငယ်ချင်းပဲ မဟုတ်လား၊ အဲ ပြောရဦးမယ်. ကျွန်မကတော့ နာမည်ပြောရုံနဲ့ သူငယ်ချင်း မဖြစ်နိုင်ဘူးနော်"

"ဒေါ်လေးကလဲဗျာ…သူငယ်ချင်း ဖြစ်လိုက်စမ်းပါ"

"နင် တိတ်တိတ်နေစမ်း ကဲဟယ်"

"ဒေါက်"

"အားလားလား"

မိန်းမပျိုက ငါးဖိုးထောင်၏ခေါင်းကို လက်ခေါက်ဖြင့် ခေါ် လိုက်လေတော့၏။

"နို့ဖြင့်လည်း မိတ်ဆွေပေါ့"

"နို့လည်း မဖြစ်နိုင်ဘူး"

"ဘာလို့တုံး"

"မိတ်ဆွေဆိုတာလောက်နဲ့ပြီးရင် အကြောင်းမဟုတ် ရှည်ရှည်ဝေးဝေးတွေးပြီး အဆွေခင်ပွန်းဆိုရင် မကောင်းတော့ဘူး

"ဗျာ"

"ဒါ ကျွန်တော်ပြောတာ မဟုတ်ဘူးနော်၊ ခင်ဗျားကိုယ် ပြောတာ ခင်ပွန်းဆိုတာ ထည့်မပြောပါဘူး။ အဆွေပဲပေါ့၊ မိတ် အဆွေလေ ဟုတ်လား"

သို့ဆိုတော့ "လောက်လေးမယ်" သည် ဓားဖိုးထော မကျေမနပ် ကြည့်လိုက်သည် ဆိုပေမင့်…

"အဲလို လုပ်တာပေါ့"

လို့တော့ ပြောလာချေတော့၏။

သို့ဖြင့် သူငယ်ချင်းနှစ်ယောက် တူအရီးနှစ်ယောက်၊ မိတ်



…ယောက်လို့ ပြောရမည့် လူသုံးယောက် ထိုနေရာလေးမှ စား …သောက်ပြီးကြသည့်တွင် ရှေ့ဆက် တောတိုးခဲ့ကြချေတော့၏။

သို့ သွားကြသည် ဆိုရာတွင် ငါးဖိုးထောင်က ရှေ့မှ ဦးဆောင် …လေခြင်း ဖြစ်၏။ နောက်မှလိုက်ပါခဲ့ကြသော လောက်လေးမယ် …့ ဓားဖိုးထောင်တို့သည် တစ်ဦးနှင့်တစ်ဦး တစ်ချက် တစ်ချက်မှ …ကြည့်ကြလေပြီး ငါးဖိုးထောင်နောက် အမီလိုက်သွားကြတော့၏။ …ထောင်သည် ငယ်သူဖြစ်ပေငြား လမ်းလျှောက်မြန်သည်ဟု ပြော …မည်။

"သည်တော သည်တောင်ကို သူ ကောင်းကောင်းသွားတတ် …တတ်တယ်လား"

သို့ ဓားဖိုးထောင်က စကားမရှိ စကားရှာ ပြောလေ၏၊

သည်တွင် လောက်လေးမယ်သည် သူ့အား မျက်စောင်းခဲ …ည့်လေပြီး

"သွားတတ်လို့ သွားတာတော့ ဘယ်ဟုတ်မလဲ"

"နို့ကြောင့်…ကျွန်တော်တို့နှစ်ယောက်ကို လွတ်လွတ် …လပ် စကားပြောကြရအောင် ရှောကြိုသွားတာပေါ့ ဟုတ်လား"

"ရှင်လိုရာ မတွေးစမ်းပါနဲ့ သူ့တိုးလေးကို သူမြန်မြန်တွေ့ချင် …သာ ဖြစ်မှာပေါ့"

"သူငယ်ချင်း ဟုတ်လားကွ"

သို့ ဓားဖိုးထောင်က ငါးဖိုးထောင်ကြားအောင် လှမ်းအော် …လိုက်၏။

"သူငယ်ချင်းက သူငယ်ချင်းပဲ ဖြစ်သင့်တယ်"

"ဟေ"

www.burmeseclassic.com



သို့ဆိုတော့ ဓားမိုးထောင်.မျက်စိမျက်နှာပျက် ဆိတ်ငြိမ်သွ

တော့၏။

"ခစ်...ခစ်...ခစ်..."

လောက်လေးမယ် ဘာကို သဘောကျ ရယ်လိုက်လေသ

မသိချေ။ သို့ပေမင့် ဓားမိုးထောင်တစ်ယောက် လွန်မင်းစွာ ရှက်သွ

တော့၏။ သူလိုရာ သူခွဲပြောမိလေသည်ပဲ။ တကယ်တော့

အဲလို မဖြစ်သင့်ချေ။ အားကိုးရာမဲ့ ငါးမိုးထောင်နှင့် လောက်လေးမ

ကို သူက ဆေးဆရာကြီးမျက်နှာဖြင့် သွေးသားရင်းလို စောင့်ရှောက်

မည် မဟုတ်ပါကလား။

သို့ကြောင့် သူ မျက်နှာပူမိသည်ကြောင့် လောက်လေးမ

ကို ထားခဲ့ကာ ရှေ့သို့ အလျှင်အမြန် ထွက်သွားတော့၏။

သို့ကြောင့် ငါးမိုးထောင်နှင့် သူ လူချင်းယှဉ်လျှောက်လ

ဖြစ်သွားချေတော့၏။

"ဒေါ်လေးကို မစောင့်တော့ဘူးလား"

ငါးမိုးထောင်က ပြောလာလေ၏။

"ငါ့တွက် သူငယ်ချင်းက စကားပြောဖော်လေ"

"ဟင်း...ဟင်း...ဟင်း...ဒေါ်လေး မကြည်ဖြူတော့

မဟုတ်လား"

သို့ဆိုတော့ ဓားမိုးထောင်ဘာပြောရမည်မသိ ဖြစ်သွားရ

တော့၏။

သို့ဖြင့် သူတို့နှစ်ယောက်က ရှေ့မှ ခပ်သွက်သွက်လျှော

ကြရာမှ...

"အား"



လောက်လေးမယ်၏ အလန့်တကြား အော်ဟစ်သံကြောင့်

စ်ယောက်သား နောက်လှည့်ကြည့်လိုက်ကြတော့၏။

"ဟာ"

"ဟင်"

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် နှစ်ယောက်သား ထိတ်

သန့်သွားမိတော့၏။ လောက်လေးမယ်အတွက်လည်း စိုးရိမ်စိတ်

ဝင်သွားမိတော့၏။

လောက်လေးမယ်နှင့် ကျားသစ်တစ်ကောင် တွေးလုံးလို့

နေပါကလား။

"မြန်မြန်လာစမ်းပါကွာ"

နှစ်လောက်သား လောက်လေးမယ်တို့ထံ ပြေးသွားလိုက်

ကြ၏။

"ခွီးလ်"

"ခွီးလ်"

"ခွီးလ်"

အင်း...အား...အင်း...အ

သူတစ်ပြန် ကိုယ်တစ်ပြန် ဖြစ်နေချိန်မှာ ဓားမိုးထောင်သည်

ကျားသစ်ကောင်အား အတင်းဝင်ရောက်လုံးထွေး ဆွဲပွေ့ယူလိုက်ချေ၏။

"ဒေါ်လေး...ဒေါ်လေး..."

ကျားသစ်ကောင်နှင့် ဓားမိုးထောင် တွဲလျက် ခပ်ဝေးဝေးသို့

လဲကျသွားချိန်တွင် ငါးမိုးထောင်သည် လောက်လေးမယ်ကို ပြေးဆွဲ

ထူလိုက်၏။

"ဘာမှမဖြစ်လို့ တော်ပါသေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



လောက်လေးမယ် ကံကောင်းသည်ဟု ဆိုရချိမ့်မည်။ ဘယ်
တွက်မှ ဓားဖိုးတောင်နှင့် ငါးဖိုးတောင် အချိန်မီ ရောက်လာကြ
ဖြစ်တော့၏။

"ဟင်···ဟိုမယ်"

လောက်လေးမယ် မတ်တတ်ရပ်လိုက်သည်နှင့် ဓားဖိုးတော
နှင့် ကျားသစ်ကောင် လုံးထွေးနေသည်ကို စိုးရိမ်တကြီး ကြည့်နေ
ချေတော့၏။

"သူငယ်ချင်းအတွက် ဘာမှ မပူနဲ့ ဒေါ်လေး၊ သူ ကြည
လုပ်လိုက်ပါမယ်"

သို့ ငါးဖိုးတောင်က ပြောပေမင့် သူမအမြင်တွင်မတော
သူတစ်ပြန် ကိုယ်တစ်ပြန် ရှိနေပုံမင်၊ ကျားသစ်ကောင်သည် ခွေ
သာသာ ရှိပေဖြား သားရဲကောင်ဖြစ်သည်ကြောင့် သန်စွမ်းမှုမှာ ခွေ
တစ်ကောင်ထက် ဆယ်ဆမက သာပေတော့၏။

"ငါတို့ တစ်ခုခု ဝင်ကူညီမှ ဖြစ်မယ်"

လောက်လေးမယ်က ပြောလေ၏။

"ဒေါ်လေးက သူငယ်ချင်းတွက် စိုးရိမ်နေတာ ဆိုလျှင်ဖြ
သား ဝင်ကူလိုက်မယ်လေ"

"ဟဲ့ အဲ့လိုတော့ ဘယ်ဖြစ်မလဲ၊ နင်က ကလေးပဲ"

"နို့ဖြင့် ဒေါ်လေး ဝင်ကူလေ"

"မလာနဲ့ မလာနဲ့"

ဓားဖိုးတောင်က ကျားသစ်ကောင်နှင့် လုံးထွေးသတ်ပုတ်ရ
သည် ဆိုပေမင့် ငါးဖိုးတောင်နှင့် လောက်လေးမယ် အခြေအတင်
ပြောနေကြခြင်းကို သိနေပုံရသဖြင့် သို့ တားဆီးလာခြင်း ဖြစ်တော့၏



သို့ကြောင့် ငါးဖိုးတောင်နှင့် လောက်လေးမယ်သည် ရင်
တထိတ်ထိတ်နှင့် လူနှင့် သတ္တဝါ အသက်လုပွဲကို ငေးကြည့်နေကြ
တော့၏။

သို့ရှိစဉ်···

"ဝုန်"

"ရွပ်"

"ဟာ"

"ဟင်"

ဘယ်က ဘယ်လို ရောက်လာမှန်း မသိသည့် မြားတစ်စင်း
က ကျားသစ်ကောင်ကို စူးနစ်ဝင်လာချေတော့၏။

"ခွီးလ်"

ကျားသစ်ကောင် မြားတန်းလန်းဖြင့် တိုက်ပွဲမှ ပြေးထွက်သွား
လေတော့၏။ သို့ပေမင့် ဝေးဝေးသို့ မပြေးနိုင်ပါချေ။ နောက်ထပ်
မြားတစ်စင်းက ကျားသစ်ကောင်ကို မြေပြင်သို့ ခွေလဲသွားစေပြန်
တော့၏။

"ဘယ်သူလဲ"

အရပ်လေးမျက်နှာသို့ သုံးယောက်သား ရှာဖွေကြည့်နေကြ
တော့၏။ အတန်ကြာသည့်တိုင် လူရိပ်လူယောင် မမြင်မိကြချေ။

"ဘယ်သူလဲ ထွက်လာခဲ့ပါလား"

သို့ ဓားဖိုးတောင်က အော်ဟစ်ခေါ်လိုက်ပြန်၏။

"ဝုန်"

"ဟာ"

ဓားဖိုးတောင် အသံဆုံးသည်နှင့် မြားတစ်စင်းသာ သူ့မျက်နှာ

www.burmeseclassic.com



ရေ့ တစ်ထွာသာသာ အကွာအဝေးမှ ဖြတ်သန်းကာ သစ်ပင်သို့ မြားတံ ၃ ပုံ ၁ ပုံခန့် ထိုးစိုက်သွားတော့၏။

"ဘုရားရေ"

ထိုမြားတံရှင်သည် သိန်းခါးကုန်း ဖြစ်နေချေတော့၏။ ဘယ်တွက် သူတွင် ဒူးလေးတစ်လက် ရှိနေပါလိမ့်။

"ဂစ်"

"ဂီးလ်"

သို့ အသံနှင့်အတူ သိန်းငှက် နှစ်ကောင်သည်လည်း သူ၏ ဦးကင်းထက်မှ ဝဲပျံလာကြချေ၏။

"ဘိုးလေးကို သိန်းငှက်နှစ်ကောင် ခေါ်လာကြပြီ"

သို့ ငါးမိုးထောင်က လှမ်းပြောလိုက်ချေတော့၏။

"မင်းဒတ်ရာ ဆေးထည့်ဖို့ လိုတယ်"

ဓားမိုးထောင်နား ရောက်လာသည်တွင် သို့ ကြည့်ပြောလာလေခြင်းကြောင့် ငါးမိုးထောင်နှင့် လောက်လေးမယ်တို့သည် ဓားမိုးထောင်တွင် ဒဏ်ရာရနေမှန်း သိကြရတော့၏။

"ဟာ ဟုတ်ပါရဲ့ ဘိုးလေး လုပ်ပါဦး"

"ငါ သူ့အသက် ကယ်ပြီးပြီလေ၊ သူ့ကျန်းမာရေးကိုတော့ သမီး လုပ်ပေးလိုက်ချေ"

"သမီး မလုပ်ချင်ပါဘူး"

"အဲ့လိုမပြောနဲ့လေ သမီးရဲ့ ရန်သူကို သူက လက်လွှဲယူလိုက်တာ မဟုတ်လား"

"ဟုတ်တာပေါ့ ဒေါ်လေးရဲ့ ဒေါ်လေးကို တိုက်ခိုက်နေတဲ့ ကျားသစ်ကောင်ကို သူငယ်ချင်းက ဝင်ဆွဲလုံးထွေးသတ်ပုတ်ပေးတာ မဟုတ်လား"



သို့ဆိုတော့ လောက်လေးမယ်သည် ငါးမိုးထောင်ကို မျက်စောင်းခဲ ကြည့်လိုက်ချေပြီး...

"နင် အရာရာ တော်တော်တတ်၊ တော်တော်ဆရာလုပ်နေတာပဲ"

လို့ ပြောလိုက်ချေတော့၏။

"နို့ဖြင့်လည်း နေဦး"

လောက်လေးမယ်က သို့ပြောပြီး နောက်သို့ လှည့်ပြေးသွားချေတော့၏။

"ဘယ်သွားတာလဲ"

ဓားမိုးထောင်က မေးလိုက်၏။

"ဘာလဲ မင်း သူ့တွက် စိုးရိမ်နေပြန်ပြီလား"

သို့ဆိုတော့ ဓားမိုးထောင် ငြိမ်ကျသွားပြန်၏။

အတန်ကြာတွင် လောက်လေးမယ် ပြန်ရောက်လာ၏။ သူ့လက်ထဲတွင် သစ်ခေါက်စိတစ်ခု ပါလာ၏။

"ဘာလဲ...ဘာလုပ်ဖို့လဲ"

ဓားမိုးထောင်က မေးလိုက်၏။

"ရှင့်ကို သွေးလိမ်းပေးမလို့"

"ဗျာ...ဘာလဲဗျာ..."

သစ်မွှေးပင်အခေါက်အစို၊ ဒါ သွေးလိမ်းရင် ရှင့်ဒဏ်ရာ ချက်ချင်းဆိုသလို သက်သာသွားလိမ့်မယ်"

သို့ပြောလည်းပြော၊ ခပ်လှမ်းလှမ်းရှိ ချောင်းလေးတစ်ခုသို့ လျှောက်သွားကာ ချောင်းတွင်းရှိ ကျောက်တုံးတစ်တုံးပေါ်တွင်တင်၍

www.burmeseclassic.com

www.burmeseclassic.com



သွေးလေတော့၏။

"လာခဲ့ချေ"

"ကဲ…မင်း သွားချေ"

သိန်းခါးကုန်းက ပြောလိုက်သည့်အကြောင်း ဓားဖိုးထောင်သည် ချောင်းဘက်ရှိရာ ချောင်းစပ်သို့ သွားလိုက်၏။

"အကျီချွတ်"

"ဗျာ"

"ဆေးလိမ်းရမယ်"

သို့ဆိုတော့ သူ အကျီချွတ်လိုက်၏။ လောက်လေးမယ် တစ်ယောက် သစ်မွေးခေါက်မှ ရရှိသည့် အနှစ်များကို ဓားဖိုးထောင် တစ်ကိုယ်လုံးရှိ ဒဏ်ရာများသို့ ပွတ်လိမ်းပေးလိုက်၏။

အတန်ကြာတွင် တစ်ကိုယ်လုံး ဒဏ်ရာများအား သစ်ခေါက် အနှစ်များက ဖုံးအုပ်သွားတော့၏။

"ကျေးဇူးတင်လိုက်တာ"

"မလိုပါဘူး"

သို့ပြောပြီး လောက်လေးမယ်သည် ဓားဖိုးထောင်အနားမှ ထွက်သွားတော့၏။

"မင်းတို့ ဘယ်သွားကြမလို့လဲ"

သိန်းခါးကုန်းက မေးလေ၏။

"ဘိုးလေးကို လိုက်ရှာကြတာ"

"ဟုတ်ပါပြီ၊ ခု ငါနဲ့ တွေ့ပြီလေ၊ ဘာဆက်လုပ်ကြမလဲ"

လောက်လေးမယ်က ဘာမျှမပြော။

ငါးဖိုးထောင်က တုံ့ဏိုဘာဝေ။



ဓားဖိုးထောင်ကတော့မှ သိန်းခါးကုန်းနား ရောက်လာချေပြီ။

"ဟို နှစ်ကောင်ကို လိုက်ရှာချင်တယ်"

"ဘာလို့လဲ"

"ဆေးဆရာကို သတ်လိုက်တဲ့အပြင် ကျွန်တော့်ကိုလည်း သတ်ဖို့ လိုက်လာကြတယ်လေ၊ ခင်ဗျားကိုပါ လုပ်ကြံဖို့ သူတို့ ကြိုးစားနေပုံရတယ်၊ သည်တော့ ကျွန်တော်တို့က အလျင်ဦးအောင် သူတို့ကို ရှာပြီး ဆုံးမရတော့မပေါ့"

"နို့ ဒါဘာလဲ သိလား"

သို့ပြောရင်း သူ့လက်ထဲရှိ ဒူးလေးကို မြှောက်ပြလေ၏။

"ဒူးလေးပေါ့ဗျာ"

"နို့ ဒါတော့ လူတိုင်းသိတယ်၊ ဘာမေးနေစရာလိုလဲကွာ၊ ငါခု ပြောချင်တာ သည်ဒူးလေ ငါ့လက်ထဲ ရောက်နေပုံပဲ"

"နို့ဖြင့် ပြောပါဦး"

ဓားဖိုးထောင်က စိတ်ဝင်တစား မေးလိုက်၏။

"ဟုတ်ပါရဲ့ ဘိုးလေးမယ် ဘာလက်နက်မှ ပါသွားတာ မဟုတ်ဘူး၊ ခုတော့ ဒူးလေးနဲ့ပါကလား"

"အေး…အဲဒါ မင်းကို လိုက်သတ်နေတဲ့ နှစ်ကောင်ဆီက လက်နက်ပဲကွ"

"ဗျာ…ဘယ်လို ဘယ်လို ခင်ဗျားဆီ ရောက်နေတာလဲ"

"ဟ…မင်းကလည်း ညံ့လိုက်တာ၊ လက်နက်ကိုင်တဲ့လူက ကိုယ်နဲ့မကွာနေတာ၊ အဲဒီလက်နက် တစ်ပါးသူဆီ ပါသွားပြီဆိုလျှင်ဖြင့် ဘယ်လိုကြောင့်လဲ ဆိုတာ မင်း သိသင့်တယ်ကွ…"

"ဗျာ…ဟုတ်ပါပြီ နို့ဖြင့် ခင်ဗျား သည်လက်နက် ပိုင်ရှင်ကို

www.burmeseclassic.com



သွတ်ပြီး ယူလာတာပေါ့"

ဓားမိုးထောင်က တအံ့တသြဖြင့် မေးလေတော့၏။

"ဘိုးလေး လှသတ်လာတာလား၊ ဘာလို့ သတ်တာလဲ"

"ဖေဖေ တကယ်လားဟင်"

"ငါ့ကို အပြစ်မပြောနဲ့ကွ၊ သွေးကြွေးဆိုတာ ဆပ်ရမှာချည်းပဲ၊ ငါ မဆပ်နိုင်ရင် မင်းတို့ တွအရီး ဆက်လုပ်ရလိမ့်မယ်"

"ဟင်"

"အို"

"ဗျာ"

သို့ တင်းတင်းမာမာ မှုက်နှာထားဖြင့် ပြောလာသည့် သိန်းခါးကုန်းကိုကြည့်၍ ဓားမိုးထောင်တစ်ယောက် ကြက်သီးမွေးညှင်းများပင် ထမိချေတော့၏။

"ကဲ ပြောစမ်း…ငါ မှားလား"

သို့ဆိုတော့ လောက်လေးမယ်က ဖခင်ဖြစ်သူကို စိမ်းစိမ်းကြည့်လေပြီး…

"ဖေဖေ မှန်ပါတယ် နို့ ကျန်တစ်ယောက်ကော"

"အဖေ လိုက်ရှာနေတယ်၊ မင်းဦးကြီးအတွက်၊ ငါ မဖြစ်မနေ လိုက်ရှာသတ်ရလိမ့်မယ်"

သို့ပြောလည်းပြော ဓားမိုးထောင်ကိုလည်း စူးစူးစိုက်စိုက်ကြည့်လာလေသဖြင့် ဓားမိုးထောင်တစ်ယောက် တုန်လှုပ်သွားတော့၏။

"မင်း ပြောစမ်း၊ သူတို့နဲ့ ဘယ်လိုပတ်သက်ခဲ့တာလဲ၊ ငါ အစ်ကိုသေရတာ မင်းပယောဂ မကင်းဘူးနော်"

"ဟုတ်…ဟုတ်ပါတယ်"



"နို့ဖြင့်ပြော…ဒူးလေးကိုင်နှစ်ယောက်နဲ့ မင်း ဘယ်လိုတွေပတ်သက်ခဲ့လဲ"

သို့ဆိုတော့ ဓားမိုးထောင်တစ်ယောက် ပြောသင့် မပြောသင့် ဆိုင်စဉ်းစား ချင့်ချိန်နေစဉ်မှာပင်…

"ဂီးလ်"

"ဂစ်"

"စွပ်"

"ဘုတ်"

သိန်းငှက်ကောင် မြားတန်းလန်းဖြင့် သူတို့ကြား ကျလာလေတော့၏။

"ဘုရားရေ"

"သွားပြန်ပြီ တစ်ကောင်"

ထိုသိန်းငှက်သေကို ကောက်ယူ၍ သိန်းခါးကုန်းက တောင်ကြောပေါ်သို့ မော့ကြည့်လိုက်ကာ…

"မင်းကို ငါ ဘယ်တော့မှ အလွတ်မပေးဘူးကွ"

သို့ဆိုလျက် ထိုတောင်ကြောပေါ်သို့ ပြေးတက်သွားလေတော့၏။ သည်တွင် လောက်လေးမယ်၊ ငါးမိုးထောင်နှင့် ဓားမိုးထောင်တို့သည်လည်း ထက်ကြပ်မကွာ ပြေးတက်လိုက်သွားချေတော့၏။

တောင်ကြောပေါ်တွင် ဝါးသုန်းပင်များ ပေါက်လျက် ရှိချေ၏။ ထူခါးစောင်းခန့် အမြင့်ရှိ၏၊ သွားလာလမ်းတော့ဖြင့် မရှိချေ။ သို့ကြောင့် သူတို့သည်လည်း တောင်ကြောပေါ်တွင် မည်သူ့ကိုမျှ မတွေ့မိကြချေ။ ဝါးသုန်းတောအတွင်း သစ်ပင်ကြီးများ ကျိုးတိုးကျဲတဲ ရှိနေသည့်ကြောင့်

"သစ်ပင်တွေနောက်ကွယ် ပုန်းအောင်းနေတာလည်း ဖြစ်ချင်

www.burmeseclassic.com



ဖြစ်မယ်"

သို့ ဓားမိုးထောင်က သိန်းခါးကုန်းကို ပြောလိုက်၏။

"သည်လို လုပ်မယ်"

"ပြောကြည့်လေ"

"မင်း ဟိုဘက်အပင်နား သွားချေ၊ သတိနဲ့သွား၊ သူ့လက်ထဲ

မယ် ဒူးလေးရှိနိုင်တယ်၊ သမီးနဲ့ ဖိုးထောင်က သည်ကနေ ကြည့်နေ

အရုပ်လေးမျက်နှာကိုပေါ့၊ အဖေက ဟိုဘက်အပင် နောက်ကွယ်

သွားကြည့်မယ်၊ သမီးတို့က လှုပ်ရှားမှုတစ်ခုခုတွေ့တာနဲ့ လှမ်းပြော

ကြချေ ဟုတ်ပြီလား···"

သို့ဆိုပြီး သိန်းခါးကုန်းသည် ခပ်လှမ်းလှမ်း သစ်ပင်သို့ ဦး

တည်သွားလေ၏။ သို့ဆိုရာတွင် သူ့လက်တွင်းမှ ဒူးလေးကို အရံသင့်

ပစ်ခတ်နိုင်ရန် ကိုင်ထားချေ၏။ သို့ဆိုတော့ ဓားမိုးထောင်သည်လည်း

သူသွားရမည့်သစ်ပင်ရှိရာသို့ ဓားမြှောင်ကိုကိုင်ကာ တဖြည်းဖြည်းချ

တိုးကပ်သွားလေတော့၏။

"သား မင်းက အဖေရှိရာဘက်ကို ကြည့်နေချေ၊ ဒေါ်လေးက

ဟိုလူ သွားရာဘက် ကြည့်နေမယ်"

သို့ဆိုတော့ ငါးမိုးထောင်လေးသည် သူ့အဒေါ် ဖြစ်သူကို

မကျေမနပ် ကြည့်လိုက်ချေပြီး···

"ဒေါ်လေးက မဟုတ်တော့ပါဘူးနော်···"

ပြောလိုက်လေသည်တွင် လောက်လေးမယ်သည် အံ့ဩ

တကြီး ကြည့်လိုက်ကာ···

"အဲ···ဘာများ မဟုတ်ရမှာတုံး ပြောစမ်းပါဦး"

သို့နှယ် မကျေမနပ်ဖြင့် မေးလေတော့၏။



"ဘာဖြစ်ရမှာတုံး" ဒေါ်လေးက လူကြီးလေ···သားထက်

ဂျက်စိပိုလျင်တယ်လေ၊ သည့်တော့ ဘိုးလေး သွားရာဘက်ကို

ဒေါ်လေးက ဂရုစိုက် ကြည့်ရမှာပေါ့၊ ခုတော့ ကိုယ့်အဖေကို

ပကွာပြုရက်တယ်၊ အံ့ပါရဲ့ဗျာ···"

သို့ဆိုတော့ လောက်လေးမယ် မျက်စိမျက်နှာ ပျက်သွား

သေပြီး···

"မင်းသိတာ နည်းနည်းပါကွ၊ သည်မယ် ဒေါ်လေး ပြောပြ

မယ်၊ ဒေါ်လေးက မျက်စိအား တူလေးထက် ပိုကောင်းတာ မှန်တယ်၊

ဘာလို့ ကိုယ့်အဖေအတွက် မကြည့်ရသလဲဆိုတော့ အဖေ့မယ်

နက်ဒူးလေး ပါတယ်လေ၊ အဖေကလည်း ခေသူမဟုတ်ဘူး၊

ဘက်ကို မင်းကြည့်ပေးတာနဲ့ ဖြစ်တယ်ကွ၊ ဟောဟိုလူကတော့

မှာ ဘာလက်နက်မှ ရှိတာမဟုတ်ဘူး၊ ဘာမှ သုံးစားမရတဲ့

မြှောင်တိုနံ့နံ့လေးပဲ သူ့မယ်ပါတယ်၊ တစ်ဖက်သူမှာ ဒူးလေး

နက် ရှိနေတယ်လေ၊ သည်တော့ ငါကလည်း မျှတစွာ တွေးရ

ပေါ့၊ သူ့ရန်သူကို ငါက အလျင်ဦးအောင် မြင်နိုင်ပါမှ သူ့အတွက်

မိ သတိပေးနိုင်မှာလေ···မဟုတ်လား"

သို့ဆိုတော့ ငါးမိုးထောင်တစ်ယောက် ငြိမ်ကျသွားတော့၏။

"ဘုရားရေ···ဟုတ်ပါရဲ့၊ သမာသမတ်ကျတဲ့ စီမံခန့်ခွဲမှု

လား"

သို့ သူသိလိုက်ရသည် ဆိုပေမင့်···

"ဟင်း···ဟင်း···ဒေါ်လေးက ကျွန်တော့်သူငယ်ချင်း

ဘက် စိုးရိမ်ပေးတတ်သားပဲ"

လို့ ပြောလိုက်လေတော့၏။

www.burmeseclassic.com



"ကဲဟယ်"

"ဒေါက်"

လောက်လေးမယ် ရှက်သွားတော့၏။ ရှက်ရမ်းရမ်းသည် အနေနှင့်လားတော့ မသိပါချေ။ တူတော်မောင်ဖြစ်သူ၏ ဦးခေါင်းကို ခေါက်လိုက်တော့၏။

"အား...လား...လား"

ငါးဖိုးထောင် လွန်မင်းစွာ နာကျင်သွားပုံရချေတော့၏။

ခေါင်းကလေးကို ပွတ်ကာပွတ်ကာဖြင့် လောက်လေးမယ် ကို စိုက်ကြည့်နေချေတော့၏။

"မင်းပါးစပ် ငြိမ်ငြိမ်ထားတော့၊ ကဲ...ငါပြောတဲ့အတိုင်း ကြည့်နေချေ"

သို့ဆိုတော့ ငါးဖိုးထောင်တစ်ယောက် ဘိုးလေးဖြစ်သူ သွား ရာလမ်းဘက်သို့ မျက်လုံးပြူးပြူး ကြည့်နေလေတော့၏။

လောက်လေးမယ်သည်လည်း ဓားဖိုးထောင် ချဉ်းကပ်သွား ရာ သစ်ပင်ဆီသို့ စူးစိုက်ကြည့်နေလေတော့၏။ သို့ရှိစဉ်...

"ဂိုးလ်"

လောက်လေးမယ်တစ်ယောက် သူ့ခေါင်းထက်မှ ပျံသန်း သွားသည့် သိန်းငှက်ကောင်ကိုကြည့်ပြီး "သည်ကောင် ဘာသိ ပါလိမ့်" ရယ် တွေးလိုက်မိချေတော့၏။

သိန်းငှက်ကောင်သည် ဓားဖိုးထောင် ရှိရာသို့ တစ်ရှိန်ထိုး ပျံသန်းသွားခြင်း ဖြစ်တော့၏။

သို့ သိန်းငှက်ကောင်ကြောင့် သိန်းခါးကုန်းသည်လည် နောက်သို့ လှမ်းကြည့်လာချေတော့၏။ သို့ဆိုတော့...



"ဂစ်"

"ဂိုးလ်"

သိန်းငှက်ကောင်သည် ထိုသစ်ပင်နောက်ကွယ်မှ သို့ ဝင်သွား လေပြီး ရုတ်ခြည်းဆိုသလို ထွက်လာလေတော့၏။

သို့ဆိုရာ၌ သိန်းငှက်ကောင် အမွေးအတောင် အနည်းငယ် သည် လေတွင် ပျံ့ဝဲနေတော့၏။ သို့ဆိုတော့ ထိုသစ်ပင် နောက်ကွယ် တွင် သိန်းငှက်ကောင်အား ဒုက္ခပေးနိုင်သည့် လူတစ်ဦး ရှိကို ရှိရ ပေမည်။

ဟုတ်ပြီ၊ သိန်းခါးကုန်းသည်လည်း သို့ ရိပ်မိလိုက်သည် ကြောင့် သူ ဦးတည်သွားရာ သစ်ပင်ဆီသို့ ဆက်မသွားတော့ဘဲ ဓားဖိုးထောင် ဦးတည်ရာသစ်ပင်ဆီသို့ လမ်းလွှဲသွားလိုက်ချေတော့၏။

သို့ဆိုတော့ သစ်ပင်နောက်ကွယ်မှ သူသည် ညှပ်ပူညှပ်ပိတ် ဖြစ်သွားပုံပင်၊ သိန်းခါးကုန်းက သူ၏နောက်မှကဲ့သို့ ဖြစ်သွားချေတော့ ၏။ ဓားဖိုးထောင်သည် ထိုသစ်ပင်နားသို့ ရောက်လုသည်တွင်-

"ဟာ"

ရုတ်ခြည်းဆိုသလို သစ်ပင်နောက်ကွယ်မှ လူတစ်ယောက် ထွက်လာ၏၊ သူ့လက်တွင်းရှိ ဓူးလေးဖြင့် ဓားဖိုးထောင်ကို ပစ် လိုက်၏။

သို့ဆိုတော့ ဓားဖိုးထောင်သည် ရုတ်ခြည်း တစ်ဖက်သို့ နှံ့သွား ရှောင်တိမ်းလိုက်လေတော့၏၊ အလိုလေးဗျာ၊ ရန်သူကလည်း လျှင်မြန်ဖျတ်လတ်လွန်းလှပါကလား။

ဓားဖိုးထောင် ပစ်လိုက်သည့် ဓားမြှောင်လေးကို ရှောင်တိမ်း လိုက်ချေပြီး တောင်ကြောလေးအောက်သို့ ပြေးဆင်းသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်···ဟိတ်···မပြေးနဲ့"

သိန်းခါးကုန်းက သူ့လက်ထဲမှ ဒူးလေးဖြင့် ဖမ်းချိန်လိုက်ရ
ပြီး ပြေးလာအော်ဟစ် ဟန့်တားလေ၏။

ထိုသူ မကြားမဟုတ်၊ ကောင်းကောင်းကြားလောက်မ
မြင်နိုင်လောက်၏။ သို့ပေမင့် သူပြေးသွားသည့်ကြောင့်···

"ဝုစ်"

"စွပ်"

"အား"

သိန်းခါးကုန်းက လက်တွင်းရှိ ဒူးလေးဖြင့် လှမ်းပစ်လိုက်
ချေတော့၏။

အလိုလေးဗျာ··စားဖိုးထောင်တစ်ယောက် သိန်းခါးကုန်
ကို တအံ့တသြဖြင့် စူးစိုက်ကြည့်နေမိတော့၏။

"ဟင်း···ဟင်း···ဟင်း···ဟင်း···"

လောက်လေးမယ်တစ်ယောက် သို့နှယ် သဘောကျ အာ
ထွက် ရယ်မောနေလေတော့၏။

"ဒါမှ ဘိုးလေးကွ"

ငါးဖိုးထောင်တစ်ယောက် အားရဝမ်းသာ ခပ်ပြောကာ သ
ဒေါ်လေးအပါးမှ ပြေးထွက်ခဲ့လေတော့၏။

သူ ပြေးလွှားသွားသည်မှာ မြားစူး၍ မြေပြင်သို့ လဲကျသွာ
သော ဒူးလေးကိုင်လူဆီသို့ ဖြစ်ချေ၏။

"ဟိတ်ကောင်···ဟိတ်ကောင်··· မပြေးနဲ့၊ ငါတို့က
စောင့်ဦး"

သို့ စားဖိုးထောင်က ငါးဖိုးထောင်ကို လှမ်းသတိပေး၍ ပြေ



သိုက်သွားချေတော့၏။

"ဟာ"

"ဟင်"

"အို"

ရုတ်တရက် မမျှော်လင့်သော မြင်ကွင်းကို မြင်လိုက်ကြ
သည့်ကြောင့် စားဖိုးထောင်၊ သိန်းခါးကုန်းနှင့် လောက်လေးမယ်တို့
တအံ့တသြ ဖြစ်သွားကြသလို ငါးဖိုးထောင်အတွက်လည်း စိုးရိမ်
ကောင်း ဖြစ်သွားကြချေတော့၏။

ငါးဖိုးထောင်တစ်ယောက် ဒူးလေးကိုင်မှဆိုး၏ လှည့်ကွက်
အတွင်း ဝင်သွားရလေခြင်း ဖြစ်တော့၏။

ငါးဖိုးထောင်ကို ဒူးလေးကိုင်မှဆိုးက ချုပ်နှောင်၍ ဓားစာခံ
လုပ်ထားလိုက်တော့၏။

"ဘယ်သူမှ ရှေ့မတိုးနဲ့"

သို့ပြောလည်းပြော ငါးဖိုးထောင်ကို အကာအကွယ်လုပ်၍
တောင်ကြောလေးမှ တရွေ့ရွေ့ ဆင်းသွားတော့၏။

သို့ဆိုတော့ အားလုံး ငြိမ်သက်စွာ ရပ်ကြည့်နေရုံမှတစ်ပါး
မည်သို့မျှ မလုပ်နိုင်တော့ပါချေ။

"သည်ကောင် ကျောပြင်မယ် မြားတန်းလန်းနဲ့ ကြာကြာပြေး
နိုင်မှာ မဟုတ်ဘူး လွှတ်ပေးလိုက်ပါ"

သိန်းခါးကုန်းက ပြောလေ၏။

"ဘယ်ဖြစ်မလဲ···တူမောင်ကို ဓားစာခံ လုပ်ထားတော့
တူမောင်အတွက် စိုးရိမ်ရတာပေါ့"

သို့ လောက်လေးမယ်က တိုးညင်းစွာပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း ငါ့ကို ကူပါ"

"ဘိုးလေး... ဘိုးလေ.., သားကို ကယ်ပါဗျာ"

ငါးဖိုးထောင်တစ်ယောက် သို့နှယ် အော်ဟစ် ရန်ဘာန် ပါသွားတော့၏။

"မင်းတို့ လိုက်လာရင် သူ့ကို ငါ သတ်ပြီးမှ ငါ့ကို သတ်လို့ရမယ်"

သို့လည်း ဒူးလေးကိုင်လူက ခြိမ်းခြောက်လေ၏။

သို့ဖြင့် ဒူးလေးကိုင်လူသည် တောင်ခြေအောက် ရောက်သွားလေတော့၏။

"ဟိတ်ကောင် မင်းကို အလွတ်ပေးမယ်၊ မြေးလေးကို ထားခဲ့ချေ"

သိန်းခါးကုန်းက သို့နှယ် အော်ဟစ်လိုက်ချေ၏။

"ဘယ်ဖြစ်မလဲဗျ၊ ကျုပ်အတွက် သူက အသုံးတည့်နေဦးမှာဆိုတော့ ဆောရီးပဲ၊ ခေါ်သွားလိုက်ပါမယ်"

"တောက်"

သို့ဆိုတော့ ဓားဖိုးထောင်တစ်ယောက် တောက်တစ်ချက် ခေါက်လိုက်တော့၏။

"ဟင်း"

"ဘာတတ်နိုင်မှာလဲ၊ တစ်နည်းကြံကြသေးတာပေါ့"

သို့ သိန်းခါးကုန်းက သက်ပြင်းရှည်တစ်ချက် ချလိုက်သလို လောက်လေးမယ်က သို့နှယ် ပြောလိုက်လေတော့၏။

"ဘယ်လိုလုပ်ကြမလဲ"

"နောက်ယောင်ခံ ချောင်းမြောင်းလိုက်ကြရတော့မှာပေါ့ဗျာ"



သူတို့အတွက် သို့နည်းလမ်းသာ ရှိတော့သည် မဟုတ်ပါ...သို့ဆိုတော့...

"လှုခွဲလိုက်ကြမယ်"

"အစစအရာရာ သတိရှိပါစေ"

"သူ့ကို မပိုင်ဘဲ မလုပ်နဲ့နော်၊ ဖိုးထောင်လေး ဒုက္ခရောက်...မယ်"

သို့ လောက်လေးမယ်က သတိပေးလာပြန်၏။

သို့ဖြင့် သူတို့သည် ဒူးလေးကိုင်လူ ထွက်သွားရာသို့ အတာန်...တွင် လိုက်သွားချေတော့၏။

သိန်းခါးကုန်းက တောင်ကြောပေါ်မှ အောက်သို့ စီးကြည့်...က်သွားချေတော့၏။ ဓားဖိုးထောင်ကတော့ တစ်ဖက်တောင်ကြော...ဖြတ်သန်းသွားကာ ဖြတ်လမ်းရယ်လို့ သတ်မှတ်လိုက်သွားချေ...တော့၏။

တကယ်တော့ ဓားဖိုးထောင်တစ်ယောက် တောကျွမ်းသည်...တော့ မဟုတ်၊ သူ တွက်ဆသလို ဖြတ်လမ်းကဲ့သို့ လမ်းကြောပေါ်သို့...ရောက်သွားခြင်း ဖြစ်တော့၏။

တစ်ဖက်တောင်ကြောမှ ပြန်ဆင်းသွားသည်တွင် ချောင်းငယ်...းတစ်ခုသို့ ရောက်သွားချေတော့၏။

ထိုချောင်းတွင် ရေမရှိပါချေ။ သူ ချောင်းငယ်လေး၏ မြောင်...းတစ်ခုတွင်းဝင်၍ စောင့်ဆိုင်းနေလိုက်၏။

သူတွက်ဆသလို ချောင်းရိုးအတိုင်း ဒူးလေးကိုင်လူ ရောက်...ပါလျှင် သူချောင်းမြောင်းရကျိုးနပ်သည်ဟု ပြောရချိမ့်မည်။

သူ ခဏတော့ဖြင့် စောင့်ကြည့်ရပေဦးတော့မည်။ သူ တွက်

www.burmeseclassic.com

www.burmeseclassic.com



ဆထားသလို ဖြစ်မလာပါလျှင်လည်း ကိစ္စမရှိ သိန်းခါးကုန်းက ထိုရ
လမ်းကြောင်းအတိုင်း နောက်မှလိုက်မည့်သူ ဖြစ်သလို လောက်လေ
မယ်ကလည်း တောင်ကြောပေါ်မှ ဆီးကြည့်၍ ခြေရာခံလိုက်လာေ
လိမ့်မည်။ ထိုသူ ပြေးလွတ်တော့မည်တော့ မဟုတ်ပါချေ။ သို့
မဟုတ် မျက်ခြည်ပြတ်ထားခဲ့နိုင်ခြင်း ရှိလိမ့်မည် မဟုတ်ချေ။

သို့ဖြင့် ဓားဖိုးထောင်တစ်ယောက် မြောင်ပေါက်ဝမှ ကဲကြည့်
နေလေ၏။ အတန်ကြာသည့်တိုင် အရိပ်အယောင် မတွေ့လေသဖြ
သူ ဟုတ်မှဟုတ်ပါလေ့စဟု တွက်ကာ မြောင်ပေါက်ဝမှ ထွက်လိုက်
၏။

ဘုရားရေ····

သူ စောင့်စားခြင်းကို သီးမခံနိုင်ခြင်းက ပြဿနာ ဖြစ်ရတော့
၏။ သူ မြောင်ဝထွက်လိုက်သည်နှင့် ချောင်းအဲထက်မှ ဒူးလေးကိုင်
လူကို တွေ့လိုက်တော့၏။

သူ့အရင် ထိုသူက တွေ့မြင်သွားပုံရ၏။

ဘုရားရေ···

သူသည်းညည်းခံ မစောင့်နိုင်၍ သို့ဖြစ်သွားရခြင်းပင်။ သူ
လွန်မင်းစွာ နောင်တရသွားတော့၏။

"ဘယ်လိုလုပ်ရမလဲ···"

သူ လုပ်စရာ တစ်လမ်းသာရှိ၏။ ထိုသူသွားရာ တောင်ကြော
သို့ လိုက်တက်ရုံသာရှိသည် မဟုတ်ပါကလား။

သို့ဆိုတော့ သူသည် ထိုသူ တက်သွားရာ တောင်ကြောပေါ်
သို့ လိုက်လေသည်တွင်···

"ရွှစ်"



"ဟာ"

ကံသီပေလို့ ထိုသူက တောင်ကြောပေါ် ရောက်နေသည်ကို
သူချောင်းမြောင်းလိုက်လာသည်ကို သိသဖြင့် ပုန်းကွယ်၍ သူ့ကို
သုပ်ကြံလာခြင်း ဖြစ်ချေတော့၏။

သူ အရှောင်မြန်ပေလို့။

တောင်စောင်းတွင်းရှိ သစ်ပင်တစ်ပင် နောက်ကွယ်တွင်
သူ ပုန်းကွယ်နေရ၏။ အပြင်သို့ အတော်နှင့် ကဲမကြည့်ရဲပါချေ။

သို့ပေမင့် ငါးဖိုးထောင်အတွက် စိုးရိမ်သဖြင့် သစ်ပင်နောက်
မှ ရှေ့သို့ လှမ်းကဲကြည့်လိုက်ချေတော့၏။

ဘုရားရေ···

သူ့ထံ နောက်ထပ်မြားတစ်စင်း ပစ်လွှတ်ရန် ထိုသူ စောင့်
စားနေပါကလား။ သို့ရှိစဉ်···

"ဂစ်"

"ဂီးလ်"

"ဟာ"

"ဟင်"

မျှော်လင့်မထားသော လျှပ်တစ်ပြက် ဖြစ်ရပ်ကြောင့် သူ
အံ့သြခြင်းနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတော့၏။

ထိုသူက သူ့ကို ဒူးလေးနှင့် ပစ်ခတ်ရန် ချိန်ရွယ်ထား၏။
သို့ရှိစဉ် သိန်းငှက်ကောင်က ဘယ်ကဘယ်လို ရောက်လာသည်မသိ
ထိုသူ၏ မျက်နှာသို့ အတင်းဝင်ရောက် တိုက်ခိုက်လေတော့၏။

"ဟာ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"သည်ကောင်ကွာ"

ထိုသူသည် သူ့လက်တွင်းရှိ ဒုးလေးဖြင့် သိန်းငှက်ကောင်၏ ရန်မှ ကာကွယ်ရန် ယမ်းခါ ရိုက်နှက်လေတော့၏။

သူ့မျက်လုံးတစ်လုံး သွေးသံရဲရဲ ဖြစ်နေသည်ကို ကြည့်ခြင်းအားဖြင့် သိန်းငှက်ကောင်၏ ခြေသည်းချွန်ချွန် ကုတ်ချက်မိသွားသည်ကို သိလိုက်ရတော့၏။

ထိုသည်ကို အခွင့်ကောင်းယူ၍ ငါးဖိုးထောင်သည် ထိုသူထံ ပြေးသွားလေတော့၏။

သို့ပေမင့် ထိုသူထံသို့ပင် သူ မရောက်လိုက်ပါချေ။

ထိုသူ သိန်းငှက်ကောင်ကို လွှဲရိုက်ရင်းမှ အရှိန်လွန်ကာ တောင်ကြောပေါ်မှ လိမ့်ကျသွားတော့၏။

ထိုသူ တောင်ကြောအောက်ရောက်သည်တွင် မှောက်ခုံကြီး ဖြစ်သွားချေတော့၏။

ဘုရားရေ…ထိုသူ လုံးဝမထနိုင်ပါတော့ချေ။

"သေများသွားပြီလား…"

သူ အနားတိုးကပ်သွားလိုက်၏။ အသက်ရှူနေပုံရ၏။

သို့ကြောင့် ပခုံးမှကိုင် ပက်လက်အနေအထားသို့ ရောက်ရန် ဆွဲလှန်လိုက်၏။

ဘုရားရေ…

မျက်လုံးတစ်လုံး အပြင်သို့ စူထွက်နေပါကောလား။

သိန်းငှက်ကောင်လက်ချက် ဖြစ်ချေ၏။

"ကျွန်တော့်ကို ဒုက္ခပေးချင်တဲ့ကောင် ထင်တယ်"

သို့အသံနှင့်အတူ ငါးဖိုးထောင် ရောက်လာ၏။



"သားကြီး သိပ်တော်တယ်"

သို့အသံနှင့်အတူ လောက်လေးမယ်တစ်ယောက် သူ့လက်အပေါ်တွင် နားနေပြီးဖြစ်သည့် သိန်းငှက်ကောင်၏ ဦးခေါင်းကို ပွတ်သပ်ပြသံကြောင့် ငါးဖိုးထောင် လှည့်ကြည့်လိုက်၏။

သူ့မနောက်တွင် သိန်းခါးကုန်း ပါလာလေ၏။

"သည်ကောင် အတော်မိုက်လုံးကြီးတဲ့ကောင်"

သို့ပြောပြီး ထိုသူ့မျက်နှာသို့ ပြစ်ခနဲ တံတွေး ထွေးလိုက်ချေတော့၏။

မည်သို့ပင်ဖြစ်စေ၊ ဒုးလေးကိုင်လူသည် ဒဏ်ရာ ကြီးကြီးမားမား မရခဲ့ပေမင့် သိန်းငှက်ကောင်၏ မျက်နှာသို့ ကုတ်ချက်ကြောင့် မျက်လုံးတစ်လုံး ထွက်ခဲ့ရသဖြင့် နာကျင်မှုကို ခံစားနေရတော့၏။

ထိုသည်ကို အားလုံးက စိတ်မကောင်း ဖြစ်ကြရ၏။ သို့အထဲတွင် ငါးဖိုးထောင်က အဆိုးဆုံး ဖြစ်ချေ၏။

"ကျွန်တော် သူ့မျက်လုံးကို ကုသပေးချင်တယ်"

"ဘာ…ဘာရယ်"

သို့ ငါးဖိုးထောင်စကားကြောင့် သိန်းခါးကုန်းတစ်ယောက် အံ့မင်းစွာ အံ့သြသွားရချေတော့၏။

"ပြန်ပြောစမ်းပါဦး…မင်း ဘာပြောလိုက်တာလဲ"

"ဩော်…သူ့ဝေဒနာ ခံစားနေရတာ ကျွန်တော် ကြည့်မရဘူး။ သူ့မျက်လုံးကို ကုပေးချင်တယ်"

"အလိုလေးလေး မင်းက ဘာလုပ်တတ်မှာတုံး၊ အေးလေ ဘယ်တတ်ဦးတော့ မင်းကို ဒုက္ခပေးထားတာလေ၊ ပြီးတော့ သူက အဆိုးပဲ လူကောင်း မဟုတ်ဘူး"

www.burmeseclassic.com



သို့ လောက်လေးမယ်က ငါးဖိုးထောင်ကို ပြောလိုက်၏။

ဓားဖိုးထောင်သည်လည်း နံဘေးမှ နားစွင့်နေလိုက်၏။ တကယ်တော့ သူ့စိတ်ထဲတွင်လည်း ဖူးလေးကိုင်ကို ဝေဒနာ မခံစားစေချင်သလို မျက်လုံးပျက်ခဲ့ရသည့် အဖြစ်အတွက်လည်း စိတ်မကောင်း ဖြစ်မိတော့၏။ ဘယ့်တွက်မှ သူ့ကြောင့် လူတစ်ယောက် မျက်လုံးတစ်ဖက် ပျက်ခဲ့ရဖူး၏။

"အို ဘာပဲဖြစ်ဖြစ် ဘိုးလေးရယ်၊ ဘိုးဘိုးနဲ့ သား နေခဲ့တာကြာပြီ ဘိုးဘိုး သင်ထားတဲ့ ဆေးပညာတွေလည်း တတ်သင့်သလောက် တတ်ထားတယ်၊ မယုံဘူးလား"

"အင်း··နို့တော့ ငါ ထောက်ခံတယ်၊ မင်းအနေနဲ့ သူ့နှီးဓားရိုးကမ်းသလို ဖြစ်မှာစိုးလို့ ပြောနေတာ"

"နို့ကတော့ ဒေါ်လေးရယ်···အဘိုးကလည်း အမြဲပြောဖူးတယ်၊ လူနာကို လူနာလို့ပဲ မြင်ပါတဲ့၊ လူဆိုးရယ်၊ လူကောင်းရယ် မသတ်မှတ်သင့်ပါဘူးတဲ့ ဆေးဆရာကောင်းဆိုတာ လူ့အသက်ကယ်ဖို့လောက်ပဲ စဉ်းစားသင့်တယ်တဲ့၊ ဟော ခု ကျွန်တော် သူ့ကို လူနာလို့ပဲ မြင်တယ်၊ ပြီးတော့ သည်ချိန်အခါမှာ ဆေးဆရာ ဘိုးဘိုး မရှိတော့ဘူးဆိုတော့ ဘယ်သူမှ မရှိတာထက်စာရင် ကျွန်တော်ရှိနေတာ ပိုအဆင်မပြေသင့်ဘူးလား"

သို့ဆိုတော့ အားလုံး ငါးဖိုးထောင်ကို နားမလည်နိုင်စွာ ကြည့်လိုက်ကြတော့၏။

ငါးဖိုးထောင်က သူတို့အားလုံးကို ပြုံးပြလိုက်ချေပြီး··

"သူငယ်ချင်းက ကူညီပါကွာ"

သို့ ငါးဖိုးထောင်က ဓားဖိုးထောင်ကို ပြောလိုက်လေ၏။



"ဟုတ်ပြီလေ···သူငယ်ချင်း ဘာလုပ်ပေးရမလဲ"

"ငှက်တစ်ကောင်"

"ဘာရယ်"

"ငှက်တစ်ကောင်"

"ဘာငှက်လဲ၊ ဘာလုပ်မလို့လဲ"

"ဇီးကွက်ငှက်၊ သူ့မျက်လုံးအတွက်"

အားလုံးက ငါးဖိုးထောင်ကို သံသယမျက်ဝန်းများဖြင့် ဝိုင်းကြည့်နေကြသလို ဖူးလေးကိုင်လူသည် ငါးဖိုးထောင်ကို တအံ့တသြကြည့်နေလေတော့၏။

"ဘယ်လိုလဲ ကျွန်တော် ခင်ဗျားမျက်စိ အဆင်ပြေအောင်လုပ်ပေးမယ်ဗျာ"

သို့ဆိုတော့ ဖူလေးကိုင်လူ သူ့အား မဝံ့မရဲ ကြည့်နေလေတော့၏။

"မယုံကြည်လျှင်တော့ ရတယ်၊ သည်အတိုင်း နေပါစေပေါ့"

သို့ ငါးဖိုးထောင် ပြောလေသည်တွင် ဖူးလေးကိုင်လူ တုန်လှုပ်သွားတော့၏။ အင်းလေ··· သည်လိုချည်း နေတာထက်စာလျှင် တစ်စုံတစ်ရာ ကုသမှုလုပ်နေလျှင် ကောင်းလိမ့်မည်ဟု တွက်လိုက်၏၊ ပြီးတော့ ကံကောင်းလျှင် မျက်လုံး ပြန်မြင်နိုင်စွမ်း ရှိချိမ့်မည် မဟုတ်ပါကလား။ သို့ကြောင့်···

"မင်းက ငါ့ကို အဆင်ပြေအောင် လုပ်ပေးပါတော့ကွာ"

လို့ ပြောလေတော့၏။

"နို့နေပါဦး ဇီးကွက်ကောင်က သည်နေရာတစ်ဝိုက် ရှိဦးမှာကွ"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုသလို ဓားမိုးတောင်က ငါးမိုးတောင်ကို မကျေမနပ် ကြည့်ပြုံးမိနေလေချေပြီး...

"ဟိုးကသစ်ပင်ကို ကြည့်လေ"

သည့်တွင် ဓားမိုးတောင်သည်သာ မဟုတ်၊ အားလုံးက ငါးမိုးတောင် ညွှန်ပြသည့် သစ်ပင်သို့ လှမ်းကာကြည့်လိုက်ကြတော့၏။

"အလိုလေးဗျာ...ဘာမှ မတွေ့ပါကလား"

အတန်ကြာ ကြည့်နေကြပြီးသည့်တွင်...

"ဟ...ဘာမှ မတွေ့ပါကလား"

ပြောလိုက်ကြတော့၏။

"အသက်တွေ ကြီးလာကြလို့လား မသိဘူး မျက်စိမြင်အား မကောင်းကြတော့ဘူး ထင်တယ်၊ သေသေချာချာ ကြည့်ကြပါဦး"

သို့ဆိုတော့ အားလုံးက လှမ်းကာကြည့်လိုက်ကြပြန်၏။

"ဘာမှ မတွေ့ဘူး"

"ဟင်း"

သို့ဆိုတော့ ငါးမိုးတောင်သည် စိတ်ပျက်သည့်ဟန်ဖြင့် သက်ပြင်းရှည်ကြီးတစ်ခုကို ချလိုက်လေပြီးနောက်...

"နို့ဖြင့်လည်း ကျွန်တော်နဲ့ ဒေါ်လေး လိုက်ခဲ့ချေဗျာ"

သို့ပြောလည်းပြော ထိုနေရာမှလည်း ထွက်သွားလေသည် ကြောင့်...

"အင်း မင်းခိုင်းတာ လုပ်ပေးရတော့မပေါ့ ဆေးဆရာလေးရယ်"

လို့ လောက်လေးမယ်က ပေါ့ပျက်ပျက် ပြောလိုက်ချေပြီး ငါးမိုးတောင်နောက် လိုက်သွားတော့၏။



သို့ဖြင့် ငါးမိုးတောင်နှင့် လောက်လေးမယ်တို့သည် ထိုသစ်ပင် နားသို့ ရောက်သွားကြချေ၏။

သစ်ပင်အောက်သို့ ရောက်သည့်တွင်...

"ကဲ ဒေါ်လေး အပေါ်ကို မော့ကြည့်ချေ ဘာတွေ့လဲ"

သို့ဆိုတော့ လောက်လေးမယ်က မော့ကြည့်လိုက်ချေ၏။

စစချင်းတော့ဖြင့် ဘာမှ တွေ့ပုံမပေါ်ချေ၊ အသေအချာ ရှာစမ်းကြည့်လေမှ ဦးကွက်ကောင်ကို တွေ့ရှလေ၏။

"ဟာ ဦးကွက်ကောင်"

"ဟုတ်တယ်...ဒေါ်လေး ရအောင် ပစ်ဖမ်းပေးရမယ်"

"ဘာလုပ်မလို့လဲ"

"သူက ဟိုလူရဲ့ ဒဏ်ရာကို ကူညီပေးနိုင်တဲ့သူ ဖြစ်တယ် လေဗျာ"

"ဟော"

သို့ဆိုတော့ လောက်လေးမယ်သည် လက်တွင်း လောက် လေးခွကိုကိုင်၍ ထိုဦးကွက်ကောင် ရှိရာသို့ ထိုးချိန်လိုက်၏။

"သေချာပစ်နော်...သူ့မြင်တာ မဟုတ်ဘူး"

"အေး မြင်တာမဟုတ်လို့ ငါ တွေဝေနေတာပေါ့၊ ခု ဒီကောင်ကို မပစ်လို့ မရဘူးလား"

"မရလို့ပေါ့ ဒေါ်လေးရယ်"

"မင်း စဉ်းစားကွာ၊ မင်း ကုသလို့ပျောက်တာ မပျောက်တာ ထားဦး၊ သူက မင်းအဘိုးကို သတ်ခဲ့တဲ့လူလေ၊ သိန်းငှက်ကောင် ကိုလည်း သတ်ခဲ့တယ်၊ ပြီးတော့ မင်းသူငယ်ချင်းကို သတ်ဖို့ကြံစား နေတဲ့သူ...ပြီးတော့ ဒေါ်လေးနဲ့ ဖေဖေကိုလည်း သတ်ဖို့ စိတ်ကူးရှိ

www.burmeseclassic.com



တဲ့သူလေ၊ မင်း စဉ်းစားပါဦးကွာ၊ ဘာလို့များ သူ့ကို စေတနာထားချင်ရတာလဲ"

သို့ဆိုတော့ ငါးဖိုးထောင်သည် လောက်လေးမယ်ကို စေ့စေ့ကြည့်လိုက်ချေပြီး···

"အဘိုးပြောဖူးတာ ရှိတယ်"

"ဘာလဲ"

"ဟိတ်ကောင်··ဖိုးထောင်၊ တကယ်လို့ ငါ့ကို သတ်တဲ့သူဖြစ်ဦးတော့ အဲ့ဒီလူက အခြေအနေ အားလျော်စွာ ငါ့ဆီလာပြီး ဝေဒနာကုသချင်တယ်ဆိုရင် ငါ ဘာလုပ်လိမ့်မယ်ထင်လဲ···"

သို့ အမေးစကားကြောင့် လောက်လေးမယ်က···

"မသိလို့ ပြောပါဦး၊ မင်းကို ဘကြီးက ဘာပြောလဲ၊ မြန်မြန်ပြော···"

"ကျွန်တော်လည်း အဲ့ဒီတုန်းက မသိဘူးလို့ ပြောပြဆိုတော့"

"မင်း မှတ်ထားပါ၊ ဆေးဆရာဆိုတာ လူတွေ ဒုက္ခကို ဝေဒနာကို အသက်ကို ကုသပေး ကယ်တင်ပေးတဲ့ အလုပ်ပဲ လုပ်ရမှာလေကွာ၊ ငါ့ကိုသတ်တာ သူ့အလုပ်၊ ဆေးဆရာဖြစ်တဲ့ ငါကလည်း လူနာကို ကုသရမှာ ငါ့အလုပ်ကွ၊ မင်း သဘောပေါက်လားတဲ့ ဒေါ်လေး စဉ်းစားကြည့်လေ အဘိုးတောင်မှ အဲ့လိုစိတ် မွေးထားတာလေ ကျွန်တော်က ဘာလို့ အဘိုး ယုံကြည့်စိတ်ချရတဲ့သူ မဖြစ်နိုင်ရမှာလဲဗျာ၊ သဘောပေါက်ပြီလား"

"အင်း···သဘောပေါက်ပါပြီ"

သို့ဆိုလျက် လောက်လေးမယ်သည် လောက်လေးဂွဖြင့် ဦးကွက်ကောင်ကို ပစ်ခတ်လိုက်လေတော့၏။



"ဂုစ်"

"ဖုတ်"

"ဘုတ်"

ဦးကွက်ကောင် ဘာမှန်းပင် သိလိုက်မည်ပုံ မပေါ်၊ ဘဝတစ်ပါးသို့ လျင်မြန်စွာ ကူးသွားလေတော့၏။

"ဟုတ်ပြီ···ဒေါ်လေး အဲ့ဒီအကောင်ရဲ့ဗိုက်ကို ခွဲလိုက်"

"ဘာရယ်"

လောက်လေးမယ်က အသက်မရှိတော့ပြီဖြစ်တဲ့ ဦးကွက်ကောင်ကို ယူ၍ ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေသဖြင့်···

"ပေးပါ···ကျွန်တော် လုပ်ပါမယ်"

သို့ဆိုလျက် ဓားဖိုးထောင်တစ်ယောက် သူတို့နား ရောက်လာ၏။ ဦးကွက်ကောင်ကို စေ့စေ့ကြည့်လိုက်၏။

"ဗိုက်ခွဲ အူနုတ်ရမှာလား"

"မဟုတ်ဘူး"

"ဒါဖြင့်"

"အသည်းနှလုံး ထုတ်ပေးပါ"

"ဟော"

သို့ဆိုတော့ ဓားဖိုးထောင်သည် သူ့လက်တွင်းရှိ ဓားမြှောင်ဖြင့် ဦးကွက်ကောင်၏ ဝမ်းဗိုက်ကို ထိုးခွဲလိုက်၏။ သွေးတို့ ပန်းထွက်လာ၏။ အသည်းနှလုံးကို ဆွဲထုတ်လိုက်၏။ ခန္ဓာကိုယ်နှင့် တန်းလန်း ဖြစ်နေသဖြင့် ဓားဖြင့် ဖြတ်လိုက်ပြန်၏။

"ပြီးတော့ကော"

"ဖြစ်နိုင်ရင် သူ့အဆီကို လိုချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ. . .အဲဒါ ဘယ်လိုလုပ် သိပါမလဲ"

"အဲဒီခဲတွေကို ထုတ်လိုက်ပေါ့ ပြီးတော့ အညီဖြစ်အောင် ကြိုးကာပေါ့"

"ဟုတ်ပြီ"

သူပြောသလို ဓားမိုးထောင်က လုပ်ပေးလေ၏။

"ဒါအဆီပြင်ပဲ အဆီထုတ်လို့ရတယ်"

"နောက်ပြီးတော့ကော"

လောက်လေးမယ်က ဝင်မေးပြန်၏။

"မလိုတော့ဘူး. . .လွှင့်ပစ်လိုက်တော့"

"ဘာ. . .သည်အကောင်ကို ငါတို့ မီးကင်စားလို့ ရတယ် လေကွာ"

"ဘယ်လိုဖြစ်မှာလဲ"

"ဘာလို့တုံး"

"နှလုံးနဲ့ အဆီကသာ လူသားတွေအတွက် အကျိုးဖြစ်တာ သူ့အသားစားလျှင်တော့ဖြင့် ဉာဏ်ထိုင်းတတ်တယ်ဗျ"

"ဟေ"

"အင်း. . .သက်ငယ်စကား သက်ကြီးကြားနာရတော့မယ်"

သို့ဆိုလျက် ဓားမိုးထောင်သည် ဇီးကွက်ကောင် ခန္ဓာကိုယ်ကို လွှင့်ပစ်လိုက်လေတော့၏။

သို့ဖြင့် သူတို့သည် ဒူးလေးကိုင်လူ ရှိရာသို့ ပြန်သွားလိုက်ကြ၏။

"သူ့ကို သစ်ပင်အောက်ခြေမှာ နားနေပါစေ"

"ပြီးတော့ ကျွန်တော့်ကို ရေသွားရှာပေးပါ"



"ဟုတ်ပါပြီဗျာ"

သို့ဆိုလျက် လောက်လေးမယ်က သူတို့အပါးမှ ထွက်သွားပြန်လေ၏။ သိန်းခါးကုန်းသည်လည်း ဒူးလေးကိုင်သူကို ပွေ့မ၍ သစ်ပင် တစ်ပင်အောက် လဲလျောင်းစေလေ၏။

"ဟုတ်ပြီ"

ငါးမိုးထောင်က ဒူးလေးကိုင်သူ၏ အပြင်ပြူးထွက်နေသည့် မျက်လုံးကို မရွံမရှာကိုင်၍ မျက်ပေါက်ပေါ် ထည့်ပေးလိုက်လေ၏။

"အားလားလား"

ပြီးလျှင် ဇီးကွက်အသည်းနှလုံးကို မီးဖုတ်၍ ထွက်လာသောအဆီဖြင့် ဇီးကွက်ဆီကို ရေစပ်ကာ မျက်လုံးတစ်ဝိုက် လိမ်းပေးလိုက်၏။

"ပူတယ်"

"နည်းနည်းတော့ ပူလိမ့်မယ်"

ပြီးသည်တွင် ငါးမိုးထောင်က ထိုသူ၏ မျက်လုံးကို အဝတ်စဖြင့် ပိတ်၍ တုပ်နှောင်ထားလိုက်၏။

"တုရား. . .ဘုရား"

ဒူးလေးကိုင်လူ ဝေဒနာခံစားနေရလေသည် ဖြစ်ချိမ့်မည်။ မျက်စိမျက်နှာ ပျက်နေချေတော့၏။

"ခင်ဗျား သစ်ပင်ကျောမှီ မှိန်းနေလိုက်ပါဦး"

"အင်းလေ. . .ဆရာလေး ပြောတဲ့အတိုင်း လုပ်ရတာပေါ့"

သို့ဖြင့် ဒူးလေးကိုင်သူသည် သစ်ပင်ကို ကျောမှီ ငိုက်မျဉ်း နေလိုက်ချေ၏။

"ဘိုးလေး ကျွန်တော်တို့ သည့်မယ် စခန်းချသွားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီလေ…ဘယ်လောက်ကြာမလဲ"

"သူ့မျက်လုံး အသားကျသွားတဲ့အထိ"

"ဟေ"

"မဟေနဲ့ ဘိုးလေးရဲ့ သူ့မျက်လုံး အကောင်းပကတိ ဖြ
ဖြစ်သွားအောင်လို့ ကျွန်တော် လုပ်ပေးရမှာလေ"

"ဟုတ်ပါပြီ…နို့ဖြင့် မင်းလူနာကို သိချင်တာ မေးလို့ရ
လား"

"ဟာ…မဖြစ်ဘူး"

"ဘာလို့လဲ"

"သူ့မျက်လုံးတစ်ဖက် ငြိမ်ငြိမ်နေဖို့လိုတယ်၊ စကားပြော
မျက်ကြောတွေ လှုပ်လိမ့်မယ်၊ သည်အချိန်မှာ ငြိမ်ငြိမ်နေဖို့ အရေးကြ
တယ်၊ စားတာ သောက်တာတောင်မှ မဖြစ်မနေမို့ လုပ်ပေးရမှာ

သို့ဆိုတော့ ဓားဖိုးထောင်သည်ပင် ခေါင်းကို ခါယမ်းမိ
တော့၏။

"ငါ သူ့ကိုမေးချင်တာ ငါ့ကို ဘာလို့ လိုက်သတ်ဖြတ်နေ
တာလဲလို့"

သို့ ဓားဖိုးထောင်က ပြောလေသည်တွင်…

"ဟေ…မင်းကော ဘာမှ မသိဘူးလား၊ သူနဲ့ ဘာမှပ
သက်ခဲ့တာ မရှိဘူးလို့ ဆိုချင်တာလား"

သို့ သိန်းခါးကုန်းက မေးလိုက်လေတော့၏။

"ဟုတ်ပါတယ်…ကျွန်တော့်ကို လိုက်သတ်လို့သာ ပြေး
ရတာ၊ ဘာကြောင့် သူတို့ လိုက်သတ်နေကြတယ်ဆိုတာ မသိဘူ

"ဟေ… နို့ဖြင့် အခု မေးလို့ရပြီလားကွ"



"မရဘူးဆိုနေ… လတ်တလော သူက ကျွန်တော့်လူနာ
ဖြစ်နေပြီ၊ ကျွန်တော် ခွင့်ပြုချက်ရမှ၊ သူနဲ့ စကားပြောလို့ရမယ်၊
မေးလို့ရမယ်…"

လို့ ငါးဖိုးထောင်က ပြောလေ၏။

"ဟေ"

"ဟင်"

"ကဲပါလေ…ငါတို့တွေ သည်မယ် ကြာကြာနေရလိမ့်မယ်
ထင်တယ်၊ ဒီတော့ ဝါးတဲတော့ လုပ်မှဖြစ်မယ်ကွ"

သို့ ဓားဖိုးထောင်က ပြောသည်တွင်…

"ဘယ်မလဲ…ဝါးခုတ်ဖို့ဓား"

သို့ဆိုတော့ ဓားဖိုးထောင်သည် ခပ်ဝေးဝေး တောင်ကြော
ဆီသို့ လှမ်းကြည့်လိုက်ချေပြီး…

"ဟိုတက်ကြောစပ်မယ် ဝါးခုတ်သမားတွေရှိတယ် ဝါးခုတ်သံ
တွေ ကြားတယ်၊ သူတို့ဆီ ဓားသွားငှားမယ်"

"နို့ဖြင့်လည်း သွားကြတာပေါ့"

"နို့ သည်မယ် သူနဲ့ လူနာ နှစ်ယောက်တည်း ထားခဲ့လို့
ဖြစ်ပါ့မလား"

"ဖြစ်တယ်…ကျွန်မ ရှိတယ်"

ရေသွားခပ်သော လောက်လေးမယ် ပြန်ရောက်လာသဖြင့်
သိန်းခါးကုန်းနှင့် ဓားဖိုးထောင်တို့ဘုတူ ဝါးခုတ်သမားတို့ရှိရာ တောင်
ကြောပေါ်သို့ သွားလိုက်ကြလေတော့၏။

"ဒေါ်လေး ရေ ရလာလား"

"အေး…ဘာလုပ်မလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှာလဲ…သောက်ဖို့ပေါ့ဗျာ"

"ဟေ မသိပါဘူး လူနာတွက် ဘာလုပ်ချင်လို့လဲလို့"

"ဟင်း…ဟင်း…သား ,ရေသွားရှာရမှာ ဖျင်းလို့"

"သေနာလေး…နို့များ ဘာများလဲလို့"

"လူနာတွက်လည်း လိုအပ်တယ်လေ"

"အဲ…လူနာမဟုတ်လည်း သူရေဆာရင် သောက်မှာပဲ"

"ဟာ ဒေါ်လေးကလည်း သူက သာမန်လူ မဟုတ်ဘူး ရေပိုသောက်လိမ့်မယ်"

"ဟေ"

"ကဲ…ဒေါ်လေးလည်း နားချင်ပြီ"

သို့ဆိုလျက် လောက်လေးမယ်သည် လူနာနှင့်ခပ်လှမ်းလှမ်း သစ်ပင်တစ်ပင်အောက်တွင် သွားရောက်ထိုင်နားနေလေတော့၏။

"မင်းလူနာက စိတ်ချရပါ့မလား"

"ဘာလဲ…ဘာကို ဆိုလိုချင်တာလဲ"

"ဪ…သူက တရားခံလေ…သူ့အနာ သက်သာသွား တာနဲ့ ထွက်ပြေးသွားရင် ဘယ်လိုလုပ်မလဲ"

"သူ မလုပ်ရဲပါဘူး သူ့မျက်လုံးကြောင့် လှုပ်လှုပ်ရှားရှား လုပ်လို့မရဘူးဗျ၊ သူ့ပဲ ဒုက္ခရောက်မှာပေါ့၊ ခုလို ငြိမ်ငြိမ်လေးနေ့ သူ့မျက်လုံးက ပြန်ကောင်းလာမှာ"

"ဟင်"

တကယ်တော့ ဒူးလေးကိုင်လူသည် အိပ်ပျော်နေခြင်း မ… သူ့အခွင့် အရေးရလျှင် ထွက်ပြေးဖို့ စဉ်းစားနေသူ ဖြစ်၏။ ယခု… သူတို့တွေအရီး ပြောနေသည့်စကား ကြားသည်တွင် ထိုစိတ်ဖျ…



…က်လိုက်ချေတော့၏။

"အေး…တူတော်မောင်ပြောတာ ဒေါ်လေး သဘောပေါက် …ပြီ ကဲပါ…အိပ်လိုက်ဦးမယ်"

"သားလည်း နားတော့မယ်"

သို့ဖြင့် ငါးဖိုးထောင်နှင့် လောက်လေးမယ်တို့ မကြာမီ …အချိန်ကလေးတွင် အိပ်ပျော်သွားကြတော့၏။

သို့အချိန်တွင် ဝါးခုတ်သမားများထံသို့ ဓားဖိုးထောင်နှင့် …သိန်းခါးကုန်း ရောက်သွားကြသည်တွင်…

"ကျုပ်တို့မှာ ဓားအပိုတစ်ချောင်း ရှိတယ်၊ ယူသွားလို့ရတယ် …မယ်လို့ တစ်ခုခုနဲ့ လဲမှ"

"ဗျာ"

"ဟင်"

"ခဏလေးပါဗျာ…ကျွန်တော်တို့ ဟောဟိုက မြေပြန့် …မှာ စခန်းချကြမလို့ပါ၊ ဝါးတဲဆောက်ချင်လို့ ခဏလေး ဓားငှားပါ"

"မဖြစ်ဘူးဗျ…တစ်ခုခုနဲ့ လဲမှရမယ်"

သို့ဆိုတော့ သိန်းခါးကုန်းနှင့် ဓားဖိုးထောင်တို့ တစ်ယောက် …တစ်ယောက် စေ့စေ့ကြည့်လိုက်ကြချေပြီး တစ်ယောက်ကို …တစ်ယောက် ဘယ်လိုလဲ လှမ်းမေးလိုက်ကြတော့၏။

"ဘာပါလဲ"

"လဲစရာ ဘာရှိလဲ"

နှစ်ယောက် ပြိုင်တူမေး ပြိုင်တူ ခေါင်းခါယမ်းလိုက်ကြ …သော့၏။

"ခင်ဗျားလက်ထဲက ဓားမြှောင်နဲ့ဆို ဖြစ်ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သို့ဆိုတော့ ဓားဖိုးထောင် အံ့ဩတကြီး ဖြစ်သွား၏။

သူ့ဟိုလက်ထဲမှ လဲမည်ဆိုသည့် ဓားမကို လှမ်းကြည့်လိုက်၏။ အသွားမြည့်မြည့်နှင့် ဓားကောင်းတစ်လက် ဖြစ်ပုံရ၏။

သူ့လက်ထဲမှ ဓားမြှောင်ကို ပြန်ကြည့်လိုက်ပြန်၏။

အရိုးက "ဆတ်" ချိုဖြင့် လုပ်ထားခြင်း ဖြစ်၏။

လဲမယ်ဆို လဲလို့ ရပေ၏။

သူတို့က "ဆတ်" ချိုအရိုးကို ဆင်စွယ်ရိုးမှတ်လို့ သို့ ပြောလာသည်မှားလား၊ သို့ကြောင့်...

"ဒါ ဆင်စွယ် မဟုတ်ဘူးနော်"

သို့ ပြော့လိုက်၏။

"သိတယ်၊ ဆတ်ချိုနဲ့ လုပ်ထားတာ မဟုတ်လား"

"ဟုတ်တယ်"

"ဘာလဲ မလဲချင်ဘူးလား"

"အိုး...အဲလို မဟုတ်ပါဘူး၊ ခင်ဗျားတို့ဘက်က နစ်နာမှာမို့လို့ပါ"

"ဟား...ဟား...ဟား...ဟား...ဟား...ဟား...ဟား...ဟား...ဟား..."

"ဟီး...ဟီး...ဟီး...ဟီး...ဟီး"

ဝါးခုတ်သမားများသည် သူ့ကို ကြည့်၍ ရယ်မောနေကြချေတော့၏၊ သူ ဘယ်လိုကြောင့် သူတို့တွက် ရယ်စရာ ဖြစ်နေပါလိမ့်

"ဘာသဘောကျနေတာလဲ...လှောင်တာလား"

သို့ ဓားဖိုးဆောင်က မေးလိုက်၏။

"ဟုတ်ပါဘူးဗျာ...ခင်ဗျားရဲ့ ရိုးသားမှုကြောင့်ပါ၊ တကယ်တော့ ဟုတ်ပါတယ်၊ ကျုပ်တို့အတွက် နစ်နာပါတယ်၊ နို့ပေမင့်လို့ ကျုပ်တို့ရဲ့ သဘောက ဘယ်ဟာမှ အလကားမရဘူးဆိုတဲ့ သဘောကြောင့်ပါ"

"ဗျာ"

"ဟင်"

သူတို့ ဘာကိုဆိုလိုချင်သည်ကို ဓားဖိုးထောင်နှင့် သိန်းခါးကန်း သိလိုက်ကြချေတော့၏။

သို့ဖြင့် သူတို့နှစ်ယောက်သည် ဝါးခုတ်ဓားမကို ပိုင်ဆိုင်လာရသတော့၏။

"လတ်တလော ဓားမြှောင်ထက်စာရင် ဒီဝါးခုတ်ဓားက ပိုအသုံးဝင်တာပေါ့"

သို့ သိန်းခါးကန်းက ပြောလေ၏။

"ကျုပ် ဓားမြှောင်ကလည်း ကျုပ်အတွက် မရှိမဖြစ် အသုံးဝင်လှည်းပါဗျာ"

သို့ပြောလည်းပြော သိန်းခါးကန်းကိုလည်း မကျေမနပ်ကြည့်လိုက်၏။ ပြီးလေမှ...

"သည်ဓားမက ကျုပ်အပိုင် ဖြစ်ပြီပေါ့"

လို့ ပြောလိုက်ပြန်၏။

"အောင်မလေးဗျ...ကျုပ်ကလည်း အလေးခံပြီး သည်ဓားမကြီးကို မယူလိုပါဘူး၊ ယူပါဗျာ ယူပါ...ခင်ဗျားဓားကြီးပါ ဟုဲ ဟဲ"

သို့ဖြင့် သူတို့နှစ်ယောက်သည် ဝါးခုတ်သမားများထံမှ ပြန်လာကြသည်တွင် သူတို့နှစ်ယောက် တောင်လိပ်တစ်ကောင် တွေ့လေ

www.burmeseclassic.com



သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြတော့၏။

"စားဖို့တော့ ဖြစ်လာပြန်ပြီ"

သို့ ခါးမိုးထောင်က ပြောလိုက်သည်တွင်···

"ငါကတော့ လိပ်သား မစားဘူး၊ ငါ့သမီးလည်း စားမယ် မထင်ဘူး"

"ကောင်းတာပေါ့၊ ကျုပ်နဲ့ ငါးမိုးထောင် စားရတာပေါ့"

"စားကြပါဗျာ၊ အနာပေဘာင်းရှိလို့ကတော့ ပြန်ပေါ်နိုင်တယ်"

သို့ သိန်းခါးကုန်းက ခါးမိုးထောင်ကိုကြည့်၍ ပြောလိုက်ချေတော့၏။

သူတို့ စခန်းချရန် နေရာလေးသို့ ရောက်ခဲ့ကြသည်တွင် ခါးမိုးထောင်က ရလာသော လိပ်ကောင်ကို ဝါးပင်တစ်ပင်အခြေတွင် ကြိုးဖြင့် ချည်ထားလိုက်ချေပြီး တဲထိုးရန်အလို့ငှာ ဝါးတို့ကို စတင်ခုတ်လေတော့၏။

သိန်းခါးကုန်းနှင့် လောက်လေးမယ်တို့က စခန်းနေရာ တဲထိုးရန် ရှင်းလင်းနေကြ၏။ ဒူးလေးကိုင်သည် သစ်ပင်အောက်ခြေတွင် ငြိမ်သက်စွာ လဲလျောင်းလျက်မှ ခါးမိုးထောင် ဝါးခုတ်နေသည်ကို စူးစိုက်ကြည့်နေလေ၏။ ငါးမိုးထောင်သည်ကား သူ့ငါးပုံးများနှင့် အလုပ်ရှုပ်နေလေတော့၏။ အတန်ကြာတွင်···

""ဒေါ်လေး···သား ဟိုနားက မြောင်လေးထဲမယ် ငါးပုံးတွေ သွားထားချေဦးမယ်"

ဆိုလျက် ထွက်သွားချေ၏။

"ဟဲ့ ကောင်လေး၊ မြေမရှည်နဲ့နော်၊ အဲဒီမြောင်လောက်ပဲ သွား၊ ငါးပုံးထောင်ပြီး မြန်မြန်ပြန်လာခဲ့ချေ"



သို့ဆိုသလို လောက်လေးမယ်က လှမ်းပြောလိုက်ပြန်၏။ မိုးထောင်ကတော့ ငါးမိုးထောင်ကို ဝါးခုတ်နေလျက်မှ တစ်ချက် သို့ကြည့်လိုက်၏။ မျက်လုံးချင်း ဆုံသွားသည်တွင် ခါးမိုးထောင်က လေးကိုင်သူ ရှိရာသို့ မေးငေါ့အသံတိတ် မေးလိုက်၏။

"ဘယ်လိုလဲ···သူ့ကို သည်အတိုင်း ထားခဲ့မှာလား"

ဆိုသည့် အဓိပ္ပာယ် ဖြစ်ချေတော့၏။

"ချက်ချင်းပြန်လာမယ်"

ငါးမိုးထောင်က သို့ပြောပြီး ခပ်သွက်သွက် လျှောက်သွားသတော့သည်။ ခါးမိုးထောင်သည် လိုအပ်သလောက် ဝါးတို့ကို ပြီးသည်တွင် တဲဆောက်ရန် နေရာကို ထမ်းပိုးလာချေတော့၏။

"တဲကြီးနှစ်တဲဆို ရပါတယ်"

သိန်းခါးကုန်းက ပြောလေ၏။

"သမီးနဲ့ တူလေးက တစ်တဲနေမယ်၊ အဖေလည်း နေမှာယ်၊ နဲ့ ဟိုလူ(ဒူးလေးကိုင်သူကို ပြောခြင်းဖြစ်၏) တစ်တဲဆို ရပါတယ် ဘ်"

"ဟုတ်ပါပြီ"

သို့ဆိုတော့ ခါးမိုးထောင် ဝါးတို့ကို ခုတ်ပိုင်း တဲဆောက်လေ သည်တွင် သိန်းခါးကုန်းတောင် မဟုတ် လောက်လေးမယ်သည်ပင် ရောက် အကူအညီပေးလေတော့၏။ သို့ဆိုတော့ တဲနှစ်လုံး မကြာ ာက်သော အချိန်လေးတွင် ပြီးသွားချေတော့၏။

သည်တွင် ခါးမိုးထောင်က ဝါးရုံပင်တို့နားသွားကာ ချည် နှောင်ထားသော လိပ်ကောင်ကို သွားဖြုတ်လေတော့၏။

"လိပ်ကောင်ကို လွှတ်လိုက်ပါတော့"

www.burmeseclassic.com

www.burmeseclassic.com



ဘားဖိုးထောင် လိပ်ကောင်ကို ကြုံးဖြည်ယူလိုက်သည်နှင့် သို့အသံကြောင့် နောက်သို့ လှည့်ကြည့်လိုက်၏။

"ဖိုးထောင်"

"သူငယ်ချင်းရဲ့ လိပ်ကောင်ကို လွှတ်လိုက်ပါလား"

ငါးဖိုးထောင်က ပြောလာခြင်း ဖြစ်၏။

"ဟ…ငါ သည်အကောင်ကို လွှတ်လိုက်ရင်ဖြင့် ဘာ သွားစားရမှာတုံး"

သို့ ဘားဖိုးထောင်က ဖြစ်ရပ်မှန်ကို ပြောလာပေမင့်…

"တောင်အုန်းအမှုတွေ ရလာတယ်လေ၊ ပြီးတော့ ငါးရုံ့ခေါင်းတို သုံးကောင် ရလာတယ်၊ ကြော်ချက်လေး ချက်စားကြတာပေါ့"

"ဟ…မင်းကလည်း ဆင်ဆင်ခြင်ခြင် ပြောစမ်းပါကွာ၊ ဘယ်မလဲ အိုးခွက်၊ ပြီးတော့ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆန်"

"ဟင်း…ဟင်း…ဟင်း"

သို့ဆိုတော့ ငါးဖိုးထောင်က သို့ ရယ်သွမ်းသွေးလိုက်ပြန်လေပြီး…

"ဟောသည်မယ်… ကျွန်တော် သစ်ခုတ်သမားတွေဆီက ဂုဏ်သင့်တာ ဂုဏ်လာတယ်၊ ငါးနဲ့ လဲသင့်တာ လဲလာတယ်"

"ဟေ"

သို့ဆိုတော့မှာ ဘားဖိုးထောင် ငါးဖိုးထောင်ကို စေ့စေ့ကြည့်မိချေတော့၏။ သူ့တွင် အိတ်ကြီးပါလာသည်။ ပစ္စည်းများ ထည့်လာပုံရ၏။ ပြီးတော့…

"ဒီမယ်"

ပုလင်းတစ်လုံးကို မြှောက်ပြလာပြန်၏။



"ဘာလဲ"

ဘားဖိုးထောင်က ထိုပုလင်းကို စေ့စေ့ကြည့်လိုက်၏။ အတွင်းမှ အဖြူရောင်အရည်တို့ ပါလာ၏။

"ရေနံဆီလား"

"ဟုတ်ဘူး…အရက်"

"ဟေ…မင်း ဘာလုပ်ဖို့ သည်အရက် ယူလာတာလဲ၊ ပြီးတော့ ဘယ်ကရလာတာလဲ၊ မင်း အရက်သောက်တတ်လို့လား"

သို့ဆိုသလို ဘားဖိုးထောင်မှ ငါးဖိုးထောင်ကို မေးလိုက်လေတော့၏။

"ဟာဗျာ၊ ကျွန်တော်က ဘယ်လိုလုပ် အရက်သောက်ပါ့မလဲ၊ သောက်ချေဦးတော့ ကျွန်တော့်အသက် ၁၈ နှစ်မဟုတ်၊ အရွယ်ရောက်တော့မှ သောက်မှာပေါ့ဗျာ၊ ခုဟာက သူငယ်ချင်းနဲ့ ဟိုလူ့အတွက်"

သို့ပြောပြီး မြေပြင်ပေါ်တွင်သာ ရှိနေသည့် ဗူလေးကိုင်လူကို မေးငေါ့ပြလေ၏။

"ဘာလဲ…သူက သောက်မယ်တဲ့လား"

"ဟုတ်တယ်"

"ငါ သဘောမတူဘူး"

"ဒါ သူ့သဘောနဲ့ သူပါ။ ဘယ်လိုသွားပြောလို့ ဖြစ်ပါ့မလဲ"

"နို့ဖြင့်လည်း ကျေးဇူးပဲကွာ"

"နို့ဖြင့် ကျွန်တော့်ကို တစ်ခုလုပ်ပေး"

"ဘာလဲ"

"ဘူးလ်…ဘူးလ်…ဘူးလ်…"

www.burmeseclassic.com

www.burmeseclassic.com



သို့နှယ် ငါးဖိုးထောင်က လက်ကလေးကို ပါးစပ်တွင် တေ့
သို့နှယ် အသံထွက်ပြလိုက်၏။

"ဟုတ်ပါပြီ…သိပြီ ဝါးဆစ်လေး မဟုတ်လား"

"ဟုတ်တယ်"

"ဘာလဲ ဆင်ခြေရာ တွေ့လိုက်လို့လား"

"ဟုတ်တယ်"

"မင်းက လူလည်ပဲကွ"

"ထားပါတော့ဗျာ…ဟဲ…ဟဲ"

သို့ဆိုလျက် သူ့ဒေါ်လေး ရှိရာသို့ ပြေးသွားလေတော့၏

"ဒေါ်လေး ဟင်းကောင်းကောင်း ချက်ရမယ်"

"ငါတို့အတွက်ပဲပေါ့"

"ဟုတ်ဘူး…ကျွန်တော့်သူငယ်ချင်းနဲ့ သူ့တွက်ပါ ပါတာပေါ့

"ဟင်…သူတို့မယ် လိပ်ကောင် ရှိတယ်မဟုတ်လား
သူတို့ အဲဒါ မီးကင်စားလိမ့်မပေါ့"

သို့ဆိုတော့ ငါးဖိုးထောင်သည် လောက်လေးမယ်ကို ပြုံးပြုံး
လေးမျက်နှာဖြင့် ကြည့်လိုက်လေပြီး…

"ဟင်း…ဟင်း…ဟင်း ဒေါ်လေးလည်း သူငယ်ချင်းပါဗျာ
ကျွန်တော့်စကား နားထောင်ပါတယ်၊ လိပ်ကောင်ကို မစားတော့
ဘူး လွှတ်လိုက်ပြီ"

"ဟင်…တကယ်လား"

"တကယ်ပေါ့…ဒေါ်လေးရဲ့"

သို့ဆိုတော့ လောက်လေးမယ်သည် ဓားဖိုးထောင်ကို လှမ်း
ကြည့်လိုက်ချေတော့၏။ ဓားဖိုးထောင်က ပြုံးပြခေါင်းညိတ်ပြလာချေ



တော့၏။

"ဒေါ်လေး အကောင်းဆုံး ချက်ပေးမယ်"

"တောင်အုန်းဖူးနဲ့ သည့်ငါးသုံးကောင်ကို ကြော်ချက်လေး
ချက်ပေးဗျာ"

"ဟုတ်ပြီ"

သို့ဖြင့် တနှစ်လုံး ဆောက်ပြီးသွား၏။ တစ်တဲနှင့် တစ်တဲ
ပေ ၂၀ ဖော်ကသာ ဝေးချေ၏။ သည်နောက်…

ဖူးလေးကိုင်လှကို တဲပေါ်သို့ တက်စေလေ၏။

လောက်လေးမယ်…ထမင်းဟင်း ချက်ပေးမည်ဆိုတော့
လိုအပ်သည့် ထင်းခြောက်များကို ဓားဖိုးထောင်က လိုက်လံ ရှာဖွေ
ပေးချေ၏။ သိန်းခါးကုန်းသည် ရေချိုးဆိုလျက် ထွက်သွားချေ၏။
ငါးဖိုးထောင်သည် ဖူးလေးကိုင် လှနားတွင် ရှိနေ၏။ ဘာတွေ တွတ်ထိုး
ပြောနေလေသည် မသိ၊ ဓားဖိုးထောင်သည် ချက်ပြုတ်ရန် စီစဉ်နေ
သည့် လောက်လေးမယ်နား သွားကာ…

"ကျွန်တော် ကူပေးမယ်လေ"

"ရပါတယ်"

"ဩော်…ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်တော် အားနေတာပဲ၊
တဲထိုးတုန်းကတောင် ခင်ဗျား ဝင်ကူပေးသေးတာပဲ ခုတော့ ကျွန်တော်
ပြန်ကူရမပေါ့"

"နို့ဖြင့်လည်း ရေသာ သွားခပ်ချေပါ"

သို့ဆိုတော့ ဓားဖိုးထောင်သည် ဝါးဆစ်ဗူးရှည်တစ်ခုကို
လုပ်လိုက်လေပြီး သိန်းခါးကုန်း ထွက်သွားရာ ချောင်းဘက်သို့
လိုက်သွားချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ ဓားဖိုးထောင် ချောင်းဘက်သွားရင်း ချောင်းဘက်သို့ လှမ်းကဲကြည့်လေသည်တွင်…

"ဟာင်"

သိန်းခါးကုန်းတစ်ယောက် လူတစ်ယောက်နှင့် စကားပြော နေလေ၏။ ဘယ်သူများပါလိမ့် အတော်အလှမ်းဝေးသဖြင့် သဲသဲကွဲကွဲ မမြင်ရပါချေ။

"သည်လူ ငါ မြင်ဖူးသလိုပဲ"

သို့ သူစဉ်းစားရင်း ရှေ့လှမ်းသွားလိုက်၏။ စေ့စေ့မလွှတ်တမ်း ကြည့်နေ၏။

"သူငယ်ချင်း"

"အလိုလေးဗျာ"

ရုတ်တရက် သူနောက်မှ ငါးဖိုးထောင် ရောက်လာ၏။

"ဟိုမယ် ကြည့်စမ်း။ မင်းဘိုးလေး ဘယ်သူနဲ့ စကားပြောနေ တာလဲ မသိဘူး။ ငါ မြင်ဖူးသလိုပဲ"

သို့ဆိုတော့ ငါးဖိုးထောင်သည် လှမ်းကဲကြည့်လိုက်၏။

"မင်း သူ့ကို သိလား"

"ဟင့်အင်း"

သို့သာ ပြောလိုက်ပေမင့် ငါးဖိုးထောင်သည် မျက်နှာ တစ်ချက်ပျက်သွားတော့၏။ ဒါကို ဓားဖိုးထောင် သတိထားသိလိုက်၏။

"ငါမြင်ဖူးတဲ့သူလိုပဲကွ"

သို့ပြောလည်းပြော ခပ်သွက်သွက် လျှောက်လိုက်လေသည် တွင်…

"ဟာ… သူငယ်ချင်း"



"ဘာတုံး… လာပါ ခပ်မြန်မြန် အဲဒီလူ မင်းဘိုးလေးနားက ထွက်မသွားခင် သူနား သွားကြည့်မယ်၊ အနားရောက်ရင် ဘယ်သူ ဆိုတာ သိရမယ်လေ"

"ဟာဗျာ… သူဘာသာ ဘယ်သူဖြစ်ဖြစ်ပေါ့ ဟိုရှေ့ချုံပုတ် နောက်မှာ မြောင်ပေါက်တစ်ခု ရှိတယ်၊ အဲဒီမှာ ကျွန်တော် ငါး ထောင်တာ သွားကြည့်ချင်တယ်"

"ဟာ… မင်းကလည်း စောစောကမှ မင်း သွားထောင်တာ ဘယ်လိုလုပ် ရမှာတုံးကွာ"

"ဟာ ပြောလို့မရဘူး၊ အညာမြောင်လေးထဲမယ် ငါးတွေ အများကြီးရှိတယ်။ ကျွန်တော် စောစောက အလွတ်မခံတာတောင် မိတယ်လေ၊ လာပါဗျာ…"

သို့ဆိုတော့ ဓားဖိုးထောင်တစ်ယောက် ငါးဖိုးထောင် ခေါ်ရာ သို့ လိုက်သွားရချေတော့၏။

"အေးလေ၊ မင်းဘိုးလေးနဲ့တွေ့မှ ဘယ်သူလဲ မေးကြည့်ရ မယ်"

"ဒါပေါ့"

သို့ဖြင့် ဓားဖိုးထောင်တစ်ယောက် ငါးဖိုးထောင် ခေါ်ဆောင် သွားရာ ငါးမှုံးများ ထောင်ထားသည်ဆိုသည့် မြောင်းသို့ ရောက်ခဲ့၏။

ငါးဖိုးထောင်က သူထောင်ထားသည့် ငါးပုံးများကို ကောက် ယူ ချောင်းကြည့်လိုက်၏။

"ဘာမှ မပါဘူး၊ တစ်ကောင်မှ မတွေ့ဘူး တစ်ကောင်ပဲတွေ့တယ်"

ငါးပုံးအားလုံးဖော် သို့ပြောလိုက်သဖြင့် ငါးဖိုးထောင် တစ် ယောက် စိတ်ပျက်သွားပုံ ရချေ၏။

www.burmeseclassic.com

www.burmeseclassic.com



“ဟင်”

သက်ပြင်းရှည်ကြီး ချလိုက်တော့၏။

“မင်းကလည်း မပြနိုင်တာကို လာလုပ်တော့ကွ တော့စေ မှ ငါးပုံတောင်ခဲ့တာလေး ခု ပြန်ပေးတာ ဘယ်ရပါဦးမလဲကွ”

“သိဘူးလေဗျာ...ရလိုရငြားပေါ့ ဟဲ..ဟဲ တော သွား ကြမယ်”

သို့ဖြင့် သူတို့ ချောင်းဆီသို့ ပြန်ခဲ့ကြတော့၏။

အလိုလေးဗျာ...သိန်းခါကုန် မရှိတော့ပါကလား။

စခန်းတဲသို့ ပြန်သွားပြီ ထင်ပါရဲ့။

သူနှင့် ငါးမိုးထောင်တို့ ရေကို ငါးဆော်စုများမြန်မြန် မပေးသော် ပြန်ခဲ့ကြတော့၏။

စခန်းတွင် သိန်းခါကုန် လဲလျောင်းနေသည်ကို တွေ့လိုက် ရ၏။

“မင်းတို့ကို တွေ့လိုက်ပါတယ်၊ ဘယ်တွက်သွားကြတာလဲ”

ဟု သိန်းခါကုန်က မေးလေသည်တွင် စားမိုးထောင် တစ်ယောက် စကားစပ်မိသွားကာ...

“နို့ခင်ဗျားရဲ့ ချောင်းများ စကားပြောနေတာ ဘယ်သူတုံး”

ဟုပြောသည်တွင် သိန်းခါကုန်သည် မျက်စိမျက်နှာ ပျက် သွားလေပြီး ငါးမိုးထောင်ကို စိုက်ကြည့်လိုက်၏။

ငါးမိုးထောင်က ခေါင်းကို ခါယမ်းပြလိုက်၏။

ထိုသည်ကို စားမိုးထောင်တစ်ယောက် မသိလိုက်ပါချေ။

“ဓါးမိုးလုံကို ကျွန်တော် မြင်မှုသေလိုပဲ”

“ဟား...ဟား...ဟား..ဟား မင်း စကော်ရုပ်စေ ပြောတာပဲကွ၊ မင်း ငါကို ဘယ်ကလှမ်းမြင်တာလဲ၊ ငါတစ်ယောက် တည်းပါကွ၊ မင်း ဘာကြောင်တာတုံး...”



“ဟင်”

သို့ဆိုတော့ စားမိုးထောင်တစ်ယောက် သိန်းခါကုန်းကို မယုံနိုင်စွာ ကြည့်လိုက်ချေပြီ...

“ကျွန်တော်ချည်းမြင်တာ မဟုတ်ဘူး သူလည်း မြင်တာပဲ ကြည့်”

“မိုးထောင် ဟုတ်လား”

သိန်းခါကုန်းက ငါးမိုးထောင်ကို ကြည့်၍ မေးလိုက်၏။

“ဟာ...ဟုတ်တယ် ဘိုးလေး...သားလည်း မြင်တယ်”

“မင်းလည်း ကြောင်ပြန်ပြီ ငါ တစ်ယောက်တည်းပါကွ”

သို့ဆိုတော့ ငါးမိုးထောင်က စားမိုးထောင်ကို လှမ်းကြည့် လိုက်ချေပြီ...

“အင်း... သူငယ်ချင်း ကျွန်တော်တို့နှစ်ယောက် မျက်စိ မှောက်သွားတာ ဖြစ်မယ်”

“နို့ပေါ့ကွာ ဖြစ်တတ်ပါတယ်၊ ဟဲ..ဟဲ...ဟဲ၊ ကဲ မင်း တို့လေး ချက်ပြုတ်ပြီးလောက်ပြီ စားကြတော့မယ်လို့ သွားပြော”

သို့ဆိုတော့ စားမိုးထောင်သည် သိန်းခါကုန်းကို မျက်မှောင် ကြုတ်ကြည့်လိုက်ချေပြီ...

“ဘိုးလေးကလည်း လုပ်ပြီ ဘိုးလေး တချောင်းနဲ့ သူငယ် ချင်းနဲ့ သား တူတူစားမယ်”

“ဟာ...သူလည်း ခု စားတော့မှာပေါ့”

“ဟင့်အင်း မစားနိုင်လောက်သေးဘူး”

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် မင်းက သူ့ဝမ်းနဲ့သူပါကွ"

"ဟုတ်တယ်၊ နို့ပေမင့် သူငယ်ချင်းက ဒီ လုပ်ဦးမှာ"

သို့ဆိုလျှက် အရက်သောက်သည့်ဟန် လက်ဖြင့်လုပ်ပြ လိုက်ချေ၏။

"ဘာလဲ"

"အရက်. . .အရက်"

"ဟေ. .ဘယ်က ရလဲ"

"ဘိုးလေးမြေးပဲဗျ၊ သူငယ်ချင်းပဲပဲ၊ သည်လောက်တော ဆောင်ရွက်ပေးရမပေါ့. . ."

"မင်းကွာ၊ တတ်လည်း တတ်နိုင်တယ်၊ ကဲ. . .ကဲ နို့ဖြ ငါပဲ သမီးဆီ သွားမယ်"

သို့ဆိုလျှက် သိန်းခါးကုန်သည် လောက်လေးမယ် ထမ ချက်နေရာသို့ ထွက်သွားပေတော့၏။

"လာ သူငယ်ချင်း"

ငါးဖိုးထောင်က ဓားဖိုးထောင်အား ဖူးလေးကိုင်လူ ရှိရာ ခေါ်သွားလေပြီး. . .

"ခင်ဗျား သောက်တတ်လား"

သို့မေးရုံ ရှိသေးသည်၊ ဖူးလေးကိုင်လူသည် မျက်စိမျက် ဝင်းတက်လာချေပြီး. . .

"ဘာလဲ ရှိလား"

ငါးဖိုးထောင်က ခေါင်းညိတ်ပြလိုက်၏။

"ကျေးဇူးတင်တယ်ကွာ"

သို့ဖြင့် ငါးဖိုးထောင်၏ စီစဉ်ပေးမှုဖြင့် ဓားဖိုးထောင်နှင့် ဖူးလေ



ကိုင်တို့ တူတူ အရက်သောက်ဖြစ်သွားကြချေတော့၏။

သို့ သူတို့ သောက်ကြစားကြသည့်တွင် ဓားဖိုးထောင် တစ် ယောက် ငါးဖိုးထောင်ကို တအံ့တသြ ဖြစ်နေမိ၏။ ဘယ့်တွက်မူ သူတို့အရက်ဝိုင်းတွင် ငါးဖိုးထောင်တစ်ယောက် အနားကပ်ထိုင်ပြီး အိပ်သည်ကို မညည်းမညူ စီစဉ်ပေးချေ၏။ သို့ဆိုရာတွင်. . .

"သူငယ်ချင်း သူငယ်ချင်း စားဗျာ. . .သောက်ဗျာ"

ဆိုပေခြား ငါးဖိုးထောင်သည် ဖူးလေးကိုင် မဆိုးကိုတော့မှ င်နှီးမှုယ် ဆက်ဆံနေချေ၏။ ပို၍ ဂရုစိုက်နေပုံရချေ၏။ ဘယ့်တွက် ကြောင့်မူ။

"သိပ်မသောက်နဲ့လေဗျာ၊ အမြည်းများများစား မျက်လုံးကော ကောက်သာရဲ့လား"

"နေနေ ကျွန်တော် လုပ်ပေးမယ်"

"နေ နေ ကျွန်တော် အသားနွှင်ပေးမယ်"

"ရေရောလေဗျာ၊ ရေမရောဘဲလျှင်ဖြင့် အသေစောလိမ့်မယ်ဗျ"

စသည်ဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတော့၏။

ဓားဖိုးထောင် စဉ်းစားမရပါချေ။ သူ့အဘိုးကို သတ်သူမှန်း သိလျှက် မိတ်ဆွေဖွဲ့ရှိ ဘယ့်အတွက် တယုတယ လုပ်နေရတာ ကြောင့်မူ။

ကလေးတစ်ယောက် ဖြစ်သည်မို့ ဆင်ခြင်နိုင်ခြင်း မရှိသေး သည်ဟု ပြောရှိသည်း ရပေိမ့်မည်မဟုတ်၊ ဘယ့်တွက်မူ ငါးဖိုးထောင် သည် ကလေးတစ်ယောက် ဖြစ်ပေမင့် တော်တော်တတ်တယ် တတ်တော်တော်တစ်ယောက် ဖြစ်ချေသည် မဟုတ်ပါလား။

သို့တွက် ပိုသူစဉ်းစားရသည်မှာ သို့ ငါးဖိုးထောင်က ဖူးလေး

ကိုင်ကို သို့ ပြုမူဆက်ဆံခြင်းသာလျှင် မဟုတ်၊ သိန်းခါးကုန်းသည်
လည်း တစ်ချက်ရောက်လာကာ...

"စားစမ်းပါကွာ..."

"အရက်ချည်းပဲ သိပ်မသောက်နဲ့ဦး မူးသွားနိုင်တယ်လေ"

သို့နှယ် ပြောရုံမဟုတ် အနားကပ်ထိုင်ကာ...

"ဘယ်လိုလဲ ဒေဆာရာ သက်သာတယ် မဟုတ်လား"

"အညော်မမိစေနဲ့နော်၊ အရက်ချည်း သောက်နေပြန်ပြီလား
လျှော့သောက်လေကွာ"

စသည်ဖြင့် အကဲပိုနေကြသည်ကြောင့် စားဖိုးထော
တစ်ယောက် မဝေခွဲတတ်အောင် ဖြစ်ရချေ၏။

"တစ်ယောက်က မြေး တစ်ယောက်က ညီ"

မြေးဖြစ်သူက ဘိုးအေကို သတ်တဲ့လူဆိုတာ မေ့လို့နေသည်
ပေပဲ၊ ညီဖြစ်သူကလည်း အစ်ကိုဖြစ်သူကို သတ်တဲ့သူဆိုတာ မေ့
ပေလို့လား၊ သို့ သူ သာသာထိုးထိုး စဉ်းစားပေးမိလေ၏။ သို့ပေြ
လည်း သို့နှယ် မဖြစ်လောက်ဟု စားဖိုးထောင် စဉ်းစားမိပြန်၏။

သူ့အနေဖြင့် မျက်လုံးအမြင်ကို အခြေပြု၍ ပြောရမည်
လျှင် ဆွေမျိုးတစ်သိုက်ကြား သူ လူစိမ်းတစ်ယောက် ရှိနေသလို
ပဲလား။

"ဟင်"

သို့အတွေးကြောင့် သူ သက်ပြင်းရှည်ကြီးကို ချလိုက်
တော့၏။

"ဘယ်လိုဖြစ်တာလဲ သူငယ်ချင်းရဲ့"

သို့ဆိုသလို ငါးမိုးထောင်က မေးလာလေမှ သူ သတ်



ဆက်လွတ်မြီသွားသည်ကို သိရိုက်သဖြင့်...

"ခြေည်...ဘာမှ မဟုတ်ပါဘူး"

ဟု ပြုံး၍ ပြောလိုက်ရတော့၏။

"သူငယ်ချင်း အားမနာနဲ့ သောက်စရာ၊ များများသောက်၊
ထိုင် ထပ်မှာပေးမယ်၊ ခဲ ထပ်သွားခယ်လာမယ်"

အလိုလေးများ သူ့ရဲ့ ဖော်ရွေပုံက တစ်မျိုးပါကလား။

"အင်းလေ...သောက်စေချင်လို့ ဖြစ်မပေါ့"

သို့ပေမဲ့ သူက ငါးမိုးထောင် နားလည်လိုသောကြောင့်

"သူငယ်ချင်းရယ် ငါကတော့ သေမှာ မကြောက်၊ မှိုင်းမိ
ဘူးလား၊ အရည်ချည်း စိတ်ကိုက်နေတယ်၊ စမြည်းများများစားပါလို့
ဘာလို့ မပြောတာလဲကွ"

သို့ သူက ပြောလိုက်သည်တွင် ငါးမိုးထောင် တစ်ယောက်
မျက်စိမျက်နှာ ပျက်သွားလေပြီ...

"ဒီတော့ သူငယ်ချင်းရယ် သူက လူနာလေ၊ သူငယ်ချင်းက
လူကောင်းပေပဲ၊ များများသောက်လို့ ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော့်
အတွက် သူငယ်ချင်း ဘယ်လောက်သောက်သောက် ကုန်တယ်လို့
ထင်ဘူးလေ၊ နို့ကြောင့် စားရပါရ သောက်ပါမှာလို့ ပြောရတာပေါ့"

သို့ဆိုတော့ စားဖိုးထောင်တစ်ယောက် နှုတ်ဆိတ်နေလိုက်
တော့၏။

ခင်း သူ့မျက်စိတွင်း မြင်လိုက်သည်မှာ သောက်လေးမယ်
ဖြစ်ရတော့၏။ သောက်လေးမယ်သည် နားလေးကိုင်းမှိုက်ကို ခပ်သုံး
သုံး ဆက်ဆံလေ၏။ သူကတော့မူ ဘကြီးအတွက် စကားမနပ်
ဖြစ်ပုံရ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲ···ဖိုးတောင် နှင့်အာဘိုးကို သူ သခင်လို ...
လူသတ်သမားကို ဘာလို့များ စောင့်နေရတွေ ထားချင်ရတာလဲ"

သို့ဆိုသလို တိုးတိုးကပ်ပြောသည့်ကို ငါးဖိုးတောင် ကြား
လိုက်သဖြင့် အထင်ကြီးသွားသလို ဖြစ်မိချေ၏။

သူလေးကူ ဘယ်ဆိုးလို့တုံး ဟိုမြေးအဘိုးနှစ်ယောက်က
ဘယ်လိုဖြစ်နေကြတာပါလိမ့်။

သို့ သူမက ငါးဖိုးတောင်ကို တိုးညင်းစွာပြောလိုက်သည်
ဆိုပေမင့် နူးလေးကိုင်မှဆိုးက ကြားသွားဟန်တူ၏။ သူမကို မကျေ
မနပ် ကြည့်လိုက်ချေ၏။

"ဗျစ်"

တံတွေးကိုလည်း ထွေးထုတ်လိုက်၏။

သို့ဆိုတော့ ငါးဖိုးတောင် မကျေမနပ် ဖြစ်သွားသည်ကြောင့်

"ဟိတ်လူ နေပါဦး ခင်ဗျားက ဘာလို့ ကျုပ်ကို ...
ကြံရတာလဲ"

သို့ဆိုသလို သိန်းခါးကုန်နှင့် ငါးဖိုးတောင် သူတို့ပြုမိစေရ
ပြောလိုက်တော့၏။

သူတို့ကတော့ သည်မှာ သို့ သူပြောလိုက်သည်ကြောင့် ...
ကုန်နှင့် ငါးဖိုးတောင်တို့ အသိတွင် ဆင်ခြင်နေစရာခြင်းကြောင့် ဖြစ်၏
ပြီးတော့ လောက်လေးမယ်အပေါ် သို့ ထိုလူ ဆက်ဆံသည်ကို ...
ကဲသို့ မကျေမနပ် ဖြစ်စေလိုက်ဖြစ်၏။ သို့ဖြစ်၍ ငါးဖိုးတောင်က···

"သူငယ်ချင်းတွေလဲ သူ့ပုဒ်အခုအချိန်မှာ သူ ...
ကျန်းမာဖို့ သူကိုယ်ချင်းဘဝနဲ့ လိုတယ်လေဗျာ"

သို့ဆိုသလို သူပြောသည်ကို မကျေမနပ် ဖြစ်သည် ...



ပြုလာရချေ၏။

သိန်းခါးကုန်ကလည်း···

"မြေးလေး သူငယ်ချင်းက မြေးလေးလို နားလည်မှ ရှိနိုင်
လိမ့်မယ်လို့ ငါထင်တာ များပြီ ပြောရမှာကောလားကွာ၊ ခက်တာပဲ
ငါ့မြေးလေးကလည်း ဘယ်လိုလူကို သူငယ်ချင်းဖွဲ့ရတာလဲ မသိပေ
ဘူး၊ လူနာတစ်ယောက်ကို လူနာတစ်ယောက်လို မြင်စမ်းပါ၊
အညှိမယ်ဟိုတုန်ကကော် သူ သခင် ချိုက်စာမယ်ဆိုတာ ငါ့အစ်ကိုအရင်း
ကြီးပါကွ၊ ငါနဲ့ မြေးလေးကတော့ သဘောတူညီမှုနှင့်ကြွစေတာ
မင်းတော့ ဘာလို့ အဲလိုစိတ် မမွေးနိုင်ရတာလဲဗျ"

"အဲဒါပြောချင်တာ 'မဟုတ်ပါဘူးဗျာ၊ သူ ကျုပ်တို့လည်း
လုပ်ကြံတာလေ၊ မအောင်မြင်လို့ပေါ့၊ သူသာ ကျေးရွာသိတာတ်ရမှာ၊
သူ ကျန်းမာလိုက်တော့ သူ့အလွှတ်ကျန်ခဲ့သွားမှာ၊ သည်တွက် သည်မှာ
ရှိတဲ့ ဘယ်သူမဆို ရိုက်ပုတ်သတ်ဖြတ်လိုစိတ် ရှိနေမှာဗျ နှိုကြောင့်
သတိထားဖို့ပြောတာ"

သို့ သူပြောလိုက်သည်တွင် နူးလေးကိုင်မှုဆိုးက မျက်စောင်း
ခဲကြည့်လာလေပြီး လှောင်ပြုံးပြုံးပြလိုက်ချေတော့၏။

"အမှေ့ကာသည်း သူပြောတာ မှတ်သွားပဲ အမေ့အစ်ကိုက
သမီးရဲ့ ဘကြီးပဲ မဟုတ်လား၊ သည်လူသတ်သမားကို ဘာလို့များ
သည်လိုတွေ့ ဆက်ဆံနေကြရတာပါလိမ့်"

"ဟုတ်ကဲ့ သမီး နင် ဘာမှ မသိဘူး ဖွင်မပြောနဲ့"

"အင်း နုံ့သမီး မသိရတာ အခုရှိလို့ရဲ့မှာလေ၊ နိုဖြင့် ...
ပြောပါလား"

သို့ဆိုတော့ ငါးဖိုးတောင်တစ်ခါပေဟန် နားမလည်နိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတော့၏။ သူတို့သားအမချင်း ဘာတွေဆိုကြကပ်ချက်တွေ ရှိနေပါလိမ့်။ ပြီးတော့ တာဖိုးထောင် တစ်ခုသတိထားမိသည်မှာ သိန်းခိုးကုန်နှင့် နုလေးကိုင်မှုရို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်သည့် အကြည့်ပင် ဖြစ်ရေ၏။

သို့အကြည့်ကို တာဖိုးထောင် သိလိုက်သည်မှာ သူတို့နှစ်ယောက် ပတ်သက်မှု အတော်အတန်ရှိပုံပင်။

သည်သို့ဖြင့် သူတို့ စားကြသောက်ကြသည်မှာ အမျိုးအတော်လင့်သွား၏။ သို့ဆိုတော့…

ငါးမိုးထောင်က နုလေးကိုင်မှုနိုးကို ပေးမတွေ့၍ အိပ်ရာသို့ ခေါ်သွားလေတော့၏။ ထိုသည်ကို သိန်းခိုးကုန်းက ကြည့်နေသည့် အကြည့်မှာ ကရုဏာသက်နေဟန် ဖြစ်ရေ၏။

ဘယ့်တွက် သည်သို့ ဖြစ်ရတာပါလိမ့်။

"ကဲ မင်းလည်း အိပ်ချေတော့"

သိန်းခိုးကုန်းက သို့ပြောပြီး ထသွားရေ၏။

"သူငယ်ချင်း သောက်ချင်ရင် ဆက်သောက်ဦးလေ၊ ကျွန်တော် သွားဝယ်ပေးမယ်"

"ဟာ…မင်း ဘယ်လိုလုပ် ဝယ်ပေးနိုင်မှာလဲ၊ မိုးမှောင်နေပြီ မဟုတ်လား"

"တကယ်သောက်ချင် တကယ်ဝယ်ပေးမှာပေါ့"

"ဟင်း…ဟင်း…ဟင်း…စေတနာကို တန်ဖိုးထားပါတယ်၊ အလကားစတာပါကွာ၊ ငါ ကျန်းမာရေးကို ကြည့်ရဦးမယ် ဟဲ…ဟဲ…"

"ဟင်း…ဟင်း…ဟင်း…ဟင်း…"



သို့ ငါးမိုးထောင်ကလည်း ခပ်ညှင်းညှင်း ရယ်လာခဲ့၏။ ပြီး မပြောမဆို သူ့အပေါ်မှ ထွက်သွားလေတော့၏။

"သူငယ်ချင်း ငါနဲ့တူတူ မအိပ်ဘူးလား"

သို့ တာဖိုးထောင်က ပြောလိုက်၏။

"ဟင့်အင်း"

"ကောင်းပါတယ်၊ မင်းဒေါ်လေးနဲ့ အဖော်အိပ်လိုက်ပေါ့ကွာ"

သို့ပြောလိုက်သည့်တွင် ငါးမိုးထောင်တစ်ယောက် တာဖိုးထောင်ကို နားမလည်နိုင်စွာ ကြည့်လာချေပြီ…

"ဘာဗျ… ကျွန်တော် ဘယ်သူနဲ့ အိပ်အိပ်ပေါ့၊ ဘာလို့ ဒေါ်လေးနဲ့ အိပ်ရမှာလဲ"

လို့ ပြောလာလေ၏။

"ဒီဖြင့် မင်းအိုးလေးနဲ့ အိပ်မှာပေါ့"

"ဘာလို့ သိချင်ရတာလဲဗျာ၊ အင်း သိချင်ရင် ပြောရတာပေါ့၊ ကျွန်တော့်လူနာနဲ့ ကျွန်တော် အိပ်မှာဗျ…"

"ဟော"

သူ စဉ်းစားရ ဖြစ်သွားတော့၏။ သည်ကောင် ဘယ်ရိုးမှား ကလေးကို စည်းရုံးထားတာပါလိမ့်။ သို့ဆိုတော့ သူ ငါးလေးအတွက် ပင် စိုးရိမ်မိတော့၏။ ကလေးကို ခုတုံးလုပ် အလွတ်ရုန်းသွားနိုင်၏။ သို့ကြောင့်…

"ဟုတ်ပါပြီ…နို့ပေမယ့် သတိရှိရှိနေနော်၊ အရေးအကြောင်း ရှိ ငါ့ကိုပြော"

"ဟင်း…ဟင်း…ဟင်း… စိတ်ချပါဗျာ၊ အရေးအကြောင်း ရှိ သူငယ်ချင်းကို ပြောပါမယ် ဟင်း…ဟင်း…ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



သို့နှယ် ဆိုသလို ပြောဆို ထွက်သွားလေတော့၏။

သို့ကြောင့် သူသည် မအိပ်သေးဘဲ သိန်းခါးကုန်း ရှိရာသို့ သွားလိုက်၏။

"မင်း မအိပ်သေးဘူးလား"

"အိပ်တော့မှာပါ။ ပြောစရာရှိလို့"

"ပြောစရာရှိ မနက်မှပြော ငါအိပ်ချင်ပြီ"

သို့ဆိုတော့ သူသည်...

"ပြောစရာရှိတာထက် သတိပေးစရာရှိလို့ပါ"

လို့ ပြောလိုက်တော့၏။

သည်တွင် သိန်းခါးကုန်းတစ်ယောက် သူ့ကို တအံ့တသြ ကြည့်လာချေပြီး...

"ဘာပြောတယ်၊ ဘာသတိပေးစရာရှိလို့လဲ"

သို့ ခပ်ဆတ်ဆတ် လေသံဖြင့် မေးလိုက်လေ၏။

"သည်လို ကလေးက သူ့ကို အရမ်းယုံနေပုံပဲဗျ။ ခုလည်း ဒူးလေးကိုင်မုဆိုးနဲ့ အိပ်မယ်ပြောတယ်၊ ဟိုကောင် သူ့ကို ဘာတွေ စည်းရုံးထားတာလဲ မသိဘူး၊ လူမှာလို့သာဆိုတယ်၊ မျက်လုံးဒဏ် ရာပဲ ရှိတာလေ၊ ကိုယ်လက် သန်သန်မာမာကြီးရယ်၊ ကလေးအတွက် စိုးရိမ်တယ်"

သို့ပြောလိုက်သည်တွင် သိန်းခါးကုန်းတစ်ယောက် သူ့အား သနားစရာ့ သူ့ရွှဝါလို ကြည့်လာချေပြီး...

"ဟား...ဟား...ဟား...ဟား...ဟား...ဟား စိုးရိမ်စရာ မရှိပါဘူးကွာ၊ ဒူးလေးကိုင်မုဆိုးက သူ့ကို ဘယ်လိုနည်းနဲ့မှ ဒုက္ခ ပေးနိုင်မှာ မဟုတ်ဘူး၊ ဘာကို စိုးရိမ်နေတာလဲ၊ ဘာလို့ မင်းက



သူ့အပေါ် မနာလို ဖြစ်နေတာလား"

သို့ မာမာထန်ထန် ပြောလာလေသဖြင့် ဓားမိုးထောင် တစ်ယောက် စေခွဲမရ ဖြစ်သွားချေတော့၏။

ဘယ်လိုမြေးအဘိုးပါလိမ့်။

"ဟင်း"

သူ သက်ပြင်းတစ်ချက် ချလိုက်မိချေ၏။

"ဟင်း...ဟင်း...ဟင်း"

သိန်းခါးကုန်းက သို့ကြည့်ကာ ရောင်ရယ်ရယ်လေတော့၏။

"ကဲ... မင်းသွားတော့ ငါ အိပ်ချင်ပြီ"

သို့ဆိုတော့ သိန်းခါးကုန်းကို မကျေမနပ် ဖြစ်သွားချေတော့၏။

"အင်းလေ...မဖြစ်လာတော့ ဘာမှ မဖြစ်ဘူးပေါ့"

လို့ သူ တီးတိုးရေရွတ် ထိုနေရာမှ ထွက်ခဲ့ချေတော့၏။

"ဟင်"

ထိုမှ သူ လှမ်းထွက်လေမှ သူ့နောက်နားတွင် လောက်လေး မယ် ရှိနေသည်ကို သိလိုက်တော့၏။

လောက်လေးမယ်နှင့် သူ မျက်လုံးချင်း ဆုံသွားတော့၏။ သို့ဆိုတော့ သူ့အကြည့်ကို ရိပ်မိလိုက်၏။

သူ့ကို သနားဟန် အကြည့်ဖြစ်ချေ၏။

သနားသည့်အကြည့် ဆိုသည်မှာ သူ့အပေ သူ့အပေါ်သို့ ဆက်ဆံလိုက်ခြင်းကို စိတ်မကောင်းဖြစ်သွားဟန် ဖြစ်၏။

သို့ပေမင့်ရှိ မျက်လုံးအကြည့်ဖြင့်သာ အသိအမှတ်ပြုလိုက် ခြင်းသာ ရှိ၏။ မည်သည့်စကားမျှတော့ မည်သူ့ဆီကမှ ထွက်ပေါ်လာ ခြင်း မရှိပါချေ။ သို့ပေမင့်...

www.burmeseclassic.com

www.burmeseclassic.com



"အဖေကလည်း သူက စောစောနဲ့ ထောပြောတာပဲ အဲလိုကြီး ဆက်ဆံစရာ မလိုပါဘူး ပြီးတော့ တုလေးနဲ့ သူက သူငယ်ချင်းမို့တော တာဆိုတော့ တုလေးအပေါ် သူ့သံယောဇဉ်ရှိလို့ စိုးရိမ်စိတ်ဝင်လ ပြောတာဖြစ်မှာပေါ့ အဖေရယ်…"

ဟု သူ့အဖေအား ပြောလိုက်သည်ကို သူ ကြားလိုက်ရ သဖြင့် လောက်လေးမယ်အပေါ် သူ နားလည်သွားလေ၏။

သို့ဖြင့် ငါးဖိုးထောင်သည် သူ့အိပ်ရာ ထဲသို့ ရောက်လာ

အတော်ကလေး စိတ်မကောင်း ဖြစ်မိ၏။

သည်ညနေအတိုး ဘယ်လိုတွေ ဖြစ်နေတာပါလိမ့်၊ သို့ကြောင့် သူသည် အိပ်ရာထက် လဲလျောင်းလိုက်သည် ဆိုပေမင့် သူ့အတော် နှင့် အိပ်မပျော်ချေ။ သူ အမျိုးမျိုး စဉ်းစားလို့နေရ၏။

ကောင်လေးအတွက် စိုးရိမ်စိတ်ဝေဥ်း ပါ၏။

ပြီးတော့ လောက်လေးမယ်နှင့် ပတ်သက်၍ သူ့အကြောင်း များ စဉ်းစားမိပါလိမ့်ရယ်လို့ သူကိုယ်သူ ပြန်မေးနေမိချေ၏။ သူ စွဲလမ်းနေမိလေခြင်းကြောင့်များလော။

ငါးဖိုးထောင်အတွက် စဉ်းစားပေးမိသလို လောက်လေးမယ် ကိုလည်း စဉ်းစားနေမိပြန်၏။ မျက်လုံးတွင် မြေမရွက်နိုင်တော့ဟု ဆိုရချိမ့်မည်။ သည်ညသို့ဖြစ် သူ အိပ်မပျော်ခဲ့သည်မှာ တစ်ညလုံးဟုပင် ဆိုရပေလိမ့်မည်။

သို့ကြောင့်လည်း သူ လောက်လေးမယ်နှင့် ပတ်သက်၍ တု တော်မောင်အပေါ် သူကဲ့သို့ စိုးရိမ်စိတ် ဖြစ်နေမိသည်ကို သိလိုက်ရ၏။

ဘယ်အတွက်မှ သူ အိပ်မပျော်ဖြစ်နေရှိန် ညဉ့်သန်းခေါင်ယ ကြက်တွန်သံနှင့်အတူ သစ်ရွက်ခြောက်တို့ပေါ် မြေမှုန်လေး ကြားသဖြ



သော မျက်လုံးဖွင့်ကြည့်လိုက်၏။

မှောင်နှင့်မည်းမည်းတွင် လူတစ်ယောက် မြေမှုန်ရှင်း လျှောက်သွားနေသည်ကြောင့် ဘယ်သူပါလိမ့် သိလိုသဖြင့် ခေါင်း ထောင်ကြည့်လိုက်၏။

လူလုံး သဲသဲကွဲကွဲမမြင်ရ ဆိုပေမင့် ယောက်ျားရယ် မိန်းမ ရယ် ခွဲခြားသိလိုက်၏။

အနီး အဝေး အလင်း ကြည့်မြင်းအားဖြင့် လောက်လေး မယ် ဆိုသည်ကိုသိလိုက်၏။

ညဉ့်သန်းခေါင်ယ ဘာလာလုပ်တာပါလိမ့်၊ သူလည်း ဖြည်း ညင်းစွာ ထထိုင်လိုက်၏။ ထိုအခိုက်နောက် လိုက်သွားတော့၏။ သူမ သွားနေသည်မှာ ငါးဖိုးထောင်နှင့် ဖုးလေးကိုင်မှုဆိုးတို့ရှိရာ သွားနေ ခြင်းဖြစ်၏။ ဘာကြောင့်ပါလိမ့်၊ သူသည်လည်း အသာလိုက်သွ ားရင်လိုက်၏။ လောက်လေးမယ်သည် ငါးဖိုးထောင်တို့ထံ မလှမ်း မကမ်း ရောက်သည်တွင် အမှောင်ရိပ်တွင်းမှ ရပ်ကြည့်နေလေ၏။ သူသည်လည်း လှမ်းကာကြည့်လိုက်၏။

ဘုရားရေ…

မြင်လိုက်ရသည့် မြင်ကွင်းက ထူးဆန်းလှပါကလား။

ဖုးလေးကိုင်မှုဆိုးသည် ငါးဖိုးထောင်ကို ပွေ့ဖက်လျက် အိပ်နေပါကလား။ ငါးဖိုးထောင်သည်လည်း ဖုးလေးကိုင်မှုဆိုးကို ပွေ့ဖက်နစ်ချိုက်စွာ အိပ်ပျော်နေလေ၏။

ဘုရားရေ… သူပင် မျက်စိမှားလေရောသလား။

ယို့ကြောင့် သူသည် လောက်လေးမယ်နား သွားလိုက်၏။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



လောက်လေးမယ်တစ်ယောက် အုပ်ချုပ်ခြင်းကြောင့် ထိတ်လန့်တကြား ဖြစ်သွား၏။

"ကျုံ့ပြီ"

"လန့်သွားတာပဲ"

"ရှင် ဘာလိုက်လုပ်တာလဲ ကျွန်မနောက် လိုက်ချောင်းတာလား"

"ကျုပ်လည်း ဈေးဆော့တော့မယ်၊ ခင်ဗျား ဘာဝယ်မလဲဆိုတာလေ"

"ကျွန်မ ဖိုးထောင်အတွက် စိတ်ချလို့ လာကြည့်တာ"

"ကျုပ်လည်း သူ့ကိုကော ခင်ဗျားကိုပါ စိတ်မချလို့ လိုက်လာတာ"

"ရှင်"

"တစ်မျိုးမထင်ပါနဲ့ ဒူးလေးကိုင်မုဆိုးက လူသတ်သမားမဟုတ်လား ကလေးကို စည်းရုံးပြီး သူ့လွတ်လမ်းအတွက် ကိုင်လေးခုတုံးလုပ်မှာ စိုးရိမ်လို့လေ"

"ကျွန်မလည်း အဲလိုပဲ"

"ပြီးတော့ ခင်ဗျားကိုတော့ ကျုပ်လေးစားသွားတာရှိတယ်"

"ပြောပါဦးရှင့်"

"ခြောက်... တူလေးအပေါ် စိုးရိမ်တတ်ရန်ကောဗျာ၊ ခင်ဗျားအဖေကတော့ တစ်မျိုးကြီးပဲဗျနော်"

"သည့်အတွက် ကျွန်မ ကြားကတောင်းပန်ပါတယ်"

"ဟုတ်ပါပြီ နားလည်ပါတယ်"

"ကြည့်စမ်း ဒူးလေးကိုင်လူက ကျုပ် ထင်ထားသလို မဟုတ်သလိုပဲနော်"



"ဟုတ်ပါ့ရှင်၊ သူ့ တူလေးအပေါ် ကောင်းတယ်၊ သံယောဇဉ်ရှိပုံပေပဲရှင်၊ ကြည့်ရတာ သူမှာလည်း တူလေးအရွယ် သားရှိလိမ့်မယ်"

"အင်း ပြောတတ်ပေဘူးဗျ"

"ကဲပါရှင် သည်ကနေ သွားကြပါစို့ အဖေသိရင် ရှင်နဲ့ကျွန်မ တစ်မျိုးထင်နေပါဦးမယ်"

သို့ဆိုတော့ ဓားဖိုးထောင်တစ်ယောက် သူ့အပါးမှ လှည့်ထွက်ခဲ့တော့၏။ သူမ၏ ခြေသံကြည့်ခြင်းအားဖြင့် သူနှင့် ကပ်ပါလာသည်ကို သိလိုက်၏။

"ဟင် အမေ့"

အလိုလေးဗျာ၊ သူမ ခလုတ်တိုက်လဲပြီ ထင်ပါရဲ့ သို့ကြောင့် သူသည် ကပျာကသီ နောက်လှည့်ကြည့်လိုက်၏။

"အို"

"ဟင်"

"ဘုရားရေ"

သူကလည်း လှမ်းအကြည့် သူမက ခလုတ်တိုက် ရှေ့သို့ဟပ်ထိုးလဲအကျ...

သည်တော့ နှစ်ယောက်သား မြေပေါ်သို့ လဲပြိုကျသွားတော့၏။ သို့ဆိုတော့ တစ်ယောက်ကိုတစ်ယောက် ဖက်ထားမိသလိုဖြစ်သွားချေတော့၏။ နှစ်ယောက်သား အသိပြန်ဝင်လာကြသည်တွင် ကပျာကသီ ထလိုက်ကြ၏။

"တောင်းပန်ပါတယ်"

သို့ဆိုသလို ဓားဖိုးထောင်က ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အပြစ်ပါရှင် ကျွန်မ ငုတ်ကို ဝင်တိုက်လဲရတာပါ"

သို့ဆိုလျက် သူမသည် သူ့အပါးမှ လှစ်ခနဲ ထွက်သွားချေတော့၏။

သူသည်လည်း ထွက်ခဲ့ချေတော့၏။

ဓားမိုးထောင်တစ်ယောက် တစ်သက်တွင် မိန်းမသားတစ်ယောက်နှင့် နှစ်ယောက်သား မတ်တတ်ရပ်စကားပြောဖူးခြင်းပင် မရှိ။

ခု မိန်းမသားတစ်ယောက်၏ ကိုယ်လုံးလေးကို ဖက်ထားမိသလို ဖြစ်ခဲ့ချေသည်ကြောင့် သူ ရင်ဖိုရချေ၏။

ယောကျ်ားသားချင်း ဖက်လုံးနပန်းသတ်ဖူး၏။

သူလို ကိုယ်လိုပင် အနိုင်ရဖို့ ထွေးလုံးရပေမင့် သတ်ပုတ်နေကြခြင်း ဖြစ်၏။

ခု မိန်းမပျိုနှင့် ထွေးလုံးမိသွား၏။

မတူပါကလား။

အိစက်ညက်ညောသော အသားအရေဖြစ်သဖြင့် အိစက်စက် အထိအတွေ့က သူ့ကို ရင်ဖိုစေတော့သည်။ ဘာကြောင့်ရယ်တော့ဖြင့် မသိပါချေ။

ပြီးတော့ သင်းပျံ့သောရနံ့လေးကို သူ ခံစားလိုက်ရ၏။

သူ ယောကျ်ားချင်း လုံးထွေးသတ်ပုတ်စဉ်တုန်းက ရနံ့သည် ညှဉ်းသိုးသိုး ချွေးရနံ့တို့ ဖြစ်၏။ အောအန်ချင်စိတ်ပင် ဖြစ်မိ၏။

သူနိုင် ကိုယ်နိုင် လုံးထွေးသတ်ပုတ်ခြင်းကိုသာ သူစိတ်ဝင်တစား လုပ်နေမိခြင်း ဖြစ်၏။

ယခုတော့ သူ သို့ ခံစားချက်မျိုး မဟုတ်ပါကလား။

ဘယ်လိုပြောရမှာပါလိမ့်။



ရင်တလှပ်လှပ် ဖြစ်ကျန်ခဲ့ရ၏။

သူမတော့ဖြင့် ဘယ်လိုနေသည် မသိပါချေ။ လောက်လေး
ယ်ကိုလည်း သူ အားတုံ့အားနာ ဖြစ်သွားမိ၏။"

ဘယ့်တွက် သူ တွန်းမထုတ်မိတဲ့ ထွေးဖက်ထားမိပါလိမ့်။

"ဟင်"

သူ သက်ပြင်းရှည်ကြီးတစ်ခုကို ချလိုက်ချေတော့၏။

"ဂစ်"

"ဂီးလ်"

ညဉ့်ငှက်တစ်ကောင်သည်လည်း တိုက်တိုက်ဆိုင်ဆိုင် သူ
င်းပေါ်မှ သို့နယ် အော်ဟစ်ဖြတ်ပျံသန်းသွားလေ၏။

သို့ဆိုသလို လောက်လေးမယ်တစ်ယောက်သည်လည်း

"ဘုရားရေ . . . ငါ ဘယ်လိုဖြစ်သွားတာပါလိမ့်"

သို့လည်း ဆင်ခြင်တွေးဆမိ၏။

ရှက်စရာများ ဖြစ်သွားလေရော့လား၊ သူ့ကိုယ်ကလည်း
လေ၊ ခလုတ်တိုက် လဲရတယ်လို့ မြေကြီးပေါ် ဟပ်ထိုးလဲကျသွား
ဘာဖြစ်မှာလဲ၊ ခုတော့ သူစိမ်းယောကျ်ားတစ်ယောက်ကို ဖက်
ထ်သား ကျမိလေခြင်းဆိုတော့ သူ ဘယ်လိုမှန်းမသိ ခံစားမိသွား
တော့၏။

ကြည့်စမ်း၊ လဲပြိုကျသည်နှင့် သူကလည်း ခပ်တင်းတင်း
ထားလိုပါကလား။

သူ သတိဝင် ကပျာကသီ ရုန်းထခဲ့ပေလို့၊ သူသည်ပင်
ချက်ကို တွေးတောနေမိဦးမည် ဆိုလျှင်တော့ သူက တင်းတင်း
ထားမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ သူမ ဘယ်လို လုပ်ရပါ့ တော်ပါသေးရဲ့ အခေ
တွေ့မသွားတာကို။ သူ့ကိုတောင် ကျေးဇူးတင်ရမည့်ကိန်း။

သို့ပေမင့် ဘာကြောင့်ရယ် မသိ သူသည် ကျေးဇူးတင်စကာ
မဆိုမိချေ။

သူ ရှက်သွားသည် ထင်ပါ၏။

သူ့တစ်သက်တွင်လည်း ပထမဆုံး ယောကျ်ားသာ
တစ်ယောက်နှင့် ခန္ဓာကိုယ်ချင်း ပူးကပ်မိလေခြင်း ဖြစ်ချေ၏။

ဘာလို့ သူ သို့ဖြစ်နေရပါလိမ့်။

မနက်ကျ သူနဲ့ မျက်နှာချင်းဆိုင်လျှင် သူမ ဘာလုပ်ရမည်
နည်း။ သူက တစ်စုံတစ်ရာ ပြောလာလျှင်ကော သူ ဘယ်
တုံ့ပြန်ရမည်လဲ၊ သူ မစဉ်းစားချင်တော့ ဆိုပေမင့် ဘာကြောင့်ရယ်မသိ
သို့အဖြစ်ကို စဉ်းစားမိသည်နှင့် ပီတိဖြစ်နေမိသည်ကို သူ မကျေမနပ်
ဖြစ်မိချေတော့၏။

"ကောင်မ နင် ဘာတွေ မဟုတ်မဟပ် တွေးနေတာလဲ"
လို့ သူ့ကိုယ်သူ ပြန်ပြောမိချေတော့၏။

"ဘုရားရေ..."

သို့လည်း ဘုရားတ,မိနေတော့၏။

သည်သို့ဖြင့် ထိုညတွင် အိပ်မပျော်၊ အတွေးနယ်ချဲ့နေ
နှစ်ယောက် ထိုစခန်းလေးတွင် ရှိနေကြချေတော့၏။

အကယ်၍ အိပ်မပျော်သူချင်း လသာသာအချိန်လေးတွ
ရေစီးသံ ငြိမ့်ငြိမ့်ညောင်းညောင်းရှိသည့် ချောင်းလေးနံဘေးတွင် သူ
ရင်ဆိုင်၍ စကားလက်ဆုံ ပြောဖြစ်ကြသည် ဆိုပါလျှင်ဖြင့်...

ဇာဒစောင်နတ်မင်းကြီးက သဘောကျပါ့မလား။



တကယ်တော့ ထိုနေရာအတွင်း လူသတ်သမားတစ်ယောက်
ရှိ၏၊ လူမမယ်ကလေးတစ်ယောက် ရှိ၏၊ အသက်အရွယ်အားဖြင့်
ထိမ်းမယိမ်း အရွယ်ရောက်ပြီး ယောကျ်ားလေးတစ်ယောက်နှင့်
မိန်းမတစ်ယောက် ရှိလေ၏။ လူကြီးတစ်ယောက် ရှိလေ၏။

ထိုည ထိုသူတို့ ရစ်ဆုံကြလေခြင်းသည် ကောင်းသော
ဆုံခြင်းများလေလား၊ မကောင်းသော ဆုံခြင်းများလား ဆိုသည်ကိုတော့
ဖြင့် ဘယ်သူမျှ သိကြလိမ့်မည် မဟုတ်ချေ။

ထိုညတွင် ဓားမိုးထောင်နှင့် လောက်လေးမယ်ပါ အိပ်မပျော်
ခဲ့ကြသည် ဆိုပေမင့် မိုးလင်းလုတွင် ဓားမိုးထောင်တစ်ယောက်
ဘ်ခွဲများ လေးလံလာကာ အိပ်ပျော်သွားတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည် မသိ။

"ဟိတ်...ဟိတ်...ဟိတ်လူ"

သို့နှယ် အော်ဟစ်ပုတ်ခတ် နှိုးလာသူကြောင့် ဓားမိုးထောင်
ပ်ရာမှ နိုးခဲ့ရတော့၏။

သိန်းခါးကုန်း ဖြစ်၏။

"မိုးထောင်တစ်ယောက် ဘယ်ရောက်သွားလဲ"

"ဟင်...ကျွန်တော်လည်း အိပ်ပျော်နေတာပဲ၊ ဘယ်သိပါ့
မလဲ ညကတော့ သူ ဒူးလေးကိုင်မှဆိုးနဲ့ အိပ်နေတယ် မဟုတ်လား"

"အေးလေ..ခု မိုးထောင်ကော ဒူးလေးကိုင်ပါ မတွေ့ဘူး"

"ဗျာ နို့ဆိုလျှင်ဖြင့် သည်ကောင်ကလေးကို ဓားစာခံလုပ်ပြီး
ခေါ်သွားပြီ ထင်တယ်"

"ပြောတတ်ဘူးကွ"

ဓားမိုးထောင်တစ်ယောက် စဉ်းစားမရ ဖြစ်ရ၏၊ ညက သူ

www.burmeseclassic.com



တွေ့တုန်းက သားအဖလား ထင်ရ၏။ ဖက်လဲတကင်းနှင့် ခု ဒူးလေ
ကိုင် မရှိတော့ ဆိုပါကလား။ ပြီးတော့ ငါးဖိုးထောင်လည်း မရှိ
တော့ သူ စဉ်းစားမိ၏။ ညက သူ့တို့ လာချောင်းမှန်းသိ၍ အမြင်မှ
အောင် လုပ်ကြံဖန်တီးပြလေသည်များလား။ အင်း သူနှင့် လောက်လေ
မယ်သာ သိခြင်းကြောင့် လောက်လေးမယ်ကို သတိရမိတော့၏

"သမီးကော"

"ဘာကွ"

သူ ရုတ်တရက် သို့ မေးလိုက်မိသဖြင့်…

"ဘာလဲ မင်းက ငါ့သမီးကို မေးတာလား။ ဘာကိစ္စ မေ
တာလဲ"

လို့ သိန်းခါးကုန်းက မကျေမနပ် မေးလာခံရခြင်း ဖြစ်၏

"ဟာ မဟုတ်ပါဘူး။ ဖိုးထောင်နဲ့ သူ အတူတူရှိနေလေ
မလား မေးချင်လို့ပါ"

ဟု လိမ်ဆယ်ပြောလိုက်ရ၏။ တကယ်တော့ သူ သူမကို
သတိတရ ဖြစ်မိသွားခြင်းပင်။

"ဟာ…ငါ့သမီး ငါတွေ့ပြီးမှ သူကလည်း မင်းနဲ့များ ရှိနေ
လား သိချင်နေတာကွ"

"ဗျာ…သို့ဆိုတော့ သူတစ်ယောက်တည်း ဟိုနား သည်နား
သွားနေရော့လား"

"ဘယ်လိုဖြစ်နိုင်မှာလဲကွာ။ နှစ်ယောက်စလုံး ပျောက်နေ
တယ် ဆိုတော့"

"ဟုတ်ပြီ…သဘောပေါက်ပြီ။ ကျွန်တော် လိုက်ရှာချေဦး
မယ်"



သို့ဆိုလျက် ဓားဖိုးထောင်တစ်ယောက် ဓားမကိုကိုင်၍ ထွက်ခဲ့လေ၏။ တဲစခန်းနှင့် အတော်လှမ်းလှမ်း ရောက်လေမှ သူ ဆာလောင်နေသည်ကို သတိရလိုက်၏။

သူ တဲသို့ပြန်သွား စားစရာရှာရန် သတိရပေမင့်၊ တဲတွင်လည်း စားစရာရှိလိမ့်မည် မဟုတ်ဟု တွက်ကာ ဆက်လျှောက်ခဲ့ချေ၏။ သို့ဆိုတော့ သူ ဆာကလည်း ဆာလာသည့်မို့ ချောင်းတွင် ငါးရနိုင်သည်ဟုတွက်ကာ ချောင်းဘက်သို့ ထွက်ခဲ့တော့၏။

ချောင်းအတွင်း စုန်ဆင်း ရှာရပေမည်။ ငါးဖိုးထောင်တို့ တွေ့လျှင်တွေ့ မတွေ့လျှင်ဖြင့်လည်း ငါးကလေး ဖားကလေး ရနိုင်ပေသည်။ သို့အတွက်နှင့် သူသည် ချောင်းအတိုင်း စုန်ဆင်းခဲ့ချေ၏။

အလိုလေးဗျာ…ချောင်းစပ်တွင် ခြေရာတို့ တွေ့ရ၏။ ခြေရာတို့ကို သူ သေသေချာချာ ကြည့်မိ၏။

လူကြီးတစ်ယောက်ခြေရာသာ တွေ့၏။ လူငယ်၏ခြေရာ မတွေ့။ သို့ကြောင့် ထိုခြေရာရှင်သည် ဒူးလေးကိုင်သာ ဖြစ်ချိမ့်မည်။ ခြေရာကြည့်ခြင်းအားဖြင့် တစ်ယောက်တည်း ဖြစ်ချေ၏။ သို့ဆိုတော့ ငါးဖိုးထောင်ကကော ဘယ်ရောက်နေပါလိမ့်။

သူသည် ခြေရာကို ကြည့်လိုက်ခဲ့ပြန်၏။ သို့ခြေရာခံလိုက်ရင်း ချောင်းထဲမှ ငါးတလေး၊ ဖားကလေး ရလိုရငြား ကြည့်မိတော့၏

သို့ လျှောက်ခဲ့ရာမှ ထိုခြေရာသည် တစ်ဖက်ချောင်းကမ်းသို့ တက်သွားသည်ကို တွေ့သဖြင့် သူသည်လည်း ချောင်းကမ်းပေါ် တက်ခဲ့ချေတော့၏။

ဘုရားရေ အဲဒီမှ ဒုက္ခ။ ချောင်းကမ်းပေါ်တွင် ခြေရာပျောက်သွား၏။ ထိုခြေရာရှင် ဘယ်ထွက်သွားသည် သူ မှန်းတတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် သူသည် စိတ်ထင်ရာသို့ လျှောက်သွားမိချေတော့၏။

သို့မှ သူ ချောင်းကမ်းပေါ်တွင် တောတိုးခဲ့ရာမှ ချုံပုတ်နွယ်ပင် တစ်ခုတွင် သွေးစသွေးနများ တွေ့လေသဖြင့် သူထိတ်လန့်သွား၏။

မကြာလိုက်သောအချိန်က သွေးထွက်သံယို ဖြစ်သွားပုံရ၏။ သွေးတို့ ခြောက်သွေ့သေးပုံ မရချေ။

သူ သွေးကို စေ့စေ့ကြည့်မိ၏။ ငုံ့ပင် နမ်းကြည့်မိ၏။

ဘုရားရေ . . . တိရစ္ဆာန်တစ်ကောင်မှ ထွက်သော သွေးတို့ တော့ဖြင့် မဟုတ်နိုင်၊ လူသားတစ်ယောက်၏သွေး ဖြစ်နိုင်၏။ သို့ဆို တော့ ဖိုးထောင်ကို သတိရလိုက်၏။ ခြေရာရှင်က ဖိုးထောင်ကို သတ်၍ ထားသွားသည်လား။

သို့ စိတ်ကူးတည့်ရာ လိုက်နေသည့်ကြားမှ ခြေရာနောက် လိုက်ပြန်၏။

"မဖြစ်နိုင်ပါဘူး"

သို့လည်း ဆုတောင်းမိ၏။

သို့မှ သူသည် သွေးစက်ပိုင်ရှင်ကို တွေ့လိုက်တော့၏။

"ဘုရားရေ"

သူ ထင်ထားသည်နှင့် လုံးဝဆန့်ကျင်ဘက် ဖြစ်နေလေ တော့၏။

ဒူးလေးကိုင်မုဆိုး ပက်လက်အနေအထား ရှိနေချေ၏။ ဒဏ် ရာရထားသော မျက်လုံးကို ဖုံးအုပ်ထားသည့် ပတ်တီးတွင် ပကတိ သွေးတို့ စိုရွှဲနေ၏။ သူ မျက်လုံးကို ဖုံးအုပ်ထားသည့်ကြားမှ သွေးတို့ ယိုစီးကျနေလေ၏။

ဘယ်လိုဖြစ်ရတာပါလိမ့်။



သူ မိုးရိမ်တကြီးဖြင့် ဒူးလေးကိုင်မုဆိုးဆီ ပြေးသွားလိုက်၏။

"ဘာဖြစ်တာတုံး"

"ဟိုး . . . ဟိုး . . . တိုး . . . သူငယ်"

"ဗျာ . . . ဘာပြောတယ် ဖိုးထောင်ကို ပြောတာလား"

"ဟုတ်တယ်"

"သူက ခင်ဗျားကို ဘာလုပ်လိုက်တာလဲ"

"ပြောချင်ပါဘူးဗျာ . . . ဂျူပ်ကို ခေါ်လာတယ်၊ သည်နားကျ တော့ ကျုပ်ဒဏ်ရာ ရထားတဲ့ မျက်လုံးကို လက်သီးနဲ့ ထိုးလိုက်တာ၊ အမှတ်တမဲ့ဆိုတော့ ကျွန်တော်လည်း ခုခံဖို့ မပြောလေနှင့် ကာကွယ် ဖို့တောင် အချိန်မရလိုက်ဘူး"

"ခု ဘယ်မှာလဲ"

"ကျွန်တော် သူထိုးလိုက်မှန်း သိလိုက်တော့ လက်နဲ့အုပ် လိုက်ချိန်မှာပဲ ကျုပ် ရင်ဝကို တုတ်နဲ့ လှဲရိုက်လိုက်တာပေပဲ၊ အကယ်တော့ ကျုပ်လည်း နာလို့ ပက်လက်လဲကျနေရာကနေ ထနိုင်ဘဲ နေတာပေါ့၊ ခင်ဗျားခြေသံကြားတော့ သူထွက်သွားတယ်"

"ဟင်း . . . ဟင်း . . . ဟင်း . . . ဟင်း"

သို့ဆိုတော့ ဓားဖိုးထောင်တစ်ယောက် ခပ်ညှင်းညှင်းလေး နယ်လိုက်လေပြီး . . .

"ခင်ဗျားက ထွက်ပြေးဖို့ ကြိုးစားလို့ နေမှာပေါ့"

လို့ ပြောလိုက်၏။

"ဘယ်ဟုတ်ရမှာတုံးဗျာ၊ သူပဲ ကျုပ်ကို ကုသပေးတာ၊ ခု သည်ခေါ်လာပြီး ခုလို လုပ်တာလေ"

"မဖြစ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မဖြစ်နိုင်ရမှာလဲ"

"နို့ဖြင့်လည်း မပြောတော့ဘူးဗျာ"

"မပြောနဲ့ ခင်ဗျား ကျုပ်နဲ့ ပြန်လိုက်ခဲ့ ဖိုးထောင်တစ်ယော
ပျောက်နေတယ်၊ ခင်ဗျား ခေါ်သွားတာထင်လို့ လိုက်ရှာကြတာ"

"ဘုရားရေ… ပြောင်းပြန်တွေ ဖြစ်နေပါကောလား"

သို့ဖြင့် ဓားဖိုးထောင်သည် ဒူးလေးကိုင်မုဆိုးနှင့်အတူ
နေရာလေးမှ စခန်းသို့ ပြန်ခဲ့ချေတော့၏။

စခန်းရောက်လုတွင်…

"ဟာ… ဟိုမယ်၊ ဟိုမယ်၊ ဖိုးထောင် မဟုတ်လား"

ဒူးလေးကိုင်မုဆိုးက လှမ်းပြပြောလေသဖြင့် ဓားဖိုးထော
သည် လှမ်းကဲကြည့်လိုက်၏။

သစ်ပင် ချုံနွယ်တို့ လှုပ်ခတ်သွားသည်ကို တွေ့ရ၏။

"ခင်ဗျား သူ့ကို တွေ့ချင်တယ်ဆို မြန်မြန်လိုက်သွားလေ"

သို့ဆိုတော့ ဓားဖိုးထောင်သည်လည်း ထိုနေရာသို့ ပြေးသွ
လိုက်ချေတော့၏။

ချုံပုတ်နွယ်ပင်နောက်သို့ ရောက်သည်တွင် ဖိုးထောင်
လှမ်းတွေ့လိုက်၏။

"ဟိတ်သူငယ်ချင်း၊ ဖိုးထောင်၊ ဖိုးထောင်"

သို့ သူ လှမ်းပြော ပြေးလိုက်သွား၏။

ဖိုးထောင် သူ့ခေါ်သံ ကြားသွားသည်လား၊ မကြားသည်လာ
တော့ မသိ၊ နောက်လှည့်မကြည့်ဘဲ ပြေးသွားချေတော့၏။

"မကြားလို့များလား"

သို့ဆိုတော့ ဖိုးထောင်သည် အပြေးအလွှား တောတ



လိုက်၏။

"ဟာ"

ဖိုးထောင်တစ်ယောက် တောင်ကြောအတိုင်း ပြေးဆင်းသွား
ရာမှ ဘာကြောင့်ရယ်မသိ လဲကျသွားတော့၏။

သူ စိုးရိမ်တကြီး အပြေးအလွှား သွားလိုက်၏။

ဘုရားရေ… ဖိုးထောင်တစ်ယောက် မှောက်ခုံကြီးဖြင့် ငြိမ်
သက်နေပါကောလား။

"ဖိုးထောင်… ဖိုးထောင် ညီလေး ဘာဖြစ်တာလဲ"

သို့ပြောလည်းပြော၊ ဖိုးထောင်မျက်နှာချင်းဆိုင် ပွေ့ထူမည်
အလုပ်တွင်…

"ခွပ်"

"ဟာ"

သူ့ကို တစ်စုံတစ်ဦးက မာကျောသောအရာဖြင့် နောက်စေ့
ကို ရိုက်လိုက်လေခြင်း ဖြစ်တော့၏။

သူ ရုတ်တရက် မှောက်လဲကျသွား၏။

သို့သော သူ သိလိုက်၏။

သို့ အရိုက်ခံလိုက်ရသည့်အရှိန်ဖြင့် ဓားဖိုးထောင် မေ့လဲ
သွားလေ၏။

မည်မျှကြာကြာ သူ သတိမေ့သွားသည် မသိ၊ သူ သတိရ
လာသည့်အချိန်တွင် သူ့အား ငုံ့ကြည့်နေသော လူစိမ်းနှစ်ယောက်
မျက်နှာကို တွေ့လိုက်တော့၏။ သူ့ကို ရိုက်လိုက်သူများပေလား။

"ခင်ဗျားတို့ ဘာလို့ ကျုပ်ကို ရိုက်ရတာလဲ၊ ဘာလိုချင်
လို့လဲ၊ ဖိုးထောင်နဲ့ ပတ်သက်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



သို့ သူက ကပျာကသီ မေးလိုက်၏။

သည်တွင် ထိုလူစိမ်းနှစ်ယောက်က သူ့အား ပြုံးစေ့စေ့ ကြည့်လာကြလေပြီး…

“မင်း မေ့လဲနေတာတွေလို့ ငါတို့က သတိရအောင် လုပ်ပေးကြတာ၊ မင်း ဘာတွေဖြစ်နေတာလဲ၊ ဘာလို့လဲ ခုလို သည်မှာ လဲကျမှောက်နေရတာလဲ”

တစ်ယောက်သောသူက မေးလေ၏။

သို့မှ ထိုသူကို သတိထားကြည့်မိ၏၊ သွားတက်လေးနဲ့ ပါကလား၊ မျက်နှာချိုလိုက်တာ။

သို့ဆိုတော့ သူသည် ထိုသူနံဘေးမှ လူကို ကြည့်လိုက်၏။ မျက်နှာသွယ်သွယ်၊ မျက်လုံးပြူးပြူး နှာတံပေါ်ပေါ် မျက်ခုံးရှိတယ် ဆိုရုံလေးသာ ရှိလေသည်ကို သတိထားမိလိုက်၏။

သူတို့နှစ်ယောက်ထံတွင် သေနတ်ကိုယ်စီ ရှိကြ၏။

“ခင်ဗျားတို့ ဘယ်သူတွေလဲ”

သူက မေးလိုက်၏။

“ငါတို့က ဘယ်သူတွေလဲ ဆိုတာထက် မင်း ဘယ်လိုဖြစ်ရတာလဲ အလျင်ပြောကွာ…”

သို့ဆိုတော့ သူသည် ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ချေတော့၏။

“နို့ဖြင့် မင်းပြောတဲ့ ငါးဖိုးတောင်ဆိုတဲ့ ကလေးကော”

“ခင်ဗျားတို့ လာတော့ မရှိဘူးလား”

“ဟင့်အင်း… မင်းတစ်ယောက်တည်း လဲနေတယ်”

“နို့ဖြင့် ကျွန်တော့်ကို ရိုက်တဲ့သူက ခင်ဗျားတို့တော့ မဟုတ်တာ သေချာပါတယ်နော်”

“ဟင်း…ဟင်း…ဟင်း…သိပ်သေချာတာပေါ့ မင်းကို လုပ်သွားတဲ့သူကလည်း ပြေးသွားလောက်ပြီ ထင်ပါရဲ့”

“ကဲပါလေ… မင်းကို ရိုက်သွားတာ ငါတို့ လာခဲ့လိုက်ပြီ နို့ပေမင့် မင်းပြောတဲ့ ကလေးရယ်၊ မင်းရယ်၊ လောက်လေးမယ်ရယ်၊ ဘာလာလုပ်ကြတာလဲ”

သို့ မျက်လုံးပြူးပြူးလူက ဝင်မေးလာလေ၏။

သို့ဆိုသလို သူ့အား ဒူးလေးကိုင်နှစ်ယောက် လိုက်လံ သတ်ဖြတ်သည်ကစ၍ ယခုဖြစ်ပျက်ခဲ့သည်ကို စိကာပတ်ကုံး ပြောလိုက်လေ၏။

“ဟုတ်ပြီ၊ သိပြီ၊ နို့ဆိုတော့ မင်းပြောတဲ့ သိန်းခါးကုန်းရယ်၊ လောက်လေးမယ်ရယ်၊ ဖိုးထောင်ရယ် ဟုတ်လား”

“အင်း”

“သူတို့ဆီ သွားမယ်”

သို့ဖြင့် ဓားဖိုးထောင်တစ်ယောက် သူတို့ထံ ခေါ်သွားလေတော့၏။ ထိုမုဆိုးနှစ်ယောက်သည်လည်း သူ့ကို တစ်ဖက်တစ်ချက် ခြံရံ၍ လိုက်ပါသွားချေတော့၏။

သည်သို့ဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဓားဖိုးထောင်နှင့် စတင်ဆုံစည်းခဲ့ရလေတော့၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် အမဲကြီးပစ်ရန်အလို့ငှာ ကန့်ကျုံးနီချောင်းဖျားသို့ လာခဲ့ကြသည်တွင် စပါးကြီးမြောင်နား[illegible] သို့ဆိုသလို ဓားဖိုးထောင်တစ်ယောက် မေ့လဲနေသည်ကို တွေ့ခဲ့ [illegible]မှစ၍ သူပြောပြလေသည့် အကြောင်းတို့ကို စိတ်ဝင်စား

www.burmeseclassic.com



မကြည့်ချေတော့၏။

"နို့ဖြင့် သည် မင်းကို လုပ်ကြံတယ်ဆိုတဲ့ ဒူးလေးကိုင် မုဆိုးနှစ်ယောက်အနက် တစ်ယောက်က သိန်းခါးကုန်းဆိုတဲ့လူ သတ်လိုက်ပြီပေါ့ ဟုတ်လား"

"အင်း"

"ပြီးတော့ ... အဲဒီဒူးလေးကိုင်နှစ်ယောက်က ဆေးဆရာကို သတ်ခဲ့တယ်ဆိုတာလည်း တကယ်ပေါ့"

"ဟုတ်ပါတယ်"

"ဟုတ်ပြီ ခု ကောင်လေး ပျောက်နေတယ်၊ လိုက်ရှာတယ်၊ နောက် မင်းတွေ့လိုက်ချိန်မှာ မင်းကို တစ်စုံတစ်ယောက်က နောက်ကနေ ရိုက်သွားတယ် ဟုတ်လား"

"ဟုတ်တယ်"

"အေးလေ၊ မင်းပြောတာ စိတ်ဝင်စားဖို့ကောင်းတဲ့ ဇာတ်လမ်းပဲ၊ သည်တော့ မင်းပြောတာ ဟုတ်,မဟုတ်၊ သူတို့ရှိတဲ့ဆီ ငါတို့ကို ခေါ်သွားချေကွာ ..."

"ဖိုးထောင်ကို လိုက်ရှာရဦးမယ်"

"ငါတို့ပါ ဝိုင်းရှာမယ်ကွာ၊ မင်းက မင်းပြောခဲ့တဲ့ဇာတ်လမ်း ဟုတ်,မဟုတ် သေချာအောင် မင်းတို့ စခန်းနေရာကို ခေါ်သွားလေကွာ"

သို့ဆိုတော့ ငါးဖိုးထောင်သည် ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို ဦးဆောင်၍ ခေါ်သွားချေတော့၏။

"ကိုလင်း ... သူပြောတာတွေ ဟုတ်ပါ့မလား"

လင်းမြင့်လှိုင်ကို ကျွန်တော်က တီးတိုးကပ်မေးလိုက်၏။



"ဟုတ်တယ် ... သူပြောတဲ့ စခန်းနေရာရောက်ရင် သိရ မှာ"

ငါးဖိုးထောင် ဆိုသူသည် ရှေ့မှ တောတိုးသွားနေရာမှ ...

"ဟာ ... ဟိုမယ် ... ဟိုမယ်"

သို့ပြောရင်း ရပ်နေသည်ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင် ည် သူနား တိုးကပ်သွားလိုက်၏။

"ဘာလဲ ... ဘာလဲ ... ဘာဖြစ်လို့လဲ"

"သိန်းခါးကုန်းနဲ့ သူ့သမီး လောက်လေးမယ်"

သူပြောသည့်နေရာသို့ ကျွန်တော်တို့ လှမ်းကြည့်လိုက်၏။ နေရာတစ်ဝိုက် ဆိတ်ငြိမ်လို့နေချေ၏။

"ဘာမှလဲ မတွေ့ဘူး မင်း အမြင်မှားတာလား"

"မဟုတ်ဘူး တကယ်တွေ့တာ"

"ငါတို့က မမြင်ပါဘူး"

"အင်း ... ကျွန်တော် သေသေချာချာမြင်လိုက်တယ်၊ အဲဒီ င်ကြောလေးက ဆင်းသွားကြတာ ဖြစ်မယ်၊ အဲဒီကို သွားကြည့် ယ်"

သို့ ငါးဖိုးထောင်က ပြောသဖြင့် ထိုတောင်ကြောလေး သို့ သွားမည့်ဟန် မြင်လိုက်သည်ကြောင့် ...

"နို့နေပါဦး သူတို့ မင်းတို့ နေခဲ့တဲ့စခန်းက ဘယ်မှာလဲ"

"အဲဒါက ဟိုဘက်မှာလေ"

သို့ဆိုလျက် ငါးဖိုးထောင်သည် သူသွားနေသည့်နေရာနှင့် င်ဘက်အရပ်သို့ လှမ်းညွှန်ပြလာလေသဖြင့် ...

"နို့ဖြင့်လည်း မင်းတို့စခန်းကိုပဲ ငါတို့ကို ခေါ်သွားပါကွာ၊

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ မင်းစခန်းရောက်မှ ကြည့်ဆုံးဖြတ်မယ်"

"ဟာဗျာ…စခန်းမှာ ဘယ်သူ ရှိပါတော့မလဲ၊ သူတို့သာ အဖေ သည်ဘက်သွားတာ တွေ့လိုက်တယ်လေ၊ နို့ကြောင့် သူ နောက် လိုက်သွားရမှာပေါ့"

သို့ ပြောလာသည့် ဓားမိုးထောင်ကို ကျွန်တော် စေ့စေ့ကြည့် လိုက်ပြီးနောက် လင်းမြင့်လှိုင်ဘက် ပြန်လှည့်ကာ မျက်လုံးချင်း သည်တွင် ပြုံးပြလိုက်၏။

"ကဲ ဘာလုပ်ရမလဲ"

ဓားမိုးထောင်က မေးလာချေသဖြင့်…

"စခန်းပဲ သွားမယ်"

"ဟုတ်ပြီလေ… စခန်းမှာ လူရှိ မရှိတော့ ကျွန်တော် အတတ်မပြောနိုင်ဘူး၊ သူတို့သားအဖ စခန်းမှာ မရှိဘူးတော့ သေ ပြီ၊ အဲ ဗူးလေးကိုင် မှဆိုးတော့ ရှိချင် ရှိလိမ့်မယ်"

သို့ဖြင့် သူသည် ကျွန်တော်တို့ကို ဦးဆောင်ခေါ်သွားပြ တော့၏။

သို့ လျှောက်ခဲ့ကြရာမှ လမ်းတွင် တောင်လိပ်တစ်ကော တွေ့ရလေသဖြင့် ဓားမိုးထောင်က ကောက်ယူမည် ပြုသည်တွင်…

"မယူနဲ့"

ကျွန်တော်က ဟန့်တားလိုက်သဖြင့် သူသည် ကျွန်တော့် မကျေမနပ် ကြည့်လာချေပြီး ခနဲ့ပြုံးပြလာကာ…

"ကျုပ် ဘာမှ မစားရသေးဘူး…"

ပြောလေ၏။

"ကိစ္စမရှိဘူး… ငါတို့မယ် စားစရာ ပါတယ်"



သို့ဆိုသလို လင်းမြင့်လှိုင်က ပြောလေသဖြင့် ဓားမိုးထောင် သည် မျက်မှောင်ကြုတ် ကြည့်လာချေပြီး…

"စားစရာတွေ ဘာလဲ မသိပေမင့် သည်လိပ်ကောင်ကို သူမှ ဖြစ်မယ်၊ ဘာလို့လဲဆိုတော့ ကျုပ်က လိပ်သားကြိုက်တယ်"

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းပြလေပြီး…

"မင်းကြိုက်တာကို ငါ မပြောလိုဘူး၊ နို့ပေမင့် မင်း သူကို သတ်စားမယ်ဆိုရင် သူသားလေးကိုပါ သတ်ရလိမ့်မယ်"

"ဗျာ"

လင်းမြင့်လှိုင်စကားကြောင့် ဓားမိုးထောင်သည်ပင် မဟုတ် ကျွန်တော်သည်ပင် တအံ့တဩ ဖြစ်သွားမိချေတော့၏။

"သူသားလေး ဆိုပါလား၊ ကျွန်တော် မတွေ့ပါကလား"

သို့ကြောင့် လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်လိုက်မိတော့၏။ သို့ဆိုသလို ဓားမိုးထောင်ကလည်း လင်းမြင့်လှိုင်ကို ကြည့်လာချေ၏။

လင်းမြင့်လှိုင်က ကျွန်တော်တို့ နှစ်ယောက်အား သူ့ဝသီ အတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလာချေပြီး…

"ဖက်ရွက်နဲ့ အုပ်နေလို့ပါ"

သို့ပြောလည်းပြော လိပ်ကောင်ကြီးနံဘေးရှိ ဖက်ရွက်ကြီး ကြီးတစ်ခုကို ဆွဲလှန်လိုက်လေသည်။

"အလိုလေးဗျာ၊ ဟုတ်ပါရဲ့ လိပ်ကောင်သေးသေးလေး ပါကလား"

မိခင်လိပ်မကြီးဘေးတွင် လိပ်ကောင်လေးသည် သူ့အမေ လိပ်မကြီးက ခြေဖွက် ခေါင်းဖွက် နေပေမင့် သည်ကောင်လေးသည် ခေါင်းလှုပ်လှုပ် ခြေလေးချောင်းကို ကားကားလှုပ်ကာ တရွေ့ရွေ့

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလေတော့၏။

"ကိုလင်း ဘယ်လိုလုပ် မြင်တာလဲ သူ့ခန္ဓာကိုယ်သေးသေးလေးကို ဖက်ရှက်က လုံလုံခြုံခြုံ အုပ်ထားတာပေပဲ ကိုလ အတော် အမြင်စူးရှတာပဲနော်"

သို့ဆိုသလို ကျွန်တော်က ချီးမွမ်းစကား ဆိုလိုက်၏။

"ကောင်လုံး မြင်တာတော့ မဟုတ်ဘူး ကိုပိုက်ရဲ့ အဲဒီ ဖက်ရှက်က လှုပ်နေလို့ပါ မသိမသာလေး လှုပ်နေတာကြောင့် ကိုပိုက်တို့ သတိမထားမိတာပါ"

"အေးဗျာ . . . ခင်ဗျားကို လေးစားတဲ့အနေနဲ့ ကျုပ် သည် လိပ်ကောင်ကို မစားတော့ဘူး"

"ကျေးဇူးတင်ပါတယ်ကွာ၊ မင်းတွက်က ငါ့မယ် ကားစရာ ကောင်းကောင်းပါပါတယ်"

သို့ဆိုတော့ ဓားဖိုးထောင်သည် လွန်မင်းစွာ ဆာလောင်နေပုံရချေ၏။ လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်လေ၏။

"မင်း ဖွတ်သားကြိုက်လား"

"ဖွတ်မွဲလား"

"အေးပေါ့"

"ဖွတ်မွဲဆိုတာ နာမည်ဆိုးပေမင့် အသားစားရတာ မဆိုးလှဘူးပဲဗျာ၊ ဘယ်မတုံး၊ မတွေ့ပါကလား"

"မင်းသာ သွားယူချေပါ"

"ဗျာ"

"ဟင်"

သို့ လင်းမြင့်လှိုင် ပြောလေသဖြင့် ကျွန်တော်လည်း လင်းမြင့်



ှိုင်ကို အံ့သြတကြီး ကြည့်မိချေတော့၏။

ကျွန်တော် ထင်ထားသည်မှာ လင်းမြင့်လှိုင်တစ်ယောက် ားဖိုးထောင်ကို ကျွန်တော်တို့တွင် ပါသည့် ဆတ်သားခြောက် ကျွေး ပိမ့်မည်ပေါ့၊ ခု သို့မဟုတ်ပါကလား။ ဖွတ်ကောင် ဆိုပါကလား။ ယ်မတုံး ကျွန်တော် မတွေ့ပါကလား။ လင်းမြင့်လှိုင်က ဘာအကြံ ြင့် သို့ လုပ်တာပါလိမ့်ဟု ကျွန်တော် တွက်မိလိုက်၏။

ဓားဖိုးထောင်သည်လည်း လင်းမြင့်လှိုင်ကို စိုက်ကြည့်နေ သပြန်၏။ လင်းမြင့်လှိုင်သည် သူ့လက်တွင်းမှ သေနတ်ကို မောင်း င်လိုက်ကာ ရှေ့ခြားလွယ်ခုတ်ရှိ သစ်ပင်သို့ လှမ်းထိုးချိန်လိုက်၏။

ဘုရားရေ . . . ကျွန်တော် ဘာမှ မမြင်ပါကလား။

ဓားဖိုးထောင်သည်လည်း လင်းမြင့်လှိုင် ပစ်မှတ်ကို မျက်လုံး ရှာနေပုံ ဖြစ်ချေ၏။

"ဒိန်း"

သို့ ပြင်းထန်သော ယမ်းအားပေါက်ကွဲသံ ပေါ်ထွက်လာ ည်နှင့်အတူ ထိုသစ်ပင်ခွဆုံမှ မည်းမည်းသဏ္ဌာန်တစ်ခု အပင်ခြေ င်းသို့ ပြုတ်ကျလာလေတော့၏။

"ဘုတ်"

အလိုလေးဗျာ . . . ဗိုက်ဖောင်းဖောင်းနှင့် ဖွတ်မွဲကြီး တစ် ကောင်ပါကလား။

ဦးခေါင်းကတော့ဖြင့် ကျည်ဒဏ်ကြောင့် ကြေမွသွားပေ၏။ ကယ်တော့ သစ်ပင်၏ အခေါက်အရောင်နှင့် ဖွတ်မွဲ၏အရောင် ပ်ဆင်ဆင် ဖြစ်နေလေသဖြင့် ကျွန်တော်နှင့် ဓားဖိုးထောင် မတွေ့ လခြင်းဝင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အလွန်တရာမျှ မျက်လုံးအကြည့် စူးရှသည့် လင်းမြင့်လှိုင်ပါကလား။

စားဖိုးထောင်ကို လင်းမြင့်လှိုင်က မျက်ရိပ်ပြလိုက်၏။ ဘာဆိုသည်ကို သိလိုက်သော ဖိုးထောင်က ဖွတ်ကောင်ကို သွားကောက်လေတော့၏။

ကျွန်တော်က လင်းမြင့်လှိုင်ကို ပြုံးပြလိုက်ချေ၏။

"ကျွန်တော်တို့ သည်ကောင်ကို အရေခွတ် မီးကင်စားကြမှာလား"

စားဖိုးထောင်က မေးလေ၏။ လင်းမြင့်လှိုင်က ခေါင်းကိုခါယမ်းပြလိုက်ကာ···

"သည်မယ်ဆို ထင်းခုဆောင်းရမယ်၊ မီးမွှေးရမယ်၊ ပြီးတော့ အချိန်မကြာသင့်ဘဲ ကြာသွားမယ်၊ ညနေစောင်းတော့မယ်လေ၊ နို့ဆိုတော့ ငါတို့ မင်းပြောတဲ့ မင်းတို့ စခန်းကို အလျင်သွားကြမယ်"

"အင်း ကောင်းပါတယ် ဟိုမယ်တော့ ဒူးလေးကိုင် မုဆိုးရှိလိမ့်မယ် ပြီးတော့···"

သို့ ပြောပြီး စားဖိုးထောင်တစ်ယောက် တစ်စုံတစ်ရာကို စဉ်းစားမိလိုက်ဟန်ဖြင့်···

"ဟာ···အဲဒါမှ ဒုက္ခပါပဲ"

"ဘာလို့လဲ"

"စခန်းမယ်၊ ဒူးလေးကိုင် မုဆိုးတစ်ယောက်တည်း ဘာလို့ သူတို့ ထားခဲ့ပါလိမ့်။ ဘာကိုများ ယုံကြည်ကြလို့ပါလိမ့်။ တကယ်ဆို ဒူးလေးကိုင်က လူသတ်သမားလေ၊ နှစ်ယောက်ထဲက တစ်ယောက် မဟုတ်လား"



သို့ကြောင့် စားဖိုးထောင်တစ်ယောက် မျက်စိမျက်နှာ ပျက်သွားရပေခြင်း ဖြစ်၏။

"လာကြဗျာ၊ မြန်မြန် ကျွန်တော့်စိတ်ထင် ဒူးလေးကိုင် မုဆိုးစခန်းမှာ ရှိနိုင်မယ် မထင်ဘူး"

"မရှိလည်း ဘာဖြစ်လဲကွာ၊ ငါတို့ အဲဒီမှာ နားနေ၊ သည်ဖွတ်ကောင်ကို မီးကင်စားကြတာပေါ့၊ ပြီးမှ ဘာလုပ်ရမယ်၊ ငါတို့တွေ တိုင်ပင်တာပေါ့၊ ခု မင်းပြောတဲ့ဇာတ်လမ်းကလည်း တကယ်ဟုတ်၊ မဟုတ် မသိဘူးလေ၊ အရေးကြီးတာ မင်းပြောတဲ့ သိန်းခါးကုန်းရယ်၊ ယောက်လေးမယ်ရယ်၊ ပြီးတော့ ငါးဖိုးထောင်ရယ်၊ ဟုတ်ပြီလား၊ ပြီးတော့ ဒူးလေးကိုင်မုဆိုး သူတို့တွေထဲက တစ်ယောက်ယောက်နဲ့ တွေ့ရင်ဖြင့် မင်းပြောတာတွေ ငါတို့ ယုံကြည်ပေးမယ်၊ ခုတော့ ငါတို့က မင်းတစ်ယောက်တည်းတွေ့ပြီး မင်းပြောတာပဲ ကြားရတာကိုး"

သို့ဆိုတော့ စားဖိုးထောင်တစ်ယောက် လင်းမြင့်လှိုင်ကို ကြည့်လာချေပြီး···

"အင်း···နို့လည်း ဟုတ်တာပေါ့၊ နို့ဖြင့်လည်း မြန်မြန်လာကြချေ၊ အားလုံးမဟုတ်ဘူး ဆိုတာတောင်မှ ဒူးလေးကိုင်မုဆိုးကို တွေ့နိုင်လိမ့်မယ်၊ ကျွန်တော့်အထင် သူတို့ သားအဖကလည်း ခပ်ညံ့ညံ့တော့ မဖြစ်နိုင်ဘူး၊ တစ်ခုခုတော့ စီစဉ်ထားခဲ့ပါလိမ့်မယ်"

သို့ဖြင့် ကျွန်တော်တို့သည် စားဖိုးထောင် ဦးဆောင်မှုဖြင့် စပါးကြီးမြောင်စခန်းသို့ ခပ်သွက်သွက် လျှောက်ခဲ့ကြတော့၏။

တောတိုးလျှောက်ခဲ့ကြသည်ကြောင့် အချိန်လည်း ကုန်သွားရချေတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် စပါးကြီးမြောင်ရှိ သူတို့ တဲစခန်း

www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းမြင်ရသည့် နေရာသို့ ရောက်ခဲ့၏။

"ဟိုမယ်… ဟိုမယ်… ဒူးလေးကိုင်မုဆိုး ဖြစ်မယ်၊ အင်န့်နေပါဦး၊ လူနှစ်ယောက် ဖြစ်နေတယ်၊ နို့ဖြင့် တစ်ယောက်က ဘယ်သူပါလိမ့်"

သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း လှမ်းကြည့်လိုက်ကြ၏။ စခန်းတဲပေါ်တွင် လူနှစ်ယောက် ထိုင်နေလေ၏။

"ဘယ်သူများပါလိမ့်"

စားဖိုတောင်တစ်ယောက် ဖေဝေဝါဖြစ်နေပုံပင် တစ်ယောက်သောသူကို သူ လုံးဝသိဟန် မပေါ်ချေ။

"ခင်ဗျားပြောတဲ့ ဒူးလေးကိုင်မုဆိုးဆိုတာ ဘယ်သူလဲ"

ကျွန်တော်က မေးလိုက်၏။

"အင်း ဒူးလေးကို လွယ်ထားတယ်၊ အကျီအပြာ၊ စပို့ရှပ်နဲ့"

"သို့ဆိုတော့ အကျီအပြာစပို့ရှပ် ဝတ်ထားသူက ဒူးလေးကိုင်မုဆိုးဆိုတော့ ကျန်တာ ဘယ်သူ ဖြစ်မလဲဟင်"

သို့ လင်းမြင့်လှိုင်က မေးလိုက်သည်တွင် စားဖိုးတောင်သည် အသေအချာ စိုက်ကြည့်နေလေပြီး…

"ဟာ"

သို့ အလန့်တကြားဖြင့် အသံထွက်သွားလေပြီး…

"ဘာဖြစ်တာလဲ"

"ကျွန်တော် မေးလိုက်၏။

"တစ်ယောက်က ဒါ… ဒါ ဆေးဆရာကြီးပေပဲဗျ၊ ငါးမိုးတောင်တို့အဘိုး ဆေးဆရာကြီးပဲ၊ မသေသေးပါကလား"

သို့ဆိုတော့ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုဆေးဆရာ



ကြီး ဆိုသူကို စေ့စေ့ကြည့်လိုက်၏။

အသက်အားဖြင့် ၇၀ နီးပါး ရှိချိမ့်မည်။

"နို့ဖြင့် မင်းပြောတော့ သူ့မြေးက သူ့အဘိုးကို အဲဒီဒူးလေးကိုင်တို့ နှစ်ယောက်က သတ်လိုက်တယ်ဆို"

"ဟုတ်ပါ့ဗျာ"

"နို့ဖြင့် ခုက ဘာလို့ မိတ်ဆွေတွေလို စကားပြောနေကြတာလဲ"

"ကျွန်တော်ကလည်း အဲဒါကို စဉ်းစားမရဖြစ်နေတာ၊ ဆေးဆရာတော့ ဟုတ်ပါတယ်ဗျာ"

"လူတူတာများလား"

"ဘယ်ဟုတ်ပါ့မလဲဗျာ၊ ကျွန်တော့်လက်မောင်းက ဒဏ်ရာကို သူ ကုသပေးတာပဲ၊ ကောင်းကောင်းမှတ်မိတာပေါ့၊ အဲဒီ ပုံဆိုးခွက်တုံးကြီးနဲ့ပဲဗျ၊ ပင်နီတိုက်ပုံကြမ်းကြီးနဲ့ပဲဗျ"

"နို့ဖြင့် လာဗျာ… သူတို့ဆီ မြန်မြန်သွားရအောင်"

သို့ဖြင့် ကျွန်တော်တို့သည် ထိုတဲသို့ ခပ်သွက်သွက် သွားလိုက်ကြ၏။

"ဟေး"

"ဟေး"

အလိုလေးဗျာ၊ သို့ဆိုသလို စားဖိုးတောင်က ဘာကြောင့်မှန်းမသိ အသံပြုလိုက်သည်တွင် တဲပေါ်မှ လူနှစ်ယောက်သည် ကျွန်တော်တို့ကို လှမ်းကြည့်ချေပြီး ထိုတဲပေါ်မှ လှစ်ခနဲ ဆင်းပြေးသွားလေတော့၏။

"ဟာ သူတို့ ဘာလို့ ထွက်ပြေးကြတာပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



ဓားဖိုးထောင်က တအံ့တသြဖြင့် ပြောလာလေ၏။

"မင်းကိုက ဘာလို့ အသံသွားပေးရတာလဲ"

"သိဘူးလေဗျာ၊ ကျွန်တော့်ကို သူတို့နှစ်ယောက်လုံး သိ တာ ဘာလို့ ပြေးသွားကြတာပါလိမ့်၊ ကောင်လေး ခင်ဗျားတို့ နှစ်ယောက် တွေ့လို့ဖြစ်မယ်"

သို့ ပြောလည်းပြော ကျွန်တော်တို့ နှစ်ယောက်ကိုလည်း သံသယမကင်း အကြည့်ဖြင့် ကြည့်လာချေတော့၏။

"ဘုရားရေ... ငါတို့ကိုမြင်တာနဲ့ ဘာလို့ပြေးရမှာလဲကွ မဟုတ်သေးပါဘူး၊ အဲ တစ်ခုတော့ရှိတယ်၊ မင်းကိုမြင်လို့ ဖြစ်မယ်"

"ဘာဆိုင်လဲ"

"ဆိုင်,မဆိုင်တော့ မသိဘူး ငါတွက်မိတာ ပြောမယ်"

"ပြောလေ"

"မင်းပြောတယ် မဟုတ်လား၊ ဆေးဆရာကို ဒူးလေးကိုင် နှစ်ယောက်က သတ်လိုက်တယ်လို့"

"ဟုတ်တယ်"

"နို့ ဒါကြောင့်ဖြစ်မယ်"

"ဘာဗျ ရှင်းအောင်ပြောပါလား"

"သည်လိုကွ၊ ဆေးဆရာက မင်းအသိမှာ သေပြီလို့ ထ နေတာကြောင့် ခုလိုပြန်တွေ့လာတော့ စိုးရိမ်စိတ်ဖြစ်ပြီး ပြေးသွား တာဖြစ်မယ်"

"မရှင်းသေးဘူးဗျာ"

"သူတို့ နှစ်ယောက်က ရင်းရင်းနှီးနှီးပဲကွ၊ ကြည့်ရတာ မ အပေါ်မှာ သူတို့ တစ်ခုခု လျှို့ဝှက်ထားပုံရတယ်"



"မဖြစ်နိုင်ဘူး"

"ဘာလို့လဲ"

"ဒူးလေးကိုင် နှစ်ယောက်က ကျွန်တော့်ကို လိုက်သတ်နေ တာ၊ ဆေးဆရာက ဝင်ကယ်တာ၊ သည်တော့ သူတို့က အခဲကြေ ပုံ မပေါ်ဘူး၊ ဘာလို့ပါလိမ့်"

"အင်းလေ... ငါးဖိုးထောင်ရယ်၊ သိန်းခါးကုန်းရယ်၊ လောက် လေးမယ်ရယ် တွေ့ရင်ဖြင့် ရှင်း သွားလိမ့်မယ် ထင်တယ်"

သို့ပြောလာသည့် ဓားဖိုးထောင်ကို ကျွန်တော် စေ့စေ့ကြည့် လိုက်မိ၏။

ပြီးတော့ လင်းမြင့်လှိုင်ကိုလည်း အဓိပ္ပာယ်ပါပါ ကြည့် လိုက်၏။

"ကိုပိုက်ရေ... ကျွန်တော် ရှင်းရှင်းပြောရရင် သူ့ကို သံသယ မကင်းဘူး"

"ဘာလို့လဲ"

လင်းမြင့်လှိုင်က ဓားဖိုးထောင်ကို ကြည့်ပြောလေသဖြင့် ကျွန်တော်သည်ပင် အံ့အားသင့်သွားမိ၏။ ဓားဖိုးထောင်ကိုလည်း အားတုံ့အားနာ ဖြစ်သွားချေတော့၏။

ဓားဖိုးထောင်ကလည်း လင်းမြင့်လှိုင်ကို တအံ့တသြဖြင့် ကြည့်နေလေ၏။

"မင်း ဘာတွေ လုပ်ဇာတ်ခင်း ငါတို့ကို ပြောနေတာလဲ"

သို့သည်း လင်းမြင့်လှိုင်က စေ့စေ့ကြည့် မေးလိုက်လေ၏။

"ကျွန်တော်ပြောတာ အမှန်တွေချည်းပါဗျာ၊ သည်မယ် ကြည့်ပါလား ကျွန်တော့်လက်မောင်းက ဒဏ်ရာ"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုသလို သူ၏ လက်မောင်းကို ပြလာလေ၏။

ဘုရားရေ. . .ဟုတ်ပါ့. . .အနာမကျက်တကျက် ဖြစ်နေသည့် မြားစူးဒဏ်ရာ ဖြစ်ချေ၏။

"အင်းလေ. . .ငါတို့လည်း စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းတစ်ခုကို သိရပြန်ပြီပေါ့ကွာ၊ ကဲ့ လာ စခန်းသွားကြမယ်"

သို့ဖြင့် ကျွန်တော်တို့သည် စခန်းတဲ ရှိရာသို့ သွားကြ၏။

စခန်းတဲပေါ်တွင် ဒူးလေး မြားတံတစ်ချောင်းကို တွေ့ရ၏။

"ဟင်. . .ဒါ ကျွန်တော့်ကို စူးတဲ့ မြားတံပေပဲဗျ"

သို့ဆိုလျက် ဝါးကြမ်းခင်းပေါ်မှ ဒူးလေးမြားတံ့ ထက်ပိုင်းကျိုးကို ခားဖိုးထောင် ကောက်ယူပေးလေ၏။

လင်းမြင့်လှိုင်က ထိုမြားတံကို စေ့စေ့ကြည့်လေပြီး. . .

"အင်း. . .မြားဦးမယ် သွေးတွေ စွန်းထင်နေတာဆိုတော့ မင်းပြောတာ လက်ခံတယ်၊ အဲ စဉ်းစားစရာပဲ၊ သေပြီဆိုတဲ့သူက မသေသေးပါကလား။ မင်းကို ငါးဖိုးထောင်ဆိုတဲ့ ကောင်လေး နောက်နေတာများလား. . ."

"အဲလိုလည်း မဖြစ်နိုင်ဘူး၊ ကျွန်တော့်ကို နောက်တယ်ပဲထား၊ သူ့ရဲ့ အဘိုးနဲ့ ဒေါ်လေးကို သူ နောက်ပြောင်လိမ့်မယ် မထင်ပါဘူး၊ ပြီးတော့ သူ့ဘိုးလေးက ဒူးလေးကိုင် ၂ ယောက်ထဲက တစ်ယောက်ကို သတ်လိုက်တဲ့ သူပေပဲ"

"နို့ကလည်း သူ့အပြော မဟုတ်လား"

လင်းမြင့်လှိုင်ကႈ သို့ မေးလိုက်လေ၏။

"အင်း. . .အဲဒီလည်း ဖြစ်နိုင်တာပဲ"

"ကဲ. . .ဘာမှ ပြောမနေနဲ့ မင်း ဆာနေပြီဆို သည့်ဖွတ်



ကောင်ကို မီးကင်ချေကွာ၊ ငါတော့ ရေသွားရှာချေဦးမယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ချောင်းဘက် ထွက်သွား၏။ ကျွန်တော်သည်လည်း ခားဖိုးထောင်နှင့် ဝိုင်းကူလုပ်ပေးလေ၏။ လင်းမြင့်လှိုင် ရေခပ်ပြန်လာသည်တွင် ဖွတ်ကောင်ကို တံမြူထိုး မီးကင်ပြီး ဖြစ်ချေတော့၏။

ဖွတ်ကောင် မီးကင်နေစဉ် လင်းမြင့်လှိုင်သည် ဝီစကီပုလင်းပြားလေးကို ထုတ်ပေးလာလေ၏။

"မင်း သောက်တတ်လား"

"သောက်ချင်တာပေါ့ဗျာ၊ အရက်ကောင်းပေပဲ"

သို့ဆိုတော့ ကျွန်တော်တို့သုံးယောက် ဖွတ်ကောင် မီးကင်နေစဉ် ဝီစကီပြားလေးကို လက်ပြောင်းလက်လွှဲ သောက်နေကြချေတော့၏။

သို့ရှိစဉ် ခပ်ဝေးဝေး တောင်ကြောဘက်ဆီမှ ခွေးအူ,တို့ အသံကို ကြားကြရ၏။

"ပြေးသွားတဲ့ နှစ်ယောက် အဲဒီတောင်ကြောဘက် ရောက်သွားတာ ဖြစ်မယ်"

သို့ဆိုသလို ခားဖိုးထောင်က ကျွန်တော်တို့ကို ပြောလေ၏။ ပြေးသွားသည့် ၂ ယောက်ဆိုသည်မှာ ဆေးဆရာနှင့် ဒူးလေးကိုင် ဖြစ်ချေ၏။

"ကဲ. . .ဖွတ်သားကင် ကျက်ပြီ"

ကျွန်တော်က ဖွတ်သားကင်ကို ယူလိုက်၏။ စားသောက်ဝိုင်း အလယ်တွင် ချလိုက်၏။ အငွေ့ တထောင်းထောင်းကြားမှ သူတစ်ဖဲ့ ငါ တစ်ဖဲ့ ဆိုသလို ဆွဲယူစားလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ချိုတော့ အချိုသားကလား"

ကျွန်တော်တို့ စိစကီနှင့် အမြည်းလုပ်လိုက်ကြ၏၊ သို့မှ ဖွတ်သားလည်းကုန်၊ စိစကီတစ်ပြားသည်လည်း ကုန်သည်တွင်··

"အိပ်ကြတာပေါ့"

"နို့ဖြင့်" စားဖိုးထောင်က တစ်စုံတစ်ရာ ပြောလိုသဖြင့် သို့ဆိုပြီး လင်းမြင့်လှိုင်ကို ငေးကြောင်ကြည့်နေလေ၏။

"ကိုဖိုးထောင် ငါတို့ သည်စခန်းမှာ အိပ်မယ်၊ မင်း ဖြစ်ချင်တာ ငါ သိတယ်၊ ငါ မင်းပြောတာတွေကို ယုံတယ်လည်း မဟုတ်၊ မယုံဘူးလည်း မဟုတ်ဘူးလေကွာ၊ နို့ဆိုတော့ ညည ညသည်မယ် အေးအေးဆေးဆေး အိပ်ကြတာပေါ့ မနက်မှ စားသောက်ပြီး သည်စခန်းက ခွာကြတာပေါ့"

သို့ လင်းမြင့်လှိုင်က ပြောလိုက်၏။

"သိန်းခါးကုန်··· "

"အေး မင်းပြောတဲ့ သိန်းခါးကုန်း သူ့ရဲ့ညမီး လောက်လေးမယ်"

"ဟုတ်တယ်"

"အဲ ဒူးလေးကိုင်မှဆို၊ ဒဏ်ရာနဲ့ သေပြီးတစ်ယောက်၊ ပြီးတော့ ဆေးဆရာရယ်၊ ငါးဖိုးထောင်ပါ ဟုတ်လား"

"အင်း"

"သူတို့ကို လိုက်ရှာချင်တာပေါ့ သူတို့ထဲက တစ်ယောက်ယောက်နဲ့ တွေ့လျှင်ဖြင့် မင်းပြောတာတွေ ဟုတ်မဟုတ်ဆိုတာ ငါတို့ သိရတော့မပေါ့"

သို့ဆိုတော့ စားဖိုးထောင်တစ်ယောက် ကျေနပ်သွားတော့



၏။ ထိုသည်ကို ကြည့်ခြင်းအားဖြင့် သူ ကျွန်တော်တို့ကို ပြောပြသည်မှာ ဟုတ်လောက်ပေ၏၊ သို့ပေမင့် ကျွန်တော်တို့သည် လက်ခံလောက်စရာအကြောင်း ဘယ်လောက်မှ မရသေးပါကလား။

သို့ဖြင့် ကျွန်တော်တို့ ကြမ်းခင်းပေါ်တွင် လှဲအိပ်လိုက်ကြတော့၏။

ထိုည ကျွန်တော်သည်လည်း အတော်နှင့် အိပ်မပျော်၊ ညသည် တိတ်ဆိတ်လို့ နေချေ၏။

အိပ်မပျော်သည်ကြောင့် ဟိုလိမ့် သည်လိမ့် သို့ကြားမှ··

"ချွတ်··ချွတ်··ချွတ်···ချွတ်···"

သို့ ခြေသံကြောင့် ကျွန်တော့်အသံ လာ ရာသို့ လှည့်ကြည့်လိုက်၏။ လဲလျောင်းနေရာမှတော့ဖြင့် မထခဲ့ပါချေ။

အင်း··· လူတစ်ယောက် သို့တည်းမဟုတ် နှစ်ယောက်သည် ကျွန်တော့်အား အိပ်မပျော်သည်ကို သိရှိဟန် မတူပါချေ။

တဲနှင့် ခပ်လှမ်းလှမ်းရှိ ချုံပုတ်ပင်တို့ နောက်ကွယ်မှ တစ်စုံတစ်ရာ ခြေဖော့နင်းသံကို ကျွန်တော် သိလိုက်၏။ ချောင်းမြောင်းနေဟန် ဖြစ်၏။

တိရစ္ဆာန်ဆိုပါလျှင်လည်း သားရဲကောင်သာ ဖြစ်ချိမ့်ပေမည်၊ သို့ကြောင့် ကျွန်တော်သည် နံဘေးတွင် လှဲချထားသည့် လက်စွဲတော် သေနတ် ပွိုင့် ၃၇၅ မဂ္ဂနမ် ရိုင်ဖယ်ကို လှမ်းကိုင်လိုက်၏။

တစောင်းလဲလျက်မှ ဖြည်းညင်းစွာ ပြူမှလှုပ်ရှား၍ မောင်းတင်လိုက်၏။

"ချောက်"

တိုးတိတ်ညင်သာသော အသံဖြစ်ပေမင့် အကာလ ညဦး

www.burmeseclassic.com

www.burmeseclassic.com



အချိန် လူသူအိပ်ချိန် ဖြစ်လေခြင်းကြောင့် အသံကျယ်သွားပုံရ၏။

"ချွတ်···ချွတ်···ချွတ်···ချွတ်···ဖလပ်"

ခြေသံခြောင်းခြောင်းနေရာမှ သေနတ်မောင်းတင်သံကြောင့် လှည့်ပြေးသွားပုံရချေ၏။ သို့ကြောင့် ကျွန်တော် ကပျာကသီ လှုးလဲထလိုက်ချေပြီး မောင်းအသင့်တင်ပြီး သေနတ်ဖြင့် လှမ်းချိန်လိုက်၏။

"ဘုရားရေ"

သစ်ရွက်များ၊ သစ်ကိုင်းအခက်အစပ်တို့ကြားမှ ထိုးဖောက်ကာ မြေပြင်သို့ကျရောသည့် အလင်းရောင်မှ ဖြတ်ပြေးသွားသည့် လူနှစ်ဦးကို တွေ့လိုက်တော့၏။

"တော်သေးရဲ့ မစဉ်းစား မဆင်ခြင် ပစ်လိုက်မိရင် ဟင်း"

သို့ဆိုပါက လူတစ်ယောက် ကျည်ထိသွားနိုင်၏။

"ဟင်း···ဟင်း···ဟင်း···ကိုပိုက် မြင်လိုက်တယ်လား

"ဟာင်"

သို့အသံနှင့်အတူ လင်းမြင့်လှိုင် လဲလျောင်းနေရာမှ လူးလဲထလာ၏။

"ကိုလင်း မအိပ်သေးဘူးလား"

"အေးဗျာ···ကိုပိုက် ချောင်းနေတာသိလို့ ကျွန်တော် ငြိမ်နေတာ ကျွန်တော်လည်း လူနှစ်ယောက်ဆိုတာ စောစောကမှ သိတာ"

ကျွန်တော် ဓားဖိုးထောင်ကို ကြည့်လိုက်၏။ သူ ဘာမှ သိပုံ မပေါ်။ ထဲစောင်းလှဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေ၏။

"သူ ပြောတာတွေကို ကိုပိုက် လက်ခံလား"

လင်းမြင့်လှိုင်က မေးလေ၏။

"အင်း··ဘယ်လိုပြောရမလဲ သူ နောက်ပြောင်နေတာ



မဟုတ်ဘူးဆိုတာ သိတယ်၊ နို့ပေမင့် သေချာ မသေချာတာတော့ စစ်ဆေးမေးမြန်းမှ ရလိမ့်မယ်"

"အဲလို စစ်ဆေးမယ် ဆိုတာ"

"သူပြောတဲ့သူတွေထဲက တစ်ယောက်ယောက်နဲ့တွေ့မှ သူပြောတာ ဟုတ်,မဟုတ် အတည်ပြုလို့ရမပေါ့ဗျာ"

"ကဲ···ကိုလင်း အိပ်မပျော်တဲ့အတူ တစ်ပြားလောက် ကစ်လိုက်ကြစို့ဗျာ"

သို့ဆိုတော့ လင်းမြင့်လှိုင်သည် ဝီစကီတစ်ပြား ထုတ်ပေးလာချေတော့၏။

"မီးပုံနား သွားတော့မေ့"

လင်းမြင့်လှိုင်က ပြော၏။

သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မီးပုံနားသို့ ရွှေ့သွားလိုက်ကြတော့၏။

သည်နောက် ကျွန်တော်တို့နှစ်ယောက် တစ်ပြန်တစ်လှည့် အပေးအယူလုပ် သောက်လိုက်ကြ၏။

"ပြေးသွားတဲ့ လူနှစ်ယောက်က ဘယ်သူဖြစ်မယ် ထင်လဲ"

ကျွန်တော်က လင်းမြင့်လှိုင်ကို မေးလိုက်၏။

"ဆေးဆရာနဲ့ ဒူးလေးကိုင် ဆိုသူများ ဖြစ်နိုင်မလား"

သို့ဆိုသလို ကျွန်တော်အပင် ထပ်မေးလိုက်၏။

"သူတို့နှစ်ယောက်တော့ မဖြစ်နိုင်ဘူး နို့ပေမင့် သည်တဲက လူပဲ ဖြစ်နိုင်မယ်"

"ဗျာ··ဘာရယ်"

"ဩော် သည်လိုလေ၊ ဓားဖိုးထောင်က ပြောတယ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား၊ သည်တဲမှာက သိန်းခါးကုန်းရယ်၊ သူ့သမီးရယ်၊ ငါးဖိုးထောင်ရယ် ဒူးလေးကိုင်ရယ်၊ သူရယ် ရှိကြတယ်ဆိုပဲ၊ အဲ ငါးဖိုးထောင် ပျောက် သွားတော့ သူတို့တွေကို လိုက်ရှာကြတယ်ဆိုပဲ၊ ငါးဖိုးထောင်ကို ဓားဖိုးထောင်က တွေ့လိုက်ပေမင့် သူ အရိုက်ခံ မေ့လဲနေတုန်း ကျွန်တော်တို့နဲ့ တွေ့တယ်လို့ ပြောတာပဲ၊ သည်ပြန်လာကြတော့ လူနှစ်ယောက်ကို တွေ့လိုက်တယ်လေ၊ ကျွန်တော်တို့လည်း သူပြော လို့ ဒူးလေးကိုင်နဲ့ သေသွားတဲ့ ဆေးဆရာ ဆိုပြီး သိရတာလေပြီးတော့ သည်အလာ သိန်းခါးကုန်းနဲ့ သူ့သမီးကို လှမ်းတွေ့လိုက်တယ် ပြောတယ်၊ ငါးဖိုးထောင် ပျောက်နေတယ်ပြောတယ်၊ သည်တော့ ခု တွေ့လိုက်တဲ့ နှစ်ယောက်က ဟိုနှစ်ယောက်တော့ မဟုတ်ဘူး။ သိန်းခါးကုန်းနဲ့ သူ့သမီးဆိုတာ ဖြစ်မယ်၊ နို့ပေမင့် ကျွန်တော် တွေ့လိုက်တာ ယောကျ်ားနှစ်ယောက်ဗျ"

"အေးဗျ… စဉ်းစားစရာပေပဲ၊ နို့ပေမင့် သည်နှစ်ယောက် ကလည်း တဲကိုပြန်လာကြတာများ ခိုးကြောင်ခိုးဝှက်ရယ်ဗျ၊ ဘာ သဘောလဲ မသိဘူး၊ ကျွန်တော်တို့နှစ်ယောက် လှစ်မြင်း တွေ့လိုက်လို့ ပြန်ပြေးသွားကြတာ ဖြစ်မယ်"

"ပြောတတ်ပေဘူးဗျ"

"ကဲ အိပ်ကြစို့ဗျာ၊ အချိန်တွေ ရှိပါသေးတယ်"

လင်းမြင့်လှိုင်က သူ့လက်ပတ်နာရီကို ကြည့်၍ ပြောလေ၏။ သို့ဖြင့်လင်းမြင့်လှိုင်နှင့် ကျွန်တော် အိပ်လိုက်ကြပြန်၏။

သည်တစ်ခါတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည် မသိ၊ ဦးကွက်ကောင် ၏ တကျွပ်ကျွပ်အော်သံ ဆူဆူညံကြောင့် အိပ်ရာမှ နိုးလာရ၏။



"မင်္ဂလာ ရှိလိုက်တာလေ"

ဦးကွက်ကောင် အသံလာရာကိုကြည့်၍ ကျွန်တော်က ပြောလိုက်၏။ ပြီး ဘေးပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်လိုက်၏။

ကျွန်တော် နိုးထချိန်တွင် လင်းမြင့်လှိုင်နှင့် ဓားဖိုးထောင်ကို မတွေ့လေခြင်းကြောင့် ဖြစ်ချေ၏။

"ဘယ်များ သွားကြပါလိမ့်"

ကျွန်တော် တဲပေါ်မှ ဆင်းလိုက်၏။ မီးပုံနား သွားလိုက်၏။ ဆာလောင်နေပြီဖြစ်၍ ဖုတ်သားမီးကင် ကျန်လေမလား သွားကြည့် ခြင်း ဖြစ်၏။

အသားတုံး ခပ်သေးသေး တစ်ဆိုထိုး တစ်ချောင်းကို တွေ့ သဖြင့် ယူလိုက်၏။

အေးစက်စက်တော့ဖြင့် ရှိချေတော့၏၊ သို့ပေမင့် ဆာလောင် နေသည်ဖြစ်၍ ထိုအတုံးလေးကို ပါးစပ်တွင်း သွင်းလိုက်ချေတော့၏။

တမြုံ့မြုံ့ ဝါးလိုက်၏။ ပြီးနောက် ရေဘူးတွင်းမှ ရေကို မော့သောက်လိုက်၏။

သို့ရှိစဉ် ခြေသံကြားသဖြင့် လှမ်းကြည့်လိုက်၏။

"ဟာ"

လင်းမြင့်လှိုင်နှင့် ဓားဖိုးထောင် ဖြစ်၏၊ သူတို့ နှစ်ယောက် လက်ထဲတွင် ငါးများ ပါလာကြ၏။

တစ်ယောက်တစ်တွဲ ပါလာကြခြင်း ဖြစ်၏။

"အောက်ဘက်လျှောက် ချောင်းထဲ သွားရှာခဲ့ကြတာ"

ဓားဖိုးထောင်က ပြောလေ၏။

ကျောက်ငါးရံ့ခေါင်းတိုများ ဖြစ်ကြ၏၊ ပါးဟက်မှနှဲ၍ ဖြက်

www.burmeseclassic.com



ကြိုးပြင့် တွဲချည်ထားပေခြား ငါးခေါင်းတို့တို့သည် တဖျတ်ဖျတ် လှုပ်ခတ်နေချေ၏။

"ခင်ဗျား ငါးတွေကို ကျူပ်ကိုပေး၊ ဗိုက်ဖောက်၊ အူနှုတ် တံစို့ထိုးခဲ့မယ်၊ မီးအတွက်သာလျှင် ထင်းခြောက်တွေကို လိုက်ရ ပေးချေဗျာ"

သို့ဆိုလျက် ဓားဖိုးထောင်သည် လင်းမြင့်လှိုင်လက်တွင်းမှ ငါးတွဲကိုပါယူ၍ ထွက်သွားချေတော့၏။

"ကိုလင်း နားချေဗျာ···ကျွန်တော် မျက်နှာသစ်သွားရင်း ထင်းခြောက်တွေကို ကောက်ခဲ့မယ်"

"အေးဗျာ"

လင်းမြင့်လှိုင် တဲပေါ် တင်ပလ္လင် ထိုင်လိုက်၏။

ကျွန်တော် ချောင်းဘက် ထွက်ခဲ့တော့၏။ ချောင်းစပ်တွင် ဓားဖိုးထောင်က ငါးများ ကိုင်နေလေ၏။

ကျွန်တော် ခြေလက်ဆေး မျက်နှာသစ်ပြီး ချော , ထွက်ခဲ့ သည့်တိုင် ဓားဖိုးထောင်တစ်ယောက် ငါးကိုင်၍ မပြီးသေးချေ။

ကျွန်တော် စခန်းပြန်လမ်းတစ်လျှောက်တွင် ထင်းခြောက် ကောက်၍ ထမ်းလာခဲ့၏။

"ကိုပိုက် ပီသပါ့ဗျာ"

ကျွန်တော် ထင်းခြောက်ထမ်းလာသည်ကိုကြည့်ပြီး လင်းမြင့် လှိုင်က ပြောလေ၏။

ကျွန်တော် ထမ်းလာသည့် ထင်းခြောက်တို့ကို ညက မီးခဲ ပြာဖုံးနေပြီဖြစ်သည့် ထင်းတုံးပေါ် စနစ်တကျ တင်လိုက်၏။ ပြာဖုံ မီးခဲတို့ကို ယပ်ခပ်ယူလိုက်၏။ အတန်ကြာတွင် မီးတောက် မီးလျှံ



ဖြစ်လာချေတော့၏။

မီးလျှံတက်လာသည်တွင် ဓားဖိုးထောင်သည်လည်း ငါးများ ကို တံစို့ထိုးပြီး ယူလာလေတော့၏။

ကျွန်တော် ဝိုင်းကူ မီးကင်ရန် မြေတွင် စိုက်ထူပေးလိုက်၏။

"ကျွန်တော်တို့ စားပြီး သွားကြမယ်"

လင်းမြင့်လှိုင်က ပြောလာ၏။

"ဘယ်ကို စဉ်းစားလဲ"

ဓားဖိုးထောင်က မေးလေ၏။

"ပြောကြည့်လေ···ခင်ဗျားကကော"

သို့ဆိုတော့ ဓားဖိုးထောင်က···

"သူတို့ကို လိုက်ရှာချင်တယ်"

လို့ ပြောလာချေတော့၏။

"ဟုတ်ပြီ···သိပြီ···ငါတို့ ယုံကြည်မှု ရှိစေချင်တဲ့သဘော ပေါ့ ကောင်းပြီလေ···သည်လိုလုပ် ညက ထွက်ပြေးသွားတဲ့ (၂) ယောက်နောက် ခြေရာကောက်လိုက်မယ်"

"ဘယ်နှစ်ယောက်လဲ"

ဓားဖိုးထောင် စဉ်းစားမရ၍ သို့ မေးလာလေသဖြင့် လင်းမြင့် လှိုင်ရော ကျွန်တော်ပါ ညက လူရိပ်နှစ်ခု တွေ့လိုက်သည့်နောက် လိုက်ရန် ပြောလိုက်ကြခြင်း ဖြစ်၏။

သည်တော့မှ ဓားဖိုးထောင်တစ်ယောက် ညက ကျွန်တော် တို့ လူရိပ်နှစ်ခု တွေ့လေခြင်းကို သိသွားရတော့၏။

"ကျွန်တော် အိပ်ပျော်သွားတယ်၊ ဘာမှ မသိဘူးဗျ"

"ဘယ်သူတွေလို့ ထင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မားဖိုးထောင်ကို အကဲစမ်းမေးလိုက်၏။

"ကျွန်တော်တို့ အဖွဲ့ထဲကပဲ ဖြစ်မပေါ့"

"နို့ဖြင့် ဘာလို့ သည်အရောက် မလာကြဘဲ ပြန်ပြေးသွား ကြတာလဲ"

ကျွန်တော့်အမေးကြောင့် မားဖိုးထောင် ကျွန်တော့်ကို စေ့စေ့ ကြည့်နေချေတော့၏။

"ကျွန်တော်လည်း အဲဒါ စဉ်းစားမရဖြစ်နေတာဗျ။ ကျွန်တော် တို့ သည်တဲ ပြန်လာကာစက ကြည့်ပါလား၊ နူးလေးကိုင်နဲ့ ဆေးဆ ကျွန်တော်တို့ လာနေမှန်းသိတာ၊ ဘာလို့ ပြေးသွားကြပါလိမ့် စဉ်းစာ မရဖြစ်နေတယ်ဗျာ..."

"အင်းလေ...သည်တော့ ကျွန်တော်တို့က သူတို့နဲ့ ပြ တွေ့မှ ဘယ်လိုအကြောင်း သိရတော့မပေါ့ဗျာ"

သို့မှ ကျွန်တော်တို့သည် ငါးကင် ကျက်သည်တွင် ဗီစကီ တစ်ပြား ထုတ်သောက်ရင်း မြည်းစားလိုက်ကြချေတော့၏။

ဗီစကီတစ်ပြားကုန် ငါးများ စားကုန်သည်တွင် ခေတ္တ နားနေလေပြီးနောက် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။

သို့ ထွက်ခဲ့သည်ဆိုရာ၌ လင်းမြင့်လှိုင်က ညက တွေ့လိုက် သည့် အရိပ်သဏ္ဌာန် ၂ ခု ပြေးသွားရာနောက် ခြေရာကောက် လိုက်သွားလေခြင်း ဖြစ်ချေတော့သည်။

သို့ဆိုရာ၌ မားဖိုးထောင်က ကျွန်ုပ်တို့ နှစ်ယောက် အလယ်က ဖြစ်၏။ ရှေ့မှာ လင်းမြင့်လှိုင်က ခြေရာကြည့် ဦးဆော င် သွားခြင်း ဖြစ်၏။

သို့မှ ကျွန်တော်တို့လည်း အောက်ပေါင်းရှုပ်သည့် တော



ကြောလေးတစ်ခုသို့ ရောက်လာကြ၏။

ထိုလမ်းမြောင်လေးအတိုင်း တောတိုးခဲ့ကြပြန်၏။

သို့မှ ကျွန်တော်တို့မျက်နှာချင်းဆိုင်သို့ မားလွယ်ခုတ်လောက် သိမှ လူတစ်ယောက် ဖြတ်လျှောက်သွားသည်ကို တွေ့လိုက်၏။

"သူ ဘယ်သူလဲ သိလား"

လင်းမြင့်လှိုင်က မေးလိုက်၏။ သူက ခေါင်းကို ခါယမ်းပြလာ လေပြီး...

"မသိဘူး ၊ ကျွန်တော်တို့ အဖွဲ့က မဟုတ်ဘူး"

သို့ကြောင့် ကျွန်တော် ထိုလူကို သမင်လည်ပြန် ကြည့် လိုက်၏။

ထိုလူ ဝါးခုတ်သမား ဖြစ်ချေမည်။ သူ့ခါးတွင် မားမကြီး တစ်ချောင်း ထိုးထည့်ထားလေခြင်း ဖြစ်ချေ၏။

သို့ကြောင့် ကျွန်တော်သည် ရှေ့သို့ ပြန်လှည့် လင်းမြင့်လှိုင် တို့နောက် လျှောက်လိုက်သွားမိချေတော့၏။

သို့ပေမင့် ကျွန်တော်သည် ထိုဝါးခုတ်သမားကို သင်္ကာမကင်း ဖြစ်မိ၏။

ဘယ့်တွက်မူ လင်းမြင့်လှိုင်နှင့် မားဖိုးထောင်ကပါ အမှတ် တမဲ့ နေကြသည်ဆိုပေမင့် ကျွန်တော်က သူ့ကို လှည့်ကြည့် လှည့် ကြည့် သင်္ကာမကင်းအကြည့်နှင့် သူ၏ လှည့်အကြည့်တို့ မကြာခဏ ဆုံလေခြင်းကြောင့် သူတွင် ကျွန်တော်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ အကြောင်းတစ်ခုတော့ ရှိရမည်ဟု ထင်လိုက်၍ ဖြစ်တော့၏။

"ကိုပိုက်...လာပါဗျ ခပ်မြန်မြန်"

ရှေ့မှသွားနေသော လင်းမြင့်လှိုင်က သို့ အားမလို အားမရ

www.burmeseclassic.com

www.burmeseclassic.com



ပြောလာလေ၏။ သို့ကြောင့် ကျွန်တော်က သူတို့ကို ရင်ဆောင်တန်း အမီလိုက်သွားလေတော့၏။

“ကိုပိုက် ဝါးခုတ်သမားကို စိတ်ဝင်စားနေတာလား”

သို့ မေးလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော်က ဟုတ်မှန်ကြောင်း ပြောလိုက်လေ၏။

ပြီး လင်းမြင့်လှိုင် မည်သို့တုံ့ပြန်လေမည်လည်း သိလိုသဖြင့် စောင့်ကြည့်လျှောက်နေမိ၏။

“အင်း···ကိုပိုက် မမှားပါဘူး၊ နို့ပေမင့် ဓားဖိုးထောင်နဲ့လည်း ပတ်သက်မှုမရှိဘူးဆိုတော့ ရှိစေတော့လို့ပဲ ကျွန်တော် သဘောထားပါတယ်”

သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင်သည်လည်း သို့သဘောထားသေးသည်ကို သိလိုက်သည်ကြောင့် ၎င်းဝါးခုတ်သမားနှင့် ပတ်သက်၍ ကျွန်တော်တို့နှင့် ဆက်စပ်ပတ်သက်စရာ မရှိလောက်ဟု တွက်လိုက်တော့၏။

သို့ဖြင့် ကျွန်တော်တို့ တစ်စတစ်စဖြင့် တောခြောက်တောင်ကြောသို့ ရောက်လာကြ၏။

“သည်တောင်ကြောလေးကို ဆင်းလိုက်ပြီးရင်ဖြင့် ကျွန်တော်တို့ ကွင်းဘက်ပြန်ရောက်မယ် ထင်တယ်”

သို့ ဓားဖိုးထောင်က ပြောလေ၏။

“ဘယ်လိုဖြစ်ဖြစ်လေ···ခင်ဗျားမိတ်ဆွေတွေဆိုတဲ့ ညကရိပ်ခန့် တွေ့လိုက်တဲ့ ကျွန်တော်တို့ ရှာသင့်တာပေပဲဗျ၊ ဟင်း··· ဟင်း···”

သို့ဆိုလျက် ကျွန်တော်တို့ ဆက်လျှောက်ခဲ့ကြပြန်၏။



သို့လျှောက်ခဲ့ကြရာမှ ရေခပ်လှမ်းလှမ်းတွင် လူနှစ်ယောက်ကို တွေ့လိုက်၏။

“ဟာ”

ထိုလူနှစ်ယောက်ကို တွေ့သည်နှင့် ဓားဖိုးထောင်တစ်ယောက် အံ့တသြ ဖြစ်သွားသည်ကြောင့်···

“ဘာလဲ···မင်းရဲ့ လူတွေလား”

ကျွန်တော်က မေးလိုက်၏။

“ဟုတ်တယ်···နို့ပေမင့်···”

ဓားဖိုးထောင်က သို့ပြောပြီး ထိုလူနှစ်ယောက်ကို ထိတ်လန့်တကြားဟန်ဖြင့် ကြည့်နေလေပြီး···

“တစ်ယောက်က ခါးကုန်း တစ်ယောက်က ဘယ်လိုဖြစ်နိုင်မှာလဲဗျာ”

သို့ပြောလာသည့် ဓားဖိုးထောင်ကို လင်းမြင့်လှိုင်နှင့် ကျွန်တော် အံ့တသြ ကြည့်လိုက်ကြချေပြီး···

“ပြောစမ်းပါဦး···ဘာဖြစ်လို့တုံး···”

လင်းမြင့်လှိုင်က မေးလိုက်၏။

“တစ်ယောက်က နှုးလေးကိုင် (၂)ယောက်ထဲက တစ်ယောက်ပေါ့”

“ဟေ့ နို့ မင်းပြောတော့ တစ်ယောက်က သေပြီဆို၊ ခု ဘယ်လိုလုပ် နှစ်ယောက်ဖြစ်ရတာလဲ၊ စခန်းထဲမှာ တွေ့ခဲ့တာ တစ်ယောက် မဟုတ်လား၊ ခုတစ်ယောက်က ဘယ်သူလဲ၊ ဘယ် ရှူးလေး ကိုင်လူလဲ···”

ကျွန်တော်သည်လည်း အံ့သြတကြီးဖြင့် မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သည့်တစ်ယောက်က သိန်းခါးကုန်းသတ်လိုက်တယ်ဆိုတဲ့ ဒူးလေးကိုင်ဗျ၊ ခု ဘယ်လိုကြောင့် သူတို့နှစ်ယောက် တူတူရှိနေကြတာပါလိမ့်"

သို့ဆိုသလို အံ့သြတကြီးဖြင့် ပြောလာလေ၏။

"နို့ဖြင့်ကွာ မင်းက ဟုတ်ကော ဟုတ်ရဲ့လား"

"ဘာကို ဆိုလိုချင်တာလဲဗျ"

"မင်းပြောတဲ့ သေပြီဆိုတဲ့ ဆေးဆရာနဲ့လည်း တွေ့ပြီးပြီ၊ ပြီးတော့ သေပြီဆိုတဲ့ ဒူးလေးကိုင်တစ်ယောက်ကိုလည်း ခုတွေ့ပြီးပြီတဲ့၊ ငါတို့ မင်းစကားကို ဘယ်လိုယုံရမှာလဲကွာ"

သို့ ကျွန်တော် ပြောလိုက်၏။

သည့်တွင် ဓားဖိုးထောင်က ကျွန်တော်တို့ နှစ်ယောက်ကို မျက်နှာငယ်လေးဖြင့် ကြည့်လာချေပြီး...

"ကျွန်တော် ပြောတာတွေက အမှန်တွေပါဗျာ၊ ကျွန်တော့် စိတ်ကျန်းမာရေးလည်း ကောင်းပါတယ်၊ နို့ဖြင့် သည်မယ် နေခဲ့ကြချေဗျာ၊ သူတို့နှစ်ယောက်ဆီ ကျွန်တော် သွားမယ်၊ သူတို့ကို သွားမေးကြည့်ကြမယ်"

သို့ ပြောလာသည့် ဓားဖိုးထောင်ကို ကျွန်တော် ယုံရပါ့မလားဟု အဓိပ္ပာယ်ရောက်သည့်အကြည့်ဖြင့် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

သည့်တွင် လင်းမြင့်လှိုင်က သူ့ထီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလာချေပြီး ခေါင်းဆတ်ညိတ်ပြလေ၏။

"နို့ဖြင့်လည်း မြန်မြန်သွား၊ ငါတို့ မင်းနောက် ထက်ကြပ်မကွာ လိုက်ခဲ့မယ်"



သို့ဆိုတော့ ဓားဖိုးထောင်သည် ခါးကြား ဓားမကြီးကို ထုတ်ယူလိုက်ပြီး တင်းတင်းဆုပ်ကိုင်ကာ ထွက်သွားလေခြင်းကြောင့်..

"မင်း စိတ်လိုက်မာန်ပါ မလုပ်နဲ့နော်၊ စိတ်ကို ငြိမ်အောင်ထိန်း၊ သူတို့နဲ့ ဟိုအကြောင်း သည်အကြောင်း ပြောနေချေ၊ ငါတို့ လာခဲ့မယ်၊ ပြီးမှ သိချင်တာ မေးစမ်းရဲတော့မယ်"

သို့ ဆိုသည်ကြောင့် ဓားဖိုးထောင်သည် ပြေးလွှားသွားချေတော့၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မမြင်ကွယ်ရာ နေရာယောက်မှ လိုက်သွားကာ သိန်းခါးကုန်းတို့နှစ်ယောက်ကို လိုက်ချောင်းလှမ်းကာကြည့်နေလိုက်ကြ၏။

ကျွန်တော်တို့ ကြည့်နေရင်းမှာပင် သိန်းခါးကုန်းတို့ နှစ်ယောက်သည် ခြေသံကြားလိုက်ဟန် ဖြစ်သွားကာ နှစ်ယောက်သား နောက်လှည့် ဟိုသည် စူးစမ်းကြည့်နေလိုက်ကြ၏။ အတန်ကြာတွင် တစ်ယောက်ကို တစ်ယောက် မေးဆတ်ပြကာ ထိုနေရာမှ လှစ်ခနဲ ဆိုသလို ပြေးထွက်သွားကြတော့၏။ သို့ ပြေးကြသည် ဆိုရာတွင် တစ်ယောက် တစ်နေရာ လူခွဲပြေးသွားကြခြင်း ဖြစ်၏။

"သူတို့ ပြေးသွားကြပြီဗျ"

ကျွန်တော်က လင်းမြင့်လှိုင်ကို ပြောလိုက်၏။

ကျွန်တော် ကြည့်နေစဉ်မှာပင် ထိုနေရာသို့ ဓားဖိုးထောင် ရောက်သွားတော့၏။ သူတို့ ပြေးသွားသည်ကို သိလိုက်ဟန် မတူ။ ထိုနေရာတွင် ငေးကြောင်ရပ်နေလေ၏။ သို့ကြောင့်...

"လာဗျာ...ကိုပိုက်"

လင်းမြင့်လှိုင်ကလည်း ကျွန်တော့်ကို ခေါ်၍ ထိုနေရာသို့ ခပ်သွက်သွက် ခြေလှမ်းဖြင့် ဦးဆောင်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ…မင်းလူတွေ ထွက်ပြေးသွားပြန်ပြီ"

"ထင်တယ်…ဘာလို့များ ကျွန်တော့်ကို အတွေ့မခံချင်ကြတာပါလိမ့်"

"ကဲ…ငါတို့ သူတို့နှစ်ယောက် ပြေးသွားတဲ့ဆီ လိုက်ကြမယ်၊ အဲ…နေဦး…နို့ဆိုတော့ ဘယ်လူနောက်လိုက်ရင် ကောင်းမလဲ"

သို့ လင်းမြင့်လှိုင်က ပြောပြီး စဉ်းစားဟန် ပြနေလေတော့၏။ ပြီးလေမှ…

"သိန်းခါးကုန်း ဆိုတဲ့သူနောက် လိုက်မယ်"

ပြောလာလေ၏။

သို့ဖြင့် ကျွန်တော်တို့သည် သိန်းခါးကုန်း ပြေးသွားသည့်ဘက် ဆက်လျှောက်ခဲ့ကြပြန်တော့၏။

သို့ လျှောက်ခဲ့ကြရာမှ…

"ဟင်"

"ဟာ"

အတန်ကြာခရီးပေါက်တွင် ချောင်းဝတစ်ခုထိပ်တွင် အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်၏။

ချောင်းကမ်းနီးသော သစ်တစ်ပင်၏ အခြေတွင် ခြေပစ်လက်ပစ် ထိုင်နားနေလေခြင်း ဖြစ်၏။

ကျွန်တော်တို့ သူ့ကို လှမ်းမြင်သည်ဆိုပေမင့် သူမက ကျွန်တော်တို့ကို မြင်ဟန်မတူချေ။

ကျွန်တော်တို့ အနားရောက်သွားမှ…

"ဟဲ့…လောက်လေးမယ်"



ဓားမိုးထောင်က သို့ ခေါ်လိုက်လေမှ သူမ ကျွန်တော်တို့ကို မြင်လိုက်ဟန်တူလေ၏။

"ဟင် မိုးထောင်"

သူမက ဓားမိုးထောင်ကိုကြည့် သို့ ပြောလိုက်ပေမင့်… သူမ၏ စူးစမ်းမျက်လုံးတို့သည် ကျွန်တော်နှင့် လင်းမြင့်လှိုင်တွင်သာ ရှိချေ၏။

"မင်းပြောတဲ့ လောက်လေးမယ်ဆိုတာ သူလား"

လင်းမြင့်လှိုင်က သို့ ဓားမိုးထောင်ကို ကြည့်မေးလေသဖြင့် သူမသည်လည်း လင်းမြင့်လှိုင်နှင့် ကျွန်တော့်ကို တအံ့တသြကြီး ကြည့်နေလေပြီးမှ ဓားမိုးထောင်ဘက် မျက်နှာလှည့်လိုက်ကာ…

"သူတို့က…"

ဟု မေးလာလေသည်တွင်…

"ငါ့… မိတ်ဆွေတွေ"

လို့သာ ဓားမိုးထောင်က ပြော၏။

"နို့ နေပါဦး… မင်းတစ်ယောက်တည်း ဘာလုပ်နေတာလဲ"

ငါးမိုးထောင်က မေးလိုက်၏။

"အဖေ့ကို စောင့်နေတာ"

"ဟင်… သူ ဘယ်သွားလို့လဲ"

"တပို့တပါးသွားမယ်ဆိုပြီး ဟိုးရှေ့က ချုံပုတ်လေးထဲကို ထွက်သွားတာပဲ"

"ကြာပြီလား"

ဓားမိုးထောင်က မေးလိုက်၏။ ဘယ်လိုသဘောနှင့် မေးသည်ကို သူမက သိလိမ့်မည် မဟုတ်၊ ကျွန်တော်နှင့် လင်းမြင့်လှိုင်က

www.burmeseclassic.com

www.burmeseclassic.com



သိလိုက်ပြီ ဖြစ်ချေတော့၏။

"အေး…ကြာပြီလို့ ပြောရမှာပဲ"

"အင်း ကြာပြီ‥ ဟုတ်တယ် မင်းကို ထားသွားတာ ဖြစ်မယ်"

"ဘာရယ်‥ ဘာလို့ အဖေက ကျွန်မကို ထားသွားရမှာလဲ၊ တူတော်မောင်ကို လိုက်ရှာကြတာလေ၊ ရှင်လည်း လိုက်ရှာပြီး ဖိုးထောင် မပါဘဲ ဘယ်လိုကြောင့် သည်နှစ်ယောက် ပါလာတာလဲ"

သို့ဆိုသလို သူမက သူ့ကို ပြန်လှန်မေးခွန်းပင် မေးလာချေတော့၏။

"ငါ့မိတ်ဆွေတွေနဲ့ တွေ့ခဲ့တာလို့ ပြောပြီးပြီလေ၊ သူတို့က လည်း ဖိုးထောင်ကို ကူရှာပေးမတဲ့"

သို့ဆိုတော့ သူမသည် ကျွန်တော်တို့နှစ်ယောက်ကို စေ့စေ့ ကြည့်လာချေပြီး…

"ဖိုးထောင်ကို သိလို့လား"

မေးလာလေ၏။

"သူ့ လမ်းပြပါမှတော့ မသိစရာ ဘာလိုသေးလဲ"

"အင်း‥ဟုတ်ပါပြီ"

"နို့နေပါဦး… ညည်းက ကိုယ့်အဖေ ဘယ်သွားလို့ ဘယ်သွားမှန်း မသိဘူးလား"

"အဲ သည်က စောင့်နေဆိုလို့ စောင့်နေတာလေ၊ ဘာဖြစ်လို့လဲ"

သို့ဆိုတော့ အားဖိုးထောင်သည် သိန်းခါးကုန်းနှင့် ဒူးလေးကိုင်တို့ တူဘူတွေ့လိုက်ပုံကို ပြောပြလိုက်တော့၏။



"ဟင်‥ တကယ်ပြောတာလား မဖြစ်နိုင်တာ၊ အဖေပြောတော့ သူတစ်ယောက် သတ်ခဲ့ပြီဆိုပဲ ဘယ်လိုကြောင့် အဲဒီလူနဲ့ အဖေ တူတူရှိနေမှာလဲ၊ ရှင် တကယ်မြင်လို့လား"

"မယုံ…သည်ဆရာနှစ်ယောက်ကို မေးကြည့်"

သို့ဆိုတော့ သူမ ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်လာလေသဖြင့်…

"လူနှစ်ယောက် တွေ့တာဟုတ်တယ်၊ ညည်းတို့ ပြောနေတဲ့ သိန်းခါးကုန်း ညည်းအဖေ ဆိုတာတော့ ဟုတ်တယ်၊ နောက် တစ်ယောက်ကတော့ ဒူးလေးကိုင်မှဆိုး၊ ညည်းရဲ့ ဘကြီးကိုသတ်တဲ့ သူတွေပေါ့၊ သူတို့ထဲက တစ်ယောက် ဟုတ်မဟုတ် ဆိုတာကတော့ ငါ ဘယ်သိပါ့မလဲ"

သို့ ကျွန်တော်က ပြောလိုက်၏။

"ဟဲ့ နင် တကယ်တွေ့လိုက်တာလား"

"ဟုတ်ပါတယ်ဆို"

"မဟုတ်ပါဘူးကွာ"

"ဟင်"

သို့အသံနှင့်အတူ သိန်းခါးကုန်းဆိုသူ အနားရောက်လာပြောလေ၏။ ဘုရားရေ ကျွန်တော်တို့ မသိလိုက်ပါကလား။ ခြေသံ လုံလိုက်တာ၊ သွက်လက်လိုက်တာ၊ ကျွန်တော်တို့ ရန်သူဆိုပါလျှင် ကျွန်တော်တို့ သူ့လက်ချက် မိသွားလောက်ပြီ ဖြစ်တော့၏။

"ဟင်…အဖေ သူပြောတော့…"

"ငါ ကြားတယ်၊ မင်း ဘယ်လိုဖြစ်တာလဲ၊ မင်းမျက်စိတွေ မကောင်းတော့ဘူးထင်တယ်၊ ငါ တယ့်တာပါသွားရင်း မျှော်တွေ့တာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ခဲနဲ့လှမ်းထုလိုက်တာ မှန်သွားတယ်လေ၊ နို့ပေမင့် ပြေးထွက်သွားတယ်၊ ငါလိုက်သွားရင်း စမ်းရှာက သူငယ်ချင်းတစ်ယောက်နဲ့ တွေ့လို့ ငါရပ်စကားပြောနေတာလေ"

သို့ ပြောလာသည့်သူကို ဓားမိုးထောင်တစ်ယောက် တအံ့တသြ ဖြစ်သွားကာ ကျွန်တော်တို့ နှစ်ယောက်ကို စက်ဆုပ်ရွံရှာသည့် အကြည့်ဖြင့် ကြည့်လာလေတော့၏။ သို့ကြောင့်…

"ကျွန်တော်တို့ (၂) ယောက်လည်း လှမ်းမြင်လိုက်တယ်"

သို့ ကျွန်တော် ပြောလိုက်သည်တွင် သိန်းခါးကုန်းသည် ကျွန်တော့်ကို စေ့စေ့ကြည့်လာချေပြီး ပြုံးစေ့စေ့ ကြည့်လာလေပြီး-

"ကျုပ် မငြင်းပါဘူး၊ ကျုပ်နဲ့ ရှိနေတဲ့ တစ်ယောက်က ကျုပ်မိတ်ဆွေလေ…အဲဒီသူကို သူက နွားလေးကိုင်သူလို့ စွပ်စွဲတာပေပဲဗျ။ ဟုတ်မှ မဟုတ်တာ၊ အေး မင်းတို့မြင်တယ်ဆိုတာ ဟုတ်တယ်၊ သူက နွားလေးကိုင်လူ၊ ငါ သတ်ခဲ့တဲ့လူပေါ့ကွာ၊ သူဖြစ်နေတယ်ဆိုတာ မင်းတို့ ဘယ်လိုလုပ် သိလို့လဲ၊ မင်းတို့ သူ့ကိုကော မြင်ဖူးလို့လား"

သို့ဆိုတော့ အဟုတ်သားကလား။ ဟိုတစ်ယောက်သည် နွားလေးကိုင်လူသတ်သမား ဟုတ်,မဟုတ် ကျွန်တော်တို့ ဘယ်သိပါမလဲ။

သို့ကြောင့်…

"ဟုတ်ပါတယ်ဗျာ၊ သည်မယ် ဖိုးထောင် မင်း အမြင်မှားတာ ဖြစ်လိမ့်မယ်"

သို့ ကျွန်တော်က ပြောလိုက်လေ၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် လောက်လေးမယ် သိန်းခါးကုန်းတို့ဖြင့် ခြေခင်းလက်ခင်းသာသည့်နေရာလေးတွင် နားနေဆိုင်လိုက်ကြတော့၏။

"ဘယ်လိုလဲ တူတော်မောင်ကိုစွ"

လောက်လေးမယ်က အားလုံးကို ခြုံ၍ မေးလာတော့၏။

"လိုက်ရှာရမယ်ပေါ့"

"နို့ စကားမစပ် ပြောရဦးမယ်၊ ဆေးဆရာ ခင်ဗျားအစ်ကို သေသွား"

သို့ ရုတ်တရက် ဓားမိုးထောင်က သိန်းခါးကုန်းကို ပြောလိုက်သည်တွင် လောက်လေးမယ်တစ်ယောက်သည်လည်း အံ့သြတကြီး ဖြစ်သွားချေတော့၏။

"ဦးကြီး မသေဘူး ဟုတ်လား"

သို့ဆိုတော့ ဓားမိုးထောင်က သူ့အမြင် အဖြစ်ကို ပြောလိုက်လေပြီး သူတို့လည်း ပြေးထွက်သွားကြတယ် ပြောလေသဖြင့် သိန်းခါးကုန်းက ဟက်ဟက်ပက်ပက် ရယ်လိုက်လေပြီး…

"တကယ်တော့ မင်းတို့တွေက ငါတို့ သားအဖကို လာနောက်နေတာကိုးကွာ၊ စောစောကလည်း သေပြီးတဲ့သူ နွားလေးကိုင်လူဆိုပဲ၊ ဟုတ်ကော ဟုတ်သေးရဲ့လားကွ ဖိုးထောင်ရယ်"

သို့ဆိုတော့ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည်လည်း ဓားမိုးထောင်ကို မကျေမနပ် ကြည့်လိုက်ကြ၏။ သူသည်လည်း ကျွန်တော်တို့နှစ်ယောက်ကို ခပ်တည်တည်ဖြင့် နောက်ပြောင်နေသည်များလား။ သို့တည်းမဟုတ် လည့်စားပြောနေသည်များလား မသိပါချေ။

"ကျွန်တော် ပြောတာတွေ အမှန်တွေချည်းပါ"

သို့ ပြောလာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



လောက်လေးမယ်ကတော့ ဘုမသိ ဘမသိဖြင့် ငေးကြော
၍ ဟိုလူ့မျက်နှာကြည့် သည်လူ့မျက်နှာကြည့် လုပ်နေလေ၏။

သိန်းခါးကုန်းကတော့ ရယ်စရာဓာတ်ခုပဲလို့ သဘောထား
ရချေ၏။ ပြုံးစိစိဖြင့် ကြည့်နေလေ၏။

"ကျွန်တော်ကတော့ ရှုးချင်ပြီဗျာ"

သို့ ဖိုးထောင်က ပြောလာပြန်၏။

"မရှုးပါနဲ့ဦးကွာ၊ ငါ့ဖိုးထောင်လေးကို အချိန်ရှိတုန်း ပြီးတော
ဟို မှဆိုးဆရာ ၂ ဦး ရှိတုန်းကို ထွက်ရှာကြဦးစို့ရဲ့"

သို့ဖြင့် ကျွန်တော်တို့သည် ထိုနေရာလေးမှ ထွက်ခွာရ
တာစုလိုက်ကြပြီးနောက်···

"လှည့်ရှာကြမယ်"

သိန်းခါးကုန်းက ပြောလေ၏။

"ဟုတ်တာပေါ့···"

သို့ဆိုတော့···

လင်းမြှင့်လှိုင်၊ ကျွန်တော်နှင့် လောက်လေးမယ်က တစ်ဖက်
သို့သွား၍ သိန်းခါးကုန်းနှင့် ဓားဖိုးထောင်က တစ်ဘက်သို့ သွားရ
ဆုံးဖြတ်လိုက်ကြ၏။ သို့ဆိုသလို ကျွန်တော်တို့သည် အရှေ့မြော
ဘက်သို့ ခြေဦးလှည့်လိုက်၏။

သိန်းခါးကုန်းနှင့် ဓားဖိုးထောင်တို့သည် အနောက်တော
ဘက်သို့ ဖြစ်ချေတော့၏။ သို့ဖြင့် ကျွန်တော်တို့သည် အောက်ပေါ
ရှုပ်သည့်ကြောကို တောတိုးလျှောက်ခဲ့ကြတော့၏။ သို့လျှောက်ရင
ကျွန်တော်က လောက်လေးမယ်ကို ကြည့်၍···

"ဓားဖိုးထောင်အပေါ် ဘယ်လိုထင်လဲ"



"ဘာကို ဆိုလိုတာလဲဟင်"

သူမက ပြန်မေးလာလေ၏။

"သူ ကျွန်တော်တို့ကို ပြောတာတွေ ဟုတ်နိုင်လားလို့
မေးလိုက်၏။ ပြီးနောက်···

ဓားဖိုးထောင်ပြောသည့် ဇာတ်လမ်းကို ပြန်ပြောလိုက်ခြင်း
ဖြစ်၏။

"ဟုတ်တယ်"

"နို့ဖြင့် သူ ညည်းဦးကြီး ဆေးဆရာတို့ သေသွားပြီဖြစ်တဲ့
နေလေးတိုင်မှဆိုးတို့ကို တွေ့တယ် ဆိုတာကိုကော လက်ခံလား"

သို့ဆိုတော့ သူမ တစ်ချက် စဉ်းစားလိုက်ချေပြီး···

"သူ အိပ်ရေးတွေပျက်ပြီး ခပ်ကြောင်ကြောင် ဖြစ်သွားတာ
မှာပေါ့၊ ကျွန်မအဖေက ဘာလို့ သူသတ်ခဲ့တဲ့သူတွေနဲ့ ရှိနေမှာလဲ
ပြီးတော့ ဘကြီး သေပြီဆိုတာ ဖိုးထောင်က ပြောတာလေ၊ သူ့စကား
 လက်ခံလောက်တယ်၊ နို့ကြောင့် ဖိုးထောင်က ကျွန်မတို့ဆီ
ရောက်လာတာပေါ့၊ နို့မဟုတ်လို့ကတော့ ဖိုးထောင်က သူ့အဘိုးနဲ့
တစ်ရက်ကလေးမှ ခွဲနေနိုင်တာ မဟုတ်ဘူး"

သို့ပြောလာသည့် သူမစကားကို ကျွန်တော်ဖြင့် လက်ခံရ
လောက်သည်ဟု ထင်လိုက်၏။ သို့ကြောင့်···

"အင်း···ဓားဖိုးထောင် ခပ်ကြောင်ကြောင် ဖြစ်နေတာနေ
မယ်၊ နို့ပေမင့် သူပြောသလို ကျွန်တော်တို့ မြင်ထယ်၊ သူပြောတဲ့
ဆေးဆရာ ဟုတ်,မဟုတ်၊ နေလေးကိုင် ဟုတ်,မဟုတ်တော့ ဘယ်သိ
နိုင်လဲ"

"နို့ဖြင့် ပုံသဏ္ဌာန် ပြောကြည့်ရသေ"

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ကျွန်တော်က ဆေးဆရာ ဆိုသူ၏ ပုံပန်းသဏ္ဌာန်ကိုလည်း ပြောပြလိုက်၏။ ပြီးနောက် ဒူးလေးကိုင်ဆိုသူ၏ ပုံပန်းသဏ္ဌာန်ကိုလည်း ပြောလိုက်၏။

သည်တွင် လောက်လေးမယ်က···

"ဆေးဆရာပုံပန်းသဏ္ဌာန်က ရှင်တို့ပြောတာ ဟုတ်တယ်ရှင့်၊ နို့ပေမင့် ဒူးလေးကိုင် ဆိုတာတော့ ကျွန်မလည်း မြင်ဖူးတာ မဟုတ်တော့ မသိဘူးလေ"

သို့ဆိုတော့ ကျွန်တော်တို့ မည်သို့ပြောရပါလိမ့်မည်နည်း။

"ကဲပါလေ···လမ်းဆုံးတော့ ရွာတွေ့ ဆိုသလို နောက်ဆုံးတော့ အဖြေထွက်လာပါလိမ့်မယ်"

သို့ လင်းမြင့်လှိုင်က ပြောလိုက်လေတော့၏။

"ကဲ···ကဲ ဖိုးဇောင်ကို လိုက်ရှာမှ မိုးချုပ်နေရင် သူ တစ်ယောက်တည်း တောထဲတောင်ထဲမယ် ဒုက္ခရောက်နေဦးမယ်"

သို့ လောက်လေးမယ်က ပြောလာလေသဖြင့် ကျွန်တော်တို့သည် ထိုနေရာလေးမှ ဆက်၍ တောတိုးခဲ့ကြပြန်လေတော့၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် တောခြောက်တစ်ခုသို့ ရောက်လာကြတော့၏။

"ကျွန်မ ဆာတယ်ရှင့်"

ပုကာလည်းပူ နံနက်ခင်းကလည်း ကောင်းကောင်းစားထားကြသည် မဟုတ်လေခြင်းကြောင့် မိန်းမသားတစ်ယောက် ဖြစ်သည့် လောက်လေးမယ်က သို့ဆိုသလို ပြောလာလေမှ···

"ဟုတ်ပါ့···ကိုပိုက်ရယ်၊ ကျွန်တော်တို့အညီးကတော့ဖြင့် အကြောင်းမဟုတ်ဘူး၊ သူ့တွက် တစ်ခုခု စီစဉ်ပေးမှ ဖြစ်မယ်"



သို့လင်းမြင့်လှိုင်က ပြောလာသဖြင့်···

"နို့ဖြင့်လည်း ဟိုး···ဟာ အရွက်ဖားဖား ကျွန်းပင်ကြီး အောက်မယ် ခဏနားကြတာပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ထိုကျွန်းပင်ကြီးအောက်တွင် အရိပ်ကောင်း ရမည်ဖြစ်၍ နားနေလိုက်ကြ၏။

"ကိုလင်းတို့ သည်မယ် ခဏနေချေဦး၊ ကျွန်တော် စားစရာ ရလိုရငြား သွားလိုက်ချေဦးမယ်"

သို့ဆိုလျက် ကျွန်တော် ထိုနေရာမှ ထွက်ခဲ့ချေတော့၏။

သို့ဆိုတော့ ကျွန်တော်သည် တောင်ကြောအောက်သို့ ဆင်းလိုက်၏။ ချောင်းမြောင်တွေ့လျှင် စားစရာ ရနိုင်ကောင်း၏ မဟုတ်ပါကလား။

တောခြောက် ဖြစ်ခြင်းကြောင့် အောက်ပေါက်ရှင်းသဖြင့် သွားရလာရ အဆင်ပြေချောမွေ့လေ၏။

ကျွန်တော် တောင်ကြောစွယ်လေးတစ်ခုမှ ဆင်းခဲ့သည်တွင် မြောင်လေးတစ်ခုတွင်းသို့ ရောက်လာတော့၏။

ထိုမြောင်လေးတွင် ရေလုံးဝမရှိပါချေ၊ သစ်ရွက်ခြောက်နှင့် အမှိုက်ခြောက်တို့သာ ရှိချေသဖြင့် မြောင်အတိုင်း ချောင်သို့ ရောက်အောင် စုန်ဆင်းလျှောက်ခဲ့ပြန်၏။

ချောင်းဝေးလျှင်တော့ ဒုက္ခ၊ သို့ကြောင့် မြောင်တိုလေး ဖြစ်ပါစေဟု ဆုတောင်းမိ၏။

ကျွန်တော်၏ ဆုတောင်းပြည့်သည် ဆိုရချိမ့်မည်။ မြောင်တိုလေး ဖြစ်လေ၏။ မိနစ် (၂၀) လောက်သာ လျှောက်ရ၏။

ချောင်းသို့ ထွက်ခဲ့သဖြင့် ချောင်းဆိုပေငြား သဲကျဉ်းကျဉ်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချေ၏။ ချောင်းမှ ဟုတ်ရဲ့လားဟု ထင်မိ၏။

ထိုချောင်းသည် အကျယ် ၁၅ ပေခန့်သာ ရှိချိမ့်မည်။ ချောင်း တစ်ဖက်တစ်ချက်သည် အတန်အသင့်တော့ မြင့်ပေ၏။ ချောင်းကမ်း ပေါ်တွင် ပေါက်ရောက်လျက်ရှိသည့် သစ်ပင်ကြီးငယ်တို့သည် စိမ်းစိမ်း စိုစို ရှိသဖြင့် ထိုချောင်းတွင်း ရေရှိနိုင်သည် သိလေသဖြင့် ဝမ်းမြောက် ဝမ်းသာတော့ ဖြစ်မိချေ၏။

ထင်ထားလေသည့်အတိုင်း ထိုချောင်းအတိုင်း အနည်းငယ် မျှ ရှာဆင်းလိုက်သည်နှင့် ရေအိုင်ငယ်တစ်ခုကို တွေ့ရ၏။

ဘုရားရေ…ကဲဆိုးလိုက်တာ ငါးကလေး ဖားကလေးရှိ နေနေသာသာ ရေသည်ပင် နောက်နေသည့်ပြင် ဖက်ပုပ်များကြောင့် နံလှိုင်နေတော့လေ၏။

ကျွန်တော် စိတ်ပျက်လက်ပျက်ဖြစ်ကာ ခေါင်းကို ခါယမ်း လိုက်မိ၏။

"ဟား…ဟား…ဟား… ဟား…ဟား…ဟား မှဆိုးကြီး ဖားလာရှာတာ ထင်ရဲ့"

သို့အသံကြောင့် ကျွန်တော် လှည့်ကြည့်မိ၏။

အလိုလေးဗျာ…ဆေးဆရာ ဆိုသူနှင့် ဒူးလေးကိုင် မုဆိုး ဆိုသည်ကို မြင်ဖူးလိုက်သည်ကြောင့် သိလိုက်လေ၏။

သူတို့ကတော့ ကျွန်တော့်ကို သိမည်မထင်။

"မုဆိုးကြီး စားစရာ ဘာမှ မရှိပေဘူးလား"

သို့ပြောလည်းပြော ကျွန်တော့်ဆီလည်း ရောက်လာကြ ချေ၏။

"ဟုတ်တယ်"



"နို့ဖြင့်လည်း ကျွန်တော်တို့က ဒါနပြုလိုက်ပါမယ်ဗျာ"

သို့ဆိုလျက် ဆေးဆရာ ဆိုသူက ကျွန်တော့်အား သူ့ဆေး လွယ်အိတ်ကြီးတွင်းမှ တစ်စုံတစ်ရာကို ထုတ်ပေးလာချေ၏။

"ဘုရားရေ…"

လိပ်ကောင်ပါကလား။ မည်းမည်းကြီး ဖြစ်၏။ တောင်လိပ် တော့ဖြင့် မဟုတ်ပါချေ။ ကျွန်တော် သိသလို ပြောရလျှင် ဘီးဝန်း လိပ် ဖြစ်ချေ၏။ သို့ကြောင့်…

"ဘယ့်နှယ် သည်လိုနေရာမယ် ဘီးဝန်းလိပ် ရှိရတယ်လို့" သို့ ကျွန်တော်က လှမ်းယူရင်း ပြောလိုက်၏။

"ရှိတာပေါ့ကွာ…ငါတို့ ချောင်းဖျားအောက်ဘက်က လာ တာလေ…ချောင်းရေစပ်နားက ရှာတာ သဲကျင်းလူးနေတာ"

သို့ဆိုတော့လည်း အဟုတ်သားကလား။

"ကျေးဇူးတင်တယ်"

"ကျေးဇူးပြန်ဆပ်ဖို့ကော ဆန္ဒရှိလို့လား"

ဆေးဆရာနှင့် တွဲလျက်ရှိနေသည့် ဒူးလေးကိုင်မုဆိုးက မေးလာ လေ၏။ သူ၏ အမေးသည် ထူးဆန်းလှချေ၏။ သို့ကြောင့် စေ့စေ့ ကြည့်လိုက်၏။ ကျွန်တော်၏ နားမလည်နိုင်သော အကြည့်ကြောင့် လားတော့မသိ၊ သူက…

"ဩော်…ကျေးဇူးတရားဆိုတာ ပြန်ဆပ်ဖို့ဆိုပြီး ကျေးဇူး တင်တယ်ဆိုတာ ပြောကြတာချည်းဗျ၊ အဲ ဆပ်ချင်တိုင်းလည်း ဆပ်ခွင့် ရကြတာ မဟုတ်ဘူး၊ နို့ကြောင့် ခင်ဗျားက အဲဒီသဘောနဲ့ လွယ်လွယ် ပြောလိုက်တာလား သိချင်လို့ပါ"

သို့ဆိုတော့ ကျွန်တော် သဘောပေါက်သွားပြီ ဖြစ်ချေတော့

www.burmeseclassic.com

www.burmeseclassic.com



၏။ သို့ကြောင့်…

"သည့်တွက် မပူပါနဲ့ဗျာ၊ ဆပ်ချင်လို့ ပြောတာအမှန်ပါ"

"အိုကေ…ဟုတ်ပြီ ကဲ သွားပြီကွာ၊ ကျွန်တော်တို့ကလည်း စကားအဖြစ် ပြောတာပါ၊ ကျေးဇူးပြန်ဆပ်စေချင်လွန်းလို့တော့ မဟုတ်ပါဘူးကွာ"

သို့ဆိုလျက် ထိုလူနှင့် ဆေးဆရာ ကျွန်တော်၏အပါးမှ ထွက်သွားလေတော့၏။

သို့ဆိုတော့ ကျွန်တော်သည် သူတို့ ထွက်သွားပြီးသည်နှင့် ထိုဘီးဝန်းလိပ်ကိုယူကာ စခန်းနေရာလေးသို့ ခပ်သွက်သွက် ပြန်ခဲ့ချေတော့၏။

သူတို့ သွားကြသည့်လမ်းနှင့် ဆန့်ကျင်ဘက် ဖြစ်ချေ၏။ သို့ကြောင့် သူတို့ ထွက်သွားရာသို့ မှတ်သားထားလိုက်၏။

သစ်ပုပ်ပင်ကြီး နှစ်ပင်ကြား လမ်းမြောင်လေးအတွင်း ဖြစ်ချေတော့၏။

ကျွန်တော် စခန်းသို့ ပြန်ရောက်သည်တွင် သူတို့နှင့် ဆုံစည်းခဲ့ပုံကို ပြန်ပြောပြလိုက်သည်တွင်…

"ဟင်…ဘာရယ်…ဆေးဆရာဆိုတာ ကျွန်မဦးကြီးလေ၊ တကယ်တွေ့ခဲ့တာလား။ တူတော်မောင်ပြောတော့ သူကို ဒူးလေးကိုင်မုဆိုးက သတ်လိုက်လို့ ဦးကြီးသေပြီဖြစ်လို့ ကျွန်မတို့ဆီ လာနေတာလေ၊ ပြီးတော့ ငါးဖိုးထောင်ဆိုသူကိုလည်း သူတို့ လိုက်လံရှာကြတာဆိုပဲ"

သို့ လောက်လေးမယ်က ပြောလေသဖြင့် ကျွန်တော်က ငါးဖိုးထောင်နှင့် ရှိနေကြစဉ် သေဆုံးပြီးဖြစ်သည့် ဒူးလေးကိုင်



တစ်ယောက်နှင့် ဆေးဆရာ သူ၏ဦးကြီးတို့ကို အသက်ရှင်လျက်တွေ့ခွင့်ရကြောင်း ငါးဖိုးထောင် ပြောပြခဲ့သည်ကို ပြန်ပြောပြလိုက်၏။

သို့ဆိုတော့ လောက်လေးမယ်တစ်ယောက် လွှဲနိုင်မင်းစွာ အံ့ဩသွားချေတော့၏။

"ဖြစ်နိုင်ပါ့မလား သူတို့ဆိုတာကော ဟုတ်ရဲ့လား"

သို့ သူမက မေးလာလေသဖြင့်…

"ငါးဖိုးထောင် ပြောတာပဲ၊ သူပြောလို့ သူတို့တွေ ပြောရတာလေ၊ တခြားလူတွေ ဖြစ်ချင်လည်း ဖြစ်မပေါ့၊ ညည်းတွေ့ရင်တော့ သိမယ်၊ အဲဒီအခါမှ ငါတို့ကလည်း ငါးဖိုးထောင် ပြောတာတွေ ဟုတ်,မဟုတ် မှန်,မမှန်ဆိုတာ သိရမှာလေ"

လို့ ပြောလိုက်၏။

"နို့ဖြင့်လည်း သူတို့နောက် လိုက်သွားကြတာပေါ့"

"ဟုတ်ပါပြီ နို့ပေမင့် ညည်းက ဆာတယ်ဆို ဓါလေး စားပြီးမှ သွားကြတာပေါ့"

"ကျွန်မ လိပ်သားမစားဘူး၊ နို့ပေမင့် ဆာတော့လည်း စားရမပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် လိပ်ကောင်ကို မီးကင်၍ စားလိုက်ကြ၏။

အချိန်မဆိုင်းလေတဲ့ ထိုနေရာမှ ထွက်ခဲ့ကြ၏၊ ဆေးဆရာတို့ နှစ်ယောက် သွားခဲ့သည့် လမ်းမြောင်လေးအတိုင်း လိုက်သွားကြတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် ဝါးတောလေးတစ်ခုသို့ ရောက်လာခဲ့ကြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝါးတောဆိုတော့ ဝါးပိုးဝါးတော ဖြစ်ချေ၏။ အောက်ပေါင်းတော့ အရှင်းသားကလား။ သည့်ပြင် ဝါးချည်းသက်သက် ပေါက်နေသဖြင့် အဝေးသို့လည်း လှမ်းမြင်ရချေ၏။

ကျွန်တော်တို့သည် ဝါးတောအတွင်း ခြေဦးတည့်ရာ လျှောက်ခဲ့ကြ၏။ သို့ လျှောက်ခဲ့ရာမှ...

"ဝေါ...ဝေါ...ဝေါ..ဝေါ.."

"ဘွဲလ်"

"ဗီလ်"

"ဘွဲလ်"

ဝါးတောအစပ် ဒရယ်တစ်ကောင် ကျွန်တော်တို့ထံ ရှေ့ရှူဦးတည်ပြေးလာလေ၏။ သူ့နောက်တွင် ရန်သူလိုက်လာ၍ အမောတကော ပြေးလာခြင်း ဖြစ်၏။ သည့်ချေ သူ့ရှေ့တွင် မုဆိုးများ ရှိနေသည်ကို မသိရာပေ။

"ကိုလင်း ဘယ်လိုလဲ"

ကျွန်တော်က ဒရယ်ကို ပစ်လိုသည်ကြောင့် သို့ မေးလိုက်ခြင်းဖြစ်၏။

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်၏။

"ကျွန်တော်တို့လည်း အထိုက်အလျောက် စားပြီးပြီလေဗျာ။ သည်ဒရယ်နောက် လိုက်လာတာ ဘာသားကောင်ဆိုတာ သိဖို့ အတွက် ကျွန်တော်တို့တွေ လတ်တလောတော့ ပုန်းကွယ်နေဖို့ လိုတယ်"

သို့ဆိုတော့ ကျွန်တော် သဘောပေါက်လိုက်ချေသဖြင့် ခပ်လှမ်းလှမ်းရှိ ဝါးရုံပင်ကြီးတစ်ရုံနောက်ကွယ်သို့ ပြေးသွားလိုက်၏။



"လာကြချေဗျာ... အဲဒီမယ် ပုန်းခိုကြတာပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ထိုဝါးရုံပင်နောက်ကွယ်သို့ ရောက်သွားကြချေတော့၏။

ဒရယ်လေးသည် ကျွန်တော်တို့ရှေ့ ဒလွယ်ခုတ်လောက်ရှိ လမ်းအတိုင်း ပြေးသွားခြင်း ဖြစ်၏။ ကျွန်တော်တို့ အမြင်နေရာနှင့် ဆိုပါလျှင် နံ့ဘေးဖြစ်ချေ၏။

သို့ဆိုတော့ ဒရယ်လေးကို လိုက်လံ ဒုက္ခပေးသူသည် ကျွန်တော်တို့ မျက်စိရှေ့မှောက် ရောက်လာပေရော့မည်။ သည်ခါ ကျွန်တော်တို့ ထိုသတ္တဝါကောင်ကို ကြည့်၍ မည်သို့လုပ်ရမည်ကို ဆုံးဖြတ်ရပေရော့မည်။

ကျွန်တော်တို့သည် ထွက်ပေါ်လာမည့် သားကောင်ကို ချောင်းမြောင်းကြည့်နေကြတော့၏။

အတန်ကြာတွင်...

"ဟင်"

ကျွန်တော်တို့ရှေ့ ရောက်လာသူသည် ဆားဖိုးထောင် ဖြစ်ချေ၏။

"အဖေကော မသိဘူး"

သူတစ်ယောက်တည်းသာ တွေ့သည်ဖြစ်၏။ သို့ဆိုသလို လောက်လေးမယ်က ပြောလေတော့၏။

ဆားဖိုးထောင်သည်လည်း ဒရယ်ကောင်နောက်သို့သာ ပြေးလိုက်သွားတော့၏။ အတန်ကြာသည့်တိုင် သူ့နောက်မှ မည်သူမျှ လိုက်လာခြင်း မရှိသဖြင့် ကျွန်တော်တို့သည် ထိုနေရာမှ ထွက်ခဲ့ကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ လောက်လေးမယ်က ဓားဖိုးထောင်နောက် လိုက်ရန် အဆိုတင်သွင်းလေတော့၏။

သူ့အဖေကို တွေ့လို၍ ဖြစ်ချေမည်။

သို့လည်း သဘာဝအကျသားကလား။

သို့ဖြစ်၍ ကျွန်တော်တို့သည် ဓားဖိုးထောင် သွားရာနောက် ခြေရာကောက်လိုက်သွားကြတော့၏။

ကျွန်တော်တို့သည်လည်း ဝါးတောလေးလွန်၍ အင်ကြင်း တောဟု ဆိုရမည့် အင်ကြင်းပင်တို့ အပေါက်များသော တောသို့ ရောက်လာကြခြင်း ဖြစ်၏။

အင်ကြင်းတောအတွင်း တောတိုးလျှောက်ခဲ့ကြစဉ်···

မမျှော်လင့်ဘဲ ချုံပုတ်ပင်နောက်ကွယ်မှ လှုပ်ရှားမှုတစ်ခုကို တွေ့လိုက်သည်ကြောင့် ရှေ့မှသွားနေသော လင်းမြင့်လှိုင်က ကျွန်တော် တို့ကို ရပ်နေရန် လက်ကာပြလာသဖြင့် နှစ်ယောက်သား ရပ်လိုက် ကြ၏။

လင်းမြင့်လှိုင်က ထိုချုံပုတ်ရှိရာသို့ လှမ်းကဲ စူးစိုက်ကြည့် နေလေ၏။

"ဘာလဲ"

"ဘာတုံး"

လောက်လေးမယ်နှင့် ကျွန်တော်က မေးလိုက်၏။

"သားကောင်လား"

"ဟုတ်ပေဘူးဗျ"

"ဒီဖြင့်"

"အသာနေ"



သို့ဆို၍ စကားရပ်ထားလိုက်ပြန်၏။ ထိုနေရာသို့လည်း လှမ်းကဲကြည့်လိုက်ချေ၏။

"ကျွန်တော် သွားချောင်းကြည့်ဦးမယ်"

"သားရဲကောင် ဖြစ်နေဦးမယ် ကိုလင်း"

"သားရဲကောင်တော့ မဟုတ်လောက်ဘူးဗျ။ တီးတိုးစကား သံတွေ၊ လူတစ်စုဖြစ်မယ် တိုးတိုးတိတ်တိတ် တိုင်ပင်နေကြတယ်ဗျ။ လူဆိုး လူကောင်း မခွဲခြားတတ်ခင် သည်မယ် နေခဲ့ကြချေဦးဗျ"

သို့ဆိုလျက် လင်းမြင့်လှိုင်က ကျွန်တော်တို့အပါးမှ ထွက် သွားချေ၏။ လောက်လေးမယ်နှင့် ကျွန်တော်သည် နီးစပ်ရာ ချုံပုတ် ပင်နောက်တွင်း ဝင်နေလိုက်ကြပြီး လင်းမြင့်လှိုင်ကို မျက်ခြည်မပြတ် ကြည့်နေကြ၏။

လိုရမယ်ရဆိုသလို ကျွန်တော် သေနတ်မောင်းထိန်ခလုတ် ကို တင်ထားလိုက်၏။

လင်းမြင့်လှိုင်တစ်ယောက် ထိုချုံပုတ်နား ရောက်သွား၏။ နောက်ဘက်ကိုလည်း ကြည့်နေရာမှ ရပ်လိုက်ကာ ကျွန်တော်တို့ကို လက်လှမ်းပြ၍ခေါ်လေသဖြင့် လောက်လေးမယ်နှင့် ကျွန်တော် ခပ်သွက်သွက် သွားလိုက်ပြန်၏။

"ဟိုမယ် ကြည့်ချေဗျာ"

သို့ဆိုတော့ ကျွန်တော်တို့သည် လင်းမြင့်လှိုင် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ကြ၏။

"ဘုရားရေ"

ချုံပုတ်နောက်ကွယ်တွင် ချောက်ပါကလား။

သိပ်နက်လှသည်တော့ မဟုတ်၊ စကားသံသည် ထိုချောက်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ ထွက်ပေါ်လာခြင်း ဖြစ်၏။

တကယ်တော့ ချောက်မဟုတ် လှိုဏ်ဖြစ်ချေ၏။

အလိုလေးဗျာ···စားဖိုးထောင်ပါကလား၊ သူ့လက်နှစ်ဖက်ကို ကြိုးဖြင့် တုပ်နှောင်ထားခြင်း ခံနေရ၏။ ခြေအစုံကိုလည်း တုပ်နှောင်ထားခြင်း ခံရပြန်လေ၏။

သူ့နံဘေးတွင် ကလေးတစ်ယောက် ရှိသည်ကြောင့်···

"သူ ငါးဖိုးထောင် ဆိုတာလား"

လင်းမြင့်လှိုင်က လောက်လေးမယ်ကို မေးလိုက်၏။

"ဟုတ်တယ်···ကျွန်မတူလေးပဲ၊ သူက စားဖိုးထောင်ကို ကြိုးဖြည်ပေးဖို့ဖြစ်မယ်"

သို့ လောက်လေးမယ် ပြောသဖြင့် ကျွန်တော်က···

"မဟုတ်ဘူးဗျ၊ ကောင်လေးက စားဖိုးထောင်ကို ဒေါသတကြီးနဲ့ တစ်ခုခု လုပ်မယ့်ပုံပေပဲဗျ၊ ဘယ်လိုဖြစ်ရတာလဲ၊ ကလေးက လူကြီးကို ချည်နှောင်ထားရတယ်လို့"

"ဟုတ်ဘူး ထင်တယ်၊ လာ···ကျွန်မတို့ သွားကြည့်မယ်"

သို့ သူမက ပြောလည်းပြော ထိုလှိုဏ်ထဲသို့လည်း သွားမည်လုပ်သည်တွင်···

"ဟာ···နေဦး···နေဦး"

ကျွန်တော်တို့ မြင်သည်မှာ ချုပ်နှောင်ခံထားရသည့် စားဖိုးထောင်၊ ကလေးငယ် ငါးဖိုးထောင်၊ သို့ပေမင့် နောက်ထပ်လူတစ်စုအသံနှင့်အတူ လူလေးယောက် ရောက်လာချေ၏။

ဘုရားရေ···

ကျွန်တော်တို့ သိသည့် ဆေးဆရာ၊ ဒူးလေးကိုင် နှစ်ယောက်နှင့် သိန်းခါးကုန်း ဆိုသူတို့ ဖြစ်ကြချေ၏။



"ဟင်···ဒါ ဘယ်လိုဖြစ်တာလဲ"

လောက်လေးမယ်က သို့ဆိုသလို အံ့ဩတကြီး ပြောလာသဖြင့်···

"ဟုတ်ပြီ···နို့ဖြင့် သည်လူတွေက မင်း···ဦးကြီး အဖေနဲ့ ဒူးလေးကိုင်နှစ်ယောက်ဆိုတာ ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လိုဖြစ်တာလဲ၊ နို့ဖြင့် စားဖိုးထောင် ငါတို့ကိုပြောတာ အမှန်တွေလား"

"ဘာတွေပြောလို့လဲ"

သို့ဆိုတော့ ကျွန်တော်က စားဖိုးထောင် ပြောသမျှ သိသမျှကို အကျဉ်းချုံး ပြန်ပြောပြလိုက်၏။

"ဟင်··· ဟုတ်တယ်၊ ကျွန်မလည်း သည်လူတွေ ပြန်တွေ့ရတာ အံ့ဩမိတယ်ရှင်၊ ဘာတွေလဲ မသိဘူး···"

သို့ဆိုတော့ လင်းမြင့်လှိုင်က···

"ကျွန်တော် တွက်မိသလောက် ပြောရလျှင်ဖြင့် ဒါဟာ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ လျှို့ဝှက်ချက်ပဲ ဖြစ်မယ်"

"ရှင်းအောင်ပြောပါလား"

"ရှင်းအောင်ပြောဖို့တွက် ကျွန်တော်တို့ သူ့ကို အကူအညီတောင်းမှ ရမယ်"

"ဗျာ"

"ရှင်"

"ကျွန်မက ဘာလုပ်ပေးနိုင် ပြောနိုင်မှာမို့လဲ၊ ကျွန်မ ပြော

www.burmeseclassic.com

www.burmeseclassic.com



တာတွေကတော့ အမှန်တွေပါရှင်"

"ကျွန်မ စားမိုးထောင်ပြောတာတွေလိုပဲ ပြောနိုင်တော့မပေါ့"

"နို့ဖြင့် ခင်ဗျား အကူအညီလိုတာပေါ့"

"နို့ဖြင့်"

"ခင်ဗျား သူတို့ဆီသွား ကျွန်တော်တို့ ပါလာတာ မပြောနဲ့ သူတို့ ဘာတွေ လုပ်နေကြတာလဲ၊ ဘာတွေဖြစ်နေကြတာလဲဆိုတာ ခင်ဗျားပဲ သိရမယ်၊ ကျွန်တော်တို့လည်း နောက်ကနေ ချောင်းမြောင်းနေမယ်ဆိုတော့ သိရမှာပေါ့"

"ဟုတ်ပြီ"

"စိတ်ချမယ်နော်…"

"ဩော်…ကျွန်မကို ယုံပါရှင်၊ သည်ကိစ္စ ကျွန်မလည်း အမှန်သိချင်တယ်၊ စိတ်ဝင်စားဖို့ကောင်းတယ်"

သို့ဆိုလျက် လောက်လေးမယ်သည် ထိုလူစုထံသို့ သွားလိုက်ချေတော့၏။ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် သူမကို မျက်ခြည်မပြတ် ကြည့်နေကြတော့၏။

"သူငယ်ချင်း မင်း…မင်း…ဒါ ဘာလုပ်တာလဲ"

သို့ဆိုသလို ကြိုးဖြင့် တုပ်နှောင်ချည်ခံထားရသည် ဖြစ်သည့် စားမိုးထောင်သည် သူငယ်ချင်းပါဆိုသည့် ငါးမိုးထောင်က သူ၏ မျက်နှာအား ခြေထောက်ဖြင့် ပိတ်ကန်လာသည့်ကြောင့် တအံ့တသြဖြင့် မေးလိုက်ချေ၏။ ကလေးငယ်တစ်ယောက်၏ ကန်ချက်ကို သူ့အနေဖြင့် မည်သို့မျှ နာကျင်မှု မခံစားရ ဆိုပေမင့် သို့ဆိုသလို ကလေးငယ်တစ်ယောက်လည်းဖြစ်၊ မိမိသူငယ်ချင်းလည်းဖြစ်သည့် ငါးမိုးထောင်က သို့ဆိုသလို ပြုမူလာခြင်းအတွက် စိတ်မကောင်းလည်း



ဖြစ်သွား၏။ ရင်တွင်းနာကျင်မှုသည်လည်း ဖြစ်သွား၏။ ဘယ်လို ကြောင့်ပါလိမ့်။

သူ ငါးမိုးထောင်ကို လိုက်ရှာခဲ့၏၊ တွေ့၏။ အားရဝမ်းသာ ပြေးသွားလိုက်သည်၊ သည်တွင် သူ့ကို တစ်စုံတစ်ဦးက နောက်ကျောကို ဖြင်းထန်စွာ ရိုက်လာချေသဖြင့် သူ မူးမေ့သွား၏။ သတိပြန်ရသည့်တွင် သူ့အား ကြိုးဖြင့်တုပ်နှောင်ပြီး ဖြစ်တော့၏။

ဘယ်လိုဖြစ်တာပါလိမ့်၊ သူ့ကို ဘယ်သူလုပ်တာပါလိမ့်၊ သူပတ်ဝန်းကျင်ကို ကြည့်လိုက်၏၊ မည်သူမျှမရှိ၊ အတန်ကြာတွင် ခပ်လှမ်းလှမ်း တောတန်းလေးတွင်းမှ ငါးမိုးထောင် ထွက်လာသည်ကို တွေ့လေသဖြင့် အားရဝမ်းသာ လှမ်းခေါ်လိုက်၏။

"ငါ့ကို ဘယ်သူ ကြိုးနဲ့တုပ်သွားလဲ မသိဘူး၊ ဘယ်သူ နောက်ကနေ ရိုက်သွားလဲ မသိဘူး"

သို့ဆိုသလို သူက ပြောလိုက်၏။

"ငါ့ကြိုးတွေ ဖြည်ပေးစမ်းကွာ၊ ငါ့ကို ရိုက်တဲ့ကောင်တော့ သား၊ ဟင်း…ဟင်း…ဟင်း တွေ့တာနဲ့ အသေသာ နာပြီမှတ်၊ ခင်းကော ဘယ်ရောက်သွားလဲ၊ ငါ့ကိုရိုက်လိုက်တဲ့သူကို မင်း မြင်လိုက်မှာပေါ့၊ သိမှာပေါ့"

သို့နှယ်ပြောပြီး ငါးမိုးထောင်ကို ကြည့်နေလိုက်၏။

ငါးမိုးထောင်က သူ့ကို မထေမဲ့မြင် ပြုံးပြလာချေပြီး…

"ခုချိန်ကစပြီး ခင်ဗျား ကျုပ်သူငယ်ချင်း မဟုတ်တော့ဘူး"

"မင်း နောက်မနေပါနဲ့ကွာ၊ ဟိုလူ ပြန်မလာခင် ငါ့ကို ကြိုးတွေ ဖြည်ပေးစမ်းပါ၊ ငါ သည်ပုံစံနဲ့ သူတို့ပြန်လာတဲ့အခါဆိုရင် ခင်းကိုလည်း ရန်ရှာလိမ့်မယ်၊ မြန်မြန်ဖြည်ပေးချေကွာ"

www.burmeseclassic.com

www.burmeseclassic.com



သူက ငါးဖိုးထောင် နောက်နေသည်ထင်၍ သို့ပြောလိုက်၏။

သည်တွင် ငါးဖိုးထောင်က သူ့အနား ရောက်လာလေပြီး ထင်မှတ်မထားသည့် လုပ်ရပ်ကို ပြုမူလာတော့၏။

“ဖျန်း”

“အား”

သူ့ကို ပါးရိုက်လာ၏။ သို့ပြင်…

“ဘုတ်”

“အင့်”

ခြေဖြင့် မျက်နှာကို အားထည့်ကန်ကြောက်လာ၏။ သူလည်း အံ့အားသင့်မိ၏။ ငါးဖိုးထောင် စိတ်များ ဖောက်ပြန်သွားလေပြီလား သူ့ကို ဘယ်တွက် သို့ ပြုမူရပါလိမ့်၊ စဉ်းစားမတတ်အောင် ဖြစ်ချေ၏။

“မင်း…မင်း…ဘယ်လိုဖြစ်ရတာလဲကွာ”

“ခင်ဗျား သိပ်သိချင်နေမှာပေါ့…”

“ပြောပါလားကွာ…”

“ကျုပ်အဖေအတွက် ကလဲ့စားပဲ”

“ဘာ…ဘာတွေပြောနေတာလဲ၊ မင်း မနောက်ပါနဲ့ကွာ”

“ကျုပ် နောက်ပြောင်နေတာ မဟုတ်ဘူး။ ခင်ဗျားကို သတ်မယ်”

“အလိုလေးဗျာ မင်းသတ်မယ်လား၊ ဘယ်လိုသတ်မှာလဲ၊ ဟဲ ဟဲ ခြေထောက်နဲ့ ကန်ကျောက်သတ်မှာလား။ ဓားနဲ့ ထိုးသတ်မှာလား၊ အုတ်ခဲနဲ့ ထုသတ်မှာလား။ သတ်လေကွာ…ဟင်း ဟင်း မင်း ငါ့ကို နောက်နေတာ မဟုတ်ဘူးလား”

“ဘာလို့ နောက်ရမှာတုံးဗျ၊ သတ်မယ်”



သို့ပြောလည်းပြော ခြေထောက်ဖြင့်လည်း မျက်နှာကို ပြေးကန်လာပြန်၏။

“ဘုတ်”

“အင့်”

“ဖြောင်း”

“အား”

“ဘုတ်… ဘုတ်”

“အား”

သူကြာလာတော့ နာကျင်လာမိ၏။ ချည်နှောင်ထားသော ကြိုးကို ရုန်းကန်ဖြည်မိချေ၏။

“ခင်ဗျား သေရမယ်”

“သတ်လိုက်လေကွာ”

သူ စိတ်ဆိုးမိသွားချေ၏။

သို့ဆိုတော့ ငါးဖိုးထောင် သူ့ကို နောက်ပြောင်နေခြင်းမဟုတ်မှန်း သိသွား၏။

သည်ကလေးက ဘယ်လို သို့ ပြုမူရတာပါလိမ့်၊ အဖြေမှန်ကိုတော့ သူ သိချင်နေ၏။

သို့ကြောင့်…

“မင်း…ဘယ်လိုဖြစ်နေရတာလဲ၊ မင်းအဖေအတွက်ဆိုတော့ မင်းအဖေက ဘယ်သူလဲ၊ ဘာ့ကြောင့် ငါနဲ့ ပတ်သက်ခဲ့ဖူးတာလဲ၊ ငါ တကယ် မသိဘူး ပြောစမ်းကွာ”

“ဟင်း…ဟင်း…ဟင်း ခင်ဗျား သိရပါတယ်၊ အဲ နို့ပေမင့် တစ်ခုတော့ရှိတယ်၊ ကျုပ်အဖေ ခံစားရသလို ခင်ဗျား ခံစားပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



သေရမှာဗျ"

"ပြောပါဦး"

"ပြောမယ်…ပြောမယ်၊ ပြောရုံမကဘူး လက်တွေ့လည်း ပြမယ်"

သို့ဆိုလျက် ငါးဖိုးထောင်သည် သူ့အပါးမှ လှည့်ထွက်သွားတော့၏။ အတန်ကြာတွင် ပြန်ရောက်လာ၏။

အတန်ကြာတွင် သူ့နောက်မှ လူတစ်စု ရောက်လာပြန်၏ ထိုလူစုကို မြင်လိုက်သည်နှင့် ငါးဖိုးထောင် အံ့သြတကြီး ဖြစ်သွား၏။

"ဟင် သူတို့တွေ ဘယ်လိုကြောင့်…"

"ဟင်း…ဟင်း…ဟင်း…ခဏတော့လမ်းဆုံးတော့မယ်ဗျ ကျုပ်ကို သေချာကြည့်စမ်းပါ"

သူ့လက်ထဲတွင် မီးမှုတ်ထားသော သံချောင်းတစ်ချောင်း ပါလာ၏။ အဖျားပိုင်း မီးခဲရဲရဲနီလို့ ရှိချေ၏။

"ဘာလုပ်မှာလဲ"

သူက တအံ့တသြ မေးလိုက်၏။

"ခင်ဗျားမျက်လုံးကို ဖောက်ထုတ်မယ်"

"ဘာကွ"

"မျက်လုံးကို ဖောက်ထုတ်မယ်"

သို့ ပြောလည်းပြော သူ့နားသို့လည်း တိုးကပ်လာ၏။ သည်ကလေး တကယ်လုပ်မည့်ပုံ သို့ကြောင့်…

"မင်း စိတ်ထိန်းပါဦးကွာ ငါ မင်းသူငယ်ချင်းလေ၊ မင်းအဖေနဲ့ ပတ်သက်လို့ မင်း ငါ့ကို လူမှားနေတာဖြစ်မယ်၊ မင်းအဖေ ဘယ်သူလဲ ငါ မသိဘူး"



သို့ ပြောလည်းပြော သူ့လက်ထဲမှ သံချောင်းမီးမှုတ်ရဲရဲကို ည်း ထိတ်လန့်တကြားကြည့်လို့ နေချေတော့၏။

"ကျုပ်အဖေ ဘယ်သူလဲဆိုတာ ခင်ဗျားမျက်လုံးတစ်လုံးကို ည်သံချောင်းနဲ့ ကော်ထုတ်လိုက်ပြီးရင် အဖေ့ကို ခေါ်ပြမယ်၊ ဖေ့ကိုမြင်ရင် သိမှာပါ"

"ဟေ"

သို့ဆိုလျက် ငါးဖိုးထောင်သည် သူ့လက်တွင်းရှိ သံချောင်းမီးခဲ ငါးဖိုးထောင်၏မျက်လုံးကို ထိုးဖောက်ရန် ချိန်ရွယ်လာတော့၏။

"မလုပ်နဲ့၊ မလုပ်နဲ့"

သို့အသံနှင့်အတူ ငါးဖိုးထောင်အား တစ်စုံတစ်ဦးက အလျှင် မြန် ပြေးလာတွန်းထုတ်လိုက်၏။

ဘုရားရေ…သူ့ကို ကယ်တင်မည့်သူ ရောက်လာပါကော ဘာ။

ဘယ်သူပါလိမ့်။

သူ မြင်လိုက်ရသောအခါ အံ့သြခြင်းနှင့်အတူ ဝမ်းမြောက် ဝမ်းသာလည်း ဖြစ်သွားတော့၏။

"ညည်းတူတော်မောင်ကို ညည်း ပြောပါဦးဟယ်၊ ငါ့ကို မှားပြီး ဘာတွေလုပ်မလို့လဲ မသိဘူး၊ ညည်းတူတော်မောင် စိတ် ကော မှန့်ရဲ့လား မသိဘူး…"

"ကျွန်မ သူ့ကို မေးကြည့်ပါဦးမယ်"

သို့ဆိုလျက် လောက်လေးမယ်သည် ငါးဖိုးထောင်နား ကပ် သွားလိုက်၏။

"ဖိုးထောင် နင် ဘာတွေလုပ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ ငါးဖိုးထောင်သည် မြေပြင်တွင် လဲနေရာမှ လူးလဲထလာကာ…

"ဒေါ်လေး သည်လူပေါ့ ကျွန်တော့်ဖေဖေရဲ့ မျက်စေ့ကို ဖောက်ထုတ်ခဲ့တာ"

"ဟေ"

"ဟာင်"

ငါးဖိုးထောင် စကားကြောင့် လောက်လေးမယ်သာလျှင် မဟုတ်၊ မားဖိုးထောင်ပင် အံ့သြတကြီး ဖြစ်သွားရ၏။

"နို့ဖြင့် ပြောစမ်းပါဦးကွာ၊ ငါ မသိလို့ပါ"

သို့ မားဖိုးထောင်က မေးလိုက်၏။

ငါးဖိုးထောင်က လွတ်ကျသွားသော သံချောင်းမီးဖုတ်ကို ပြန်ကောက်ယူလိုက်လေပြီး…

"ခင်ဗျားမျက်စိကို ဖောက်ထုတ်ပြီးမှ ပြောမယ်"

သို့ဆိုလျှက် ငါးဖိုးထောင်သည် မားဖိုးထောင်၏ မျက်လုံးအား မီးခဲသံချောင်းဖြင့် ထိုးဖောက်ရန် ချဉ်းကပ်လာသည်ကြောင့် လောက်လေးမယ်က ကပျာကသီ ဝင်ရောက်တားဆီးလိုက်ပြန်၏။

"မင်း ငါပြောနေတယ် မရဘူးလား"

"ဒေါ်လေး…ဘေးဖယ်နေပါ"

"ငါ မဖယ်နိုင်ဘူး။ မင်းရဲ့လုပ်ရပ်က မမှန်ကန်ဘူး။ မင်းအဖေ မျက်လုံးပျက်ရတာ မတော်တဆဖြစ်ခဲ့တာ မဟုတ်လား"

သို့ပြောလာသည့် လောက်လေးမယ်ကို မားဖိုးထောင်က အံ့သြတကြီး နားထောင် စိုက်ကြည့်မိချေ၏။

"ပြီးတော့ သူနဲ့ကော ဘယ်လို ပတ်သက်လို့လဲ"



သို့ဆိုတော့ ငါးဖိုးထောင်က…

"အဘိုး ပြောတာ…သည်လူ လုပ်တာ"

လို့ ပြောလေသဖြင့်…

"ဘယ်လို ဦးကြီးက ဘယ်လိုပြောခဲ့လို့တုံး။ သူနဲ့ကော ပတ်သက်လို့လား"

"ဟုတ်တယ်"

"မဖြစ်နိုင်တာ…ငါလည်း မသိရပါကလား"

"ဟုတ်ပါတယ်ဆို၊ ဒေါ်လေး ဖယ်နေပါ၊ ကျွန်တော်ကိုယ်တိုင် အဖေ့အတွက် သူ့မျက်လုံးတစ်လုံးကို ဖောက်ထုတ်မယ်"

သို့ဆိုလျှက် ငါးဖိုးထောင်သည် မားဖိုးထောင်နား တိုးကပ်လာပြန်သဖြင့်…

"ဖျန်း"

"အား"

"ဟာင်"

လောက်လေးမယ်သည် သူပြောမရသည့်အဆုံး ငါးဖိုးထောင်ကို သူ့မလက်ဖြင့် အားကုန်လွှဲရိုက်လိုက်ချေတော့၏။

"သည်တွင် ငါးဖိုးထောင်တစ်ယောက် လွင့်စဉ်လဲကျသွားတော့၏။ ထိုသည့်ကို မားဖိုးထောင် အံ့အားသင့် ကြည့်နေမိတော့၏။

သို့ရှိစဉ်…

"ဘုတ်"

"အမလေး"

ဘုရားရေ…သိန်းခါးကုန်းပါကလား။ ဘယ်ကနေ ဘယ်လို ရောက်လာချေပြီး လောက်လေးမယ်ကို ပြေးဝင်တိုက်ခိုက်လေတော့

www.burmeseclassic.com

www.burmeseclassic.com



၏။

ယောက်ျားသားတစ်ယောက်၏ အားပြည့်ထည့်ကန်ကျော

လာခြင်းကြောင့် လောက်လေးမယ်တစ်ယောက် လွင့်စဉ်သွားတော့

"ဟင်…အဖေ…ဘာလုပ်တာလဲဟင်"

"မင်း…ငါ့မြေးကို လုပ်လို့လေ၊ မင်း ဘယ်လို ကိုယ့်

လေးကို အဲလို လုပ်ရတာလဲ…ဟင်"

သို့နှယ် ပြောလည်းပြော သူမကို ပြေးကန်လိုက်ပြန်၏

"ဘုတ်"

"အား"

"ဟင်…အဖေ သမီးကို ဘာလို့ လုပ်ရတာလဲဟင်၊ သ

နားမလည်တော့ဘူး၊ ခါတိုင်း သမီးတူလေးကို စိတ်ဆိုးရင် ရိုက်န

နေကျပဲ၊ အဖေက ဘာမှ ဝင်မပြောဘူး၊ သည်ကောင် မှတ်လော

သားလောက်အောင် လုပ်ထားလို့ပဲ ပြောတာလေ"

"အဲဒီတုန်းကတော့ ဟုတ်တယ်"

"ဟင်…ခုတော့ ဘာမဟုတ်ရတာလဲ"

"သူ့အမွေအတွက် လက်စားချေချင်တာလေ"

"သမီး ဘာမှ နားမလည်ဘူး၊ သမီးလည်း ဘာမှ မသိရ

ကလား"

"အေး…မင်း မသိရင် ငါ ပြောပြမယ်"

သို့ပြောလာသူကား သိန်းခါးကုန်း မဟုတ် သေဆုံးပြီ

လောက်လေးမယ် သိထားသည့် သူ၏ဘကြီး ဆေးဆရာ ဖြစ်

တစ်နည်းပြောရလျှင် ငါးဖိုးထောင်၏အဘိုး ဖြစ်ချေ၏။ ထိုသ

ကြောင့် ငါးဖိုးထောင်သည်ပင် ဆေးဆရာကို အံ့သြတကြီး ကြည့်



လေ၏။

"ဘာလဲ မင်း ငါ့ကိုမြင်တော့ အံ့သြသွားပြီလား"

"ဟုတ်တယ်"

"ဟင်း…ဟင်း…ဟင်း"

"ဘကြီး ပြောပါဦး၊ ဘယ်လိုတွေဖြစ်တာတုံး…"

လောက်လေးမယ်က နားမလည်နိုင်စွာဖြင့် ဆေးဆရာကို မေးလိုက်၏။

"ကျွန်တော်လည်း ဘာကိုမှ နားမလည်နိုင်ဘူးဗျာ၊ ပြောပါဦး"

"အင်း သိရပါတယ်၊ ပြီးတော့ တူသောအကြွေးကိုလည်း ပြန်ဆပ်ရပါလိမ့်မယ်"

သို့ ဆေးဆရာက ပြောပြီး…

"ထွက်ခဲ့ကြတော့ဟေ့"

သို့လည်း နောက်လှည့်ပြောလိုက်သည်နှင့် ရုတ်ခြည်းဆိုသလို သူတို့ထံ လူနှစ်ယောက် ရောက်လာလေတော့၏။

"ဘုရားရေ"

ထိုသူနှစ်ယောက်ကို တွေ့လိုက်သည်နှင့် ငါးဖိုးထောင် အံ့သြမှင်သက်မိသွားကြတော့၏။ ဘာတွေပါလိမ့်။

သူ့ကို လိုက်ခုကွပေးနေသည့် နွားလေးကိုင် မုဆိုးနှစ်ယောက် ဖြစ်ချေတော့၏။

"တစ်ယောက်ကို သိန်းခါးကုန်းက သတ်လိုက်ပြီပဲဆို၊ ခု ရှိနေပါကောလား၊ ဘယ်လိုတွေပါလိမ့်"

"သိန်းမောင် မင်း ဘယ်သူလဲ သူ သိသွားအောင် အနားကပ် ပြလိုက်စမ်းကွာ"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုသလို ဆေးဆရာက ပြောလိုက်သဖြင့် ဒူးလေးကိုင်တစ်ယောက်သည် သူ့နားသို့ ရောက်လာလေတော့၏။

မျက်နှာချင်းဆိုင်မှု နီးကပ်သမှု နီးကပ်လာပြီး···

"သည့်မယ် ကြည့်စမ်း"

သို့ ထိုသူက သူ၏လက်ဖြင့် သူ့မျက်လုံးကို ထိုးဖောက်ဆွဲထုတ်ပြလာ၏။

"ဟာ"

"ဟင်"

ဘုရားရေ··· ဓားမိုးထောင်သည်ပင် မဟုတ်၊ လောက်လေးမယ်သည်လည်း အံ့ဩတကြီး ဖြစ်သွားတော့၏။

ထိုသူ သူ့မျက်လုံးသူ နှိုက်ထုတ်လိုက်သည်မှာ တွေးထင်ထားသလို သွေးရဲရဲ မတွေ့ရ။

သူ့လက်တွင် ပါလာသည့် မျက်လုံးတစ်လုံးသည် ကျောက်မျက်လုံး ဖြစ်နေချေတော့၏။

"ဘုရားရေ"

မျက်စိတစ်ဖက်လပ်နေသူ ဖြစ်၏၊ ကျောက်မျက်လုံး ထည့်ထားခြင်း ဖြစ်၏။ ထိုကျောက်မျက်လုံးကို ထုတ်ပြလာခြင်း ဖြစ်၏။

"ဘယ်လို သဘောပါလိမ့်"

"မင်းကြောင့် ငါ့မျက်လုံး တစ်ဖက်ပျက်သွားရတာ"

"ဗျာ"

"ဘယ်လို ပတ်သက်လို့"

ဓားမိုးထောင် တကယ်မသိတော့ပါ။ ဘယ်တုန်းကလဲ၊ ဘယ်လိုကြောင့်လဲ၊ သူ့ကိုယ်သူပင် ပြန်မေးနေမိတော့၏။



"ပြောရတာပေါ့···မင်းက ဓားမိုးထောင် မဟုတ်လား"

"ဟုတ်တယ်လေ"

"မင်း ဓားပေါက် အင်မတန် ကျွမ်းကျင်တာ၊ ငါ မင်းဆီက အဲဒီပညာ သင်ဖူးတယ်၊ မင်းက ငါ့ကို သင်မပေးချင်တော့"

"ငါလည်း ကံစွပ်လို့ ဖြစ်သွားရတာချည်းပါကွာ၊ သည့်မယ် ကြည့်ပါလား"

ဆိုပြီး မင်း ငါ့ကို မင်းလက်ထဲက ဓားနဲ့ သစ်ပင်ကို ပေါက်ပြတယ်လေ၊ မင်း ပစ်လိုက်တဲ့ဓားက ပစ်လိုက်တဲ့ သစ်ပင်ကို အပြေးလိုက် သွားသွားမှန်တယ်လေ၊ ဒါ မင်း ငါ့ကို သင်မပေးချင်လို့ မဟုတ်လား၊ နို့ပေမင့် ငါက ဇွဲကောင်းတယ်၊ မင်းဆီက ဓားပေါက်ပညာ လိုချင်တယ်၊ သည်တော့ မင်းလည်း ငါ့ကို ဘယ်လိုမှ ငြင်းပယ်ရတော့ နောက်ဆုံး တပည့်အဖြစ် လက်ခံခဲ့တယ်၊ အဲ ငါကလည်း မင်းလို ဓားပေါက်တတ်လာတယ်၊ မင်းလောက်တော့ မဟုတ်ဘူးပေါ့ကွာ၊ သည်တော့ မင်းက ငါ့ကို အလိမ္မာသုံးပြီး တစ်နေ့ ငါ့ကို -

"မင်း အဲဒီမှာ သွားနေချေ၊ ဓားသွား ဘယ်လိုပြေးဝင်သွားသလဲဆိုတာ ကြည့်ထားဆိုလို့ပါ၊ ငါ မင်း ပစ်ပေါက်တဲ့ သစ်ပင်နားသွားရပ်နေလိုက်တယ်၊ မင်း ပစ်လိုက်တယ်"

"အဲဒီအချိန်မှာပဲ"

"ဖျောက်"

"ဖလပ်"

"ရွပ်"

"အား"

မင်းပစ်လိုက်တဲ့ ဓားက သစ်ပင်ကို အပြေးလိုက်သိပြီး ပြန်

www.burmeseclassic.com

www.burmeseclassic.com



ကန်ထွက်လာတယ်၊ ငါ့မျက်စိတည့်တည့်ပေါ့၊ ငါ ဘယ်လိုမှ ရှောင်တိမ်းမရလိုက်ဘူး၊ မင်းရဲ့ ဓားသွားဦးချွန်က သစ်ပင်ကို မစိုက်ဘဲ ငါ့မျက်လုံးကို လာစိုက်ဝင်သွားတာလေ"

"ဟင်"

"ရှင်"

သို့ဆိုတော့ ဓားမိုးထောင် သတိရလိုက်တော့၏။ ဟုတ်သည် သို့ပေမင့် သူ အဲဒီတုန်းက တမင်လုပ်ခြင်း မဟုတ်၊ ဘယ်လိုကြောင့် သို့ ဖြစ်သွားသည် မသိ၊ သူ့ဓားဦးက သူ့ရဲ့ မျက်လုံးကို စိုက်ဝင်သွားတာကို သူ့အား အထင်လွဲနေခြင်း ဖြစ်၏။

"နို့ကြောင့် မင်း ငါ့ကို လိုက်သတ်နေတာပေါ့"

"ဟင်း...ဟင်း...မင်းကို ငါ လိုက်သတ်ရင် ခုထောင် အသက်ရှင်နေမှာ မဟုတ်ဘူး"

"ဘာကွ"

"အေး မင်း ငါ့ကို ဒုက္ခပေးခဲ့သလို မင်းကိုလည်း ငါက ဒုက္ခပေးရအောင်လို့ ခုလို ဖန်တီးရတာကွ"

"ဘယ်လို ရှင်းအောင်ပြောကွာ"

"မင်းကို ငါ့သားက ငါ့တွက် လက်စားချေအနေနဲ့ မင်းမျက်လုံး တစ်လုံးကို ဖောက်ထုတ်ပေးပါလိမ့်မယ်"

"ဘာ...သား...သူက မင်းသားလား"

"ဟုတ်တယ်"

"မင်းကို ငါ သတ်ချင်ရင် လွယ်လွယ်လေး၊ နို့ပေမင့် မင်းဆီက ငါ့သားက မျက်လုံးတစ်လုံး ပြန်ရရေးအတွက် ခုလို ငါတို့ မိသားစု ဝိုင်းပြီး ဇာတ်လမ်းထွင်ကြတာကွ၊ ဟင်း...ဟင်း...ဟင်း"



သို့ဆိုတော့ လောက်လေးမယ်က...

"ဘကြီးရယ် ကျွန်မလည်း ဘာမှ မသိပါဘူး၊ သည်အကြောင်းတွေ ဘာလို့ ကျွန်မ မသိရတာလဲ"

"မင်းသိစရာ မလိုဘူး"

"ကျွန်မလည်း သူ့ဒေါ်လေး အရင်းကြီးပါ၊ သည်ကိစ္စကို အဖေလည်း သိတယ်ဆိုပေမင့် သမီးကျတော့ ဘာဖြစ်လို့ မသိရတာလဲ"

"မင်း သိစရာမလိုဘူးဆိုတာ မင်းနဲ့ သူနဲ့ ဘာမှ မတော်လို့ပဲ"

"ရှင် ဘယ်လို... အဖေနဲ့ ဦးကြီးက ညီအစ်ကိုလေ၊ သမီးက အဖေ့သမီးလေ၊ ဦးကြီးမြေးက ကျွန်မတူ အရင်းကြီး မဟုတ်လို့ ဘာလဲ"

"ဟင်း... ဟင်း...ဟင်း...မင်းနဲ့ ဘာမှ မတော်ဘူး၊ ဘာလို့လဲ သိလား"

"ဟင့်အင်း"

"မင်းက ငါ့တူမ မဟုတ်သလို ငါ့ညီရဲ့ သမီးလည်း မဟုတ်ဘူး"

"ဟင်"

"ရှင်"

"အဖေ ဘကြီး ဘာတွေပြောနေတာလဲ"

သို့ဆိုလျက် လောက်လေးမယ်သည် သိန်းခါးကုန်းထံ ပြေးသွားလိုက်၏။

"အဖေ...အဖေ သမီးကို သူတို့ ဘာတွေပြောနေကြတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ သိန်းခါးကုန်းသည် လောက်လေးမယ်ကို သနား စရာ သတ္တဝါအနေဖြင့် ကြည့်နေလေပြီး…

"ငါ့အစ်ကိုပြောတာ ဟုတ်တယ်၊ မင်း ငါ့သမီး မဟုတ်ဘူး"

"ဘာလို့လဲ အဖေရယ်"

"မင်းကို မွေးစားခဲ့တာ"

"ရှင်"

"ကဲ ညည်း ဖယ်နေပါ ဖိုးထောင် မင်းအလုပ် မင်းလုပ်တော့"

သို့ဆိုတော့ ငါးဖိုးထောင်သည် သူ့လက်တွင်းမှ သံချောင်း ဖြင့် ဆေးဖိုးထောင်၏မျက်လုံးကို ထိုးဖောက်ရန် ချဉ်းကပ်လာသည် တွင်…

"ဖိုးထောင် နှင် မမိုက်ရိုင်းနဲ့"

သို့ဆိုလျက် လောက်လေးမယ်က ဆေးဖိုးထောင်ရှေ့ ဝင်ရပ် ကာ ငါးဖိုးထောင်ကို ဟန့်တားလေသဖြင့်…

"သည်ကောင်မ ဘာမဆိုင် ညာမဆိုင် ဝင်ရှုပ်တယ်"

သို့ဆိုလျက် ဒူးလေးကိုင်မှဆိုး တစ်ဖက်လပ်က လောက် လေးမယ်ကို အားဖြင့် ဆွဲရိုက်လိုက်သည်တွင် လောက်လေးမယ် တစ်ယောက် လွင့်စဉ်လဲသွားတော့၏။

ငါးဖိုးထောင်ကလည်း ဆေးဖိုးထောင်မျက်နှာသို့ သူ့လက်တွင်း ရှိ သံချောင်းဖြင့် လှမ်းထိုးရန် ပြင်လိုက်သည်ကြောင့်…

"ဒိန်း"

"ဟာ"

ပြင်းထန်သော ယမ်းအား ပေါက်ကွဲသံကြောင့် အားလုံး ထိတ်လန့်တကြား ဖြစ်သွားချေတော့၏။



သေနတ်သံ လာရာသို့လည်း လှမ်းကြည့်လိုက်ကြချေ တော့၏။

သို့အတူ လောက်လေးမယ်သည်လည်း လဲကျနေရာမှ ထ လာကာ…

"ဦးတို့ အချိန်မီ ရောက်လာပေလို့" ရယ် ဝမ်းဝမ်းတသာ ပြောလာချေ၏။ ဆေးဖိုးထောင်တစ်ယောက်သည်လည်း လွန်မင်းစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။ သိန်းခါးကုန်း၊ ဆေးဆရာ၊ ဒူးလေး ကိုင်(၂) ယောက်နှင့် ငါးဖိုးထောင်တို့သည် လောက်လေးမယ်ကို တအံ့တသြ ကြည့်နေချေတော့၏။ သို့မှ…

"ဩော်…ညည်းနောက်မှာ သူတို့ ရှိနေတာကိုး"

သို့ ဆေးဆရာက လင်းမြင့်လှိုင်နှင့် ကျွန်တော့်ကိုကြည့်၍ ပြောလာချေတော့သည်။

"တကယ်တော့ ရန်ကိုရန်ချင်း မတုံ့နှင်းချင်ပါနဲ့လို့ ပြော ချင်ပေမင့်လည်း သည်ကိစ္စက သူ့ ခင်ဗျားကို တမင်တကာ လုပ်ခဲ့တာ မဟုတ်ဘူးဆိုတာ ကျွန်တော်တို့ သိပါတယ်ဗျာ"

"မင်းကလည်း မင်းသူငယ်ချင်းလေကွာ"

ငါးဖိုးထောင်တစ်ယောက် ကျွန်တော့်ကို ခေါ်မရ မျက်နှာဖြင့် ကြည့်လာချေတော့၏။

"ဟုတ်ပါတယ် သူငယ်ချင်းရာ၊ ငါ ကိုယ်တွယ်ပြောရပါတယ်၊ မင်းအဖေက ငါ့ကို အထင်လွဲတာပါ၊ သူ ဖြစ်သွားရတာ မတော်တဆ ပါကွာ"

သို့ ဆေးဖိုးထောင်က ငါးဖိုးထောင်ကိုကြည့်၍ ပြောလေ တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ခင်ဗျားတို့အားလုံး ပြဿနာမဖြစ်ခင် ကိုယ့်အသိစိတ်တွေ ကိုယ်ပြန်ထိန်းကြပါတော့ဗျာ၊ မတော်တဆဖြစ်ခဲ့တဲ့ကိစ္စကိုလည်း နားလည်လိုက်ကြပါ"

"နို့ပေမင့် သူ့ကို ဘယ်လိုပြောရမလဲ"

သို့ ပြောလာသူသည် တစ်ဖက်လာပ် ဒူးလေးကိုင်မှဆိုး ဖြစ်ချေတော့၏။

"ဘာကိုလဲ"

ကျွန်တော်က မေးလိုက်၏။

"သူ့ကို သူသူငယ်ချင်းတွေက မျက်စိလပ်အဖေရဲ့ သားရယ်လို့ နှိမ်ခေါ်နေကြတာကြောင့် သူ့စိတ်ဆင်းရဲနေရတယ်လေ၊ သူ့စိတ်ဆင်းရဲမှု ပြေပျောက်ပါစေဆိုပြီး ခုလိုလုပ်ဖို့ အားလုံးက ဆုံးဖြတ်ဝိုင်းလုပ်ကြတာပါ"

သို့ဆိုတော့ ကျွန်တော်သည် ငါးဖိုးထောင်နား ကပ်သွားလိုက်ကာ . . .

"စိတ်မကောင်း မဖြစ်ပါနဲ့ကွာ၊ မင်းအဖေကို တစ်ဖက်လပ်အခေါ်ခံရတာ ရှက်စရာ နာကြည်းစရာ မဟုတ်ပါဘူး၊ အတိတ်ကံဝဋ်ကြွေးကြောင့် ဖြစ်ရတာပါ၊ တကယ်ဆိုရင် မင်း သူ့မျက်လုံးကို ထိုးဖောက်လိုက်မယ်ဆိုရင် မင်း လူမဆန်ရာကျ သွားလိမ့်မယ်၊ ပြီးတော့ သူတစ်ဖက်သားကို နာကျင်အောင်လုပ်မှုရယ်၊ ခန္ဓာကိုယ်ပျက်အောင် လုပ်မှုရယ်ကြောင့် အပြစ်ဒဏ် ကြာကြာခံရမယ့်အပြင် နောက်ဘဝမှာလည်း ညည်းဝင့်ကြွေးကို ပြန်ဆပ်ရလိမ့်မယ်"

သို့ ကျွန်တော်က ငါးဖိုးထောင်ကို ပြောလိုက်၏။ သူ နားလည် မလည်တော့ မသိပါချေ၊ သူ့ဆန္ဒကို ပံ့ပိုးသူအားလုံးကတော့



သူ ကျွန်တော့်ကို နားလည်လေးစားသောအကြည့်ဖြင့် ကြည့်လာကြချေတော့သည်။

သူတို့သည် စဉ်းစားဆာတဲ့သောလူကြီးတွေ မဟုတ်ပါကလား။

စာဖတ်ပရိသတ်အား လေးစားကြိုးစားလျက်

ကိုပိုက်

(11-1-2009)

1:48 PM

BURMESE CLASSIC

www.burmeseclassic.com